www.burmeseclassic.com

# မမသဒ္ဒါပေါင်

## ငြိုးသူ့ရင်မှာ

(အချစ်ဝတ္ထုချင်းဝတ္ထုသစ်)



BURMESE CLASSIC .com

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ပြေးသူ့ရင်မှာ

မမသဒ္ဒါမောင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကန်ရေပြင်ထက်မှ လှိုင်းကြက်ခွပ်လေးတွေကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိသည်။ လေတဖြူးဖြူး တိုက်ခတ်နေသောကြောင့် ဆံနွယ်ရှည်တွေက တလွင့်လွင့်။ ထိုင်နေသည့်တိုင် လေအဝေ့မှာ လုံချည်အနားစလေးက တဖျပ်ဖျပ်လှုပ်ခတ်နေလေသည်။ ရင်ထဲမှာရော မုန်တိုင်းထန်နေတာပဲ မဟုတ်လား။

"ခုနစကားကို မောင်ကြားအောင် သေချာ ထပ်ပြောပါလား အသက်"

ရင်ထဲမှာ ဆို့နင့်လာမှုကြောင့် မျက်ဝန်းမှာ မျက်ရည်တို့ အိုင်ထွန်းလာ၏။ ဟင့်အင်း . . . သူမ ငို၍မဖြစ်ပါ။ သူမ မျက်ရည်ကျမိသည်နှင့် အစီအစဉ်တွေက ကပြောင်းကပြန်တွေ ဖြစ်ကုန်လိမ့်မည်။ နူးညံ့သိမ်မွေ့လွန်းသည့် မောင့်နှလုံးသားကို ခက်ထန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မာကျောအောင် သူမ ပြုလုပ်ပေးရမည်လေ။

"ထားကို . . . ထားကို . . . မေ့လိုက်ပါ"

မောင့်ထံမှ တက်ခေါက်သံသဲ့သဲ့မျှ ကြားလိုက်ရပြီး ဟက်ခနဲရယ်ချလိုက်သံကို ကြားလိုက်ရလေသည်။ ဒါ . . . လှောင်ရယ်လိုက်တာပေါ့။ မောင့်မှာ ဒီလိုစရိုက်တွေ အစကရှိခဲ့ဖူးတာမှ မဟုတ်တာဘဲ။

"မောင် အံ့သြလို့မဆုံးဘူး အသက်။ အသက်ဟာ မောင့် ချစ်သူအစစ်မှ ဟုတ်ပါလေစ။ ပြောတော့ဖြင့် အသက်ရဲ့အသက်နဲ့ ထပ်တူ မောင့်ကိုချစ်မြတ်နိုးတာပါဆို။ မောင်သာမရှိရင် ဒီလောကကြီးမှာ အသက်ဆက်မရှင်သန်ချင်တော့ဘူးဆို။ မောင့်ရင်ခုန်သံတွေနဲ့ထပ်တူ အသက်ရဲ့နှလုံးသားလည်း အတူခုန်ပေါက်နေတာပါဆို။ ဒီစကားတွေကို ပြောခဲ့တာ ဘယ်သူလဲ"

"အားလုံးကို မေ့ပေးပါလို့ ထား တောင်းပန်နေတာပါ မောင်။ ပြီးခဲ့တာဟွေကို အစပြန်ဖော်မနေပါနဲ့။ လက်ရှိအခြေအနေကိုပဲ မောင် လက်ခံပေးပါ"

"တောက် . . . ပေါ့ပေါ့လေးပဲလား။ ပြောစမ်းပါဦး။ မောင်က ဘာဖြစ်နေလို့လဲ။ ဘာတွေလိုအပ်နေလို့လဲ။ ဘယ်လိုပြစ်ချက်



တွေရှိနေလို့လဲ။ မင်း သေချာစဉ်းစားကြည့်ရဲ့လား အသက် . . . ဟင်"

"ထား . . . ဘာကိုမှ မပြောချင်တော့ပါဘူး။ ထား ပြောချင်တာတစ်ခုပါပဲ။ အဲဒါ မောင် ထားကို မေ့ပစ်လိုက်ပါ"

"သတင်းတွေကြားတုန်းကတော့ မဟုတ်လောက်ပါဘူးလို့ မောင် ထင်ထားခဲ့တာ။ အခုတော့ တကယ်ကိုဖြစ်နေတာပါလား။ ပြောစမ်းပါဦး အသက်ရဲ့။ မင်းနဲ့လက်ထပ်မယ့်လူက မောင့်ထက် ဘာများသာနေလို့လဲ"

"မပြောပါနဲ့"

"ကလေးတစ်ယောက်အဖေ မုဆိုးဖိုကို မင်း ဘာတွေမက်ပြီးယူမှာလဲ။ ဒီလူက မောင့်ထက် ဘာတွေများထူးခြား သာလွန်နေလို့လဲ . . . ပြောစမ်းပါဦး။ မင်းဘဝကို ဒီလူ့လက်ထဲ ဝကွက်အပ်မယ်မှန်း ကြိုသိထားရဲ့သားနဲ့ ငါ့ကို ချစ်ဟန်ဆောင်ခဲ့တာ ဘာသဘောလဲ"

"မောင် . . . မောင် . . . အဲဒီလိုမပြောပါနဲ့"

"မပြောလို့ရမလားကွ။ ငါက ခံစားနေရတဲ့လူ။ မင်းလို အသည်းမာတဲ့လူမဟုတ်ဘူး။ ငါက ချစ်တတ်၊ မြတ်နိုးတတ်ကြောင်

www.burmeseclassic.com

www.burmeseclassic.com



နာတတ်၊ ခံစားတတ်တယ်ကွ။ မင်းကွာ . . . နှုတ်ဖျားက ပြောခဲ့တဲ့ စကားကို အာမမခံနိုင်ဘဲ မျက်နှာပြောင်တိုက်ပြီး တခြားတစ်ယောက်နဲ့လက်ထပ်ဖို့ ပြောထွက်ရက်တာ ငါ အံ့ဩလို့မဆုံးတော့ဘူး။ မင်း မရှက်ပေမယ့် ငါ သိပ်ရှက်တယ်"

"မောင်"

"ငါ သိလိုက်ပြီ သက်ထားရွှေစင်။ မင်းဟာ အသည်းနှလုံးမရှိတဲ့ မိန်းမ။ မာယာသိပ်များတဲ့မိန်းမပဲ"

"တော်တော့ . . . တော်ပါတော့"

သူက ခေါင်းကိုမော့၍ ဟားတိုက်ရယ်ချလိုက်လေ၏။ ထိန်းထားသည့်ကြားမှ သူမ၏မျက်ရည်တို့က ဒလဟောစီးကျလာလေသည်။ နှလုံးသားတစ်ခုလုံး ကြေမွအက်ကွဲနေသည့် ဝေဒနာတနင့်တပိုးကို ပွေ့ပိုက်ခံယူနေရတာကိုတောင်မှ သူ ကိုယ်ချင်းမစာနာတတ်ပါလား။ ရင်နာလိုက်တာ . . . ရင်နာလိုက်တာ မောင်ရယ်။ မောင့်စကားတွေက ထားနှလုံးသားကို တစ်စစီဆွဲဖွဲ့နေသလို ပါပဲလား။

"ဟင်းဟင်း . . . အင်းပေါ့လေ . . . ဘာမဟုတ်တဲ့ ငါ့လိုလူထက် အတွေ့အကြုံများတဲ့ မုဆိုးဖိုက မင်းအပေါ်မှာ ကြင်နာမှု



ပိုပေးနိုင်မှာဆိုတော့"

"မစော်ကားနဲ့"

"ဖြန်း"

သူမ၏လက်တစ်ဖက်က မရည်ရွယ်ပါဘဲ သူ့ပါးပေါ် ကျရောက်သွားသဖြင့် သူ့မျက်ဝန်းမှ အံ့ဩရိပ်တွေ ထင်ဟပ်လာလေ၏။ ပြီးတော့ နာကြည်းမုန်းတီးမှု ဒေါသအခိုးအလျှံများ ထွက်ပေါ်လာလေသည်။

"ဒါ . . . မင်း မြတ်မြတ်နိုးနိုး နမ်းရှိုက်ခဲ့ဖူးတဲ့ ပါးပြင်နော် သက်ထားရွှေစင်"

"မပြောပါနဲ့ . . . ဘာမှမပြောပါနဲ့တော့ . . . ထား . . . ထား တောင်းပန်ပါတယ် မောင်ရယ်"

"ကျေးဇူးတင်တယ် သက်ထားရွှေစင်။ ငါ့ဆီမှာ မင်း ပေးလိုက်တာတွေ များနေပြီ။ ပထမအချစ် . . . ဒုတိယအမုန်း . . တတိယနာကျင်မှုတွေပဲ။ အေး . . . အဲဒါတွေအတွက် တစ်နေ့နေ့မှာ မင်း နောင်တကောင်းကောင်းရစေရမယ်။ ရဲရင့်ဟာ ဘယ်အရာကိုမှ လွယ်လင့်တကူ မယူတတ်ခဲ့ဘူး။ အေး . . . ဘာကိုမှလည်း လွယ်လွယ်ကူကူ မမေ့တတ်ဘူး။ ဒီနေ့ကို မင်း မှတ်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက် ငါ့ကိုချစ်လှပါချည်ရဲ့ဆိုတဲ့မိန်းမတစ်ယောက်က သူ့ အမြတ်တနိုးတန်ဖိုးထား နမ်းရှိုက်ခဲ့ဖူးတဲ့ ပါးပြင်ကို ရက်ရက်စက်စက် ရိုက်ခဲ့တယ်ဆိုတာ ဒီကန်ကြီးက သက်သေထူလိမ့်မယ်။ ငါ သွားတော့မယ် သက်ထားရွှေစင်။ မင်း သိပ်နေချင်တဲ့ရင်ခွင်မှာ တစ်သက်တာ နေနိုင်ပါစေ။ ငါကတော့ မင်းကို လုံးဝမမေ့ဘူး။ အဲဒီလို မမေ့တာဟာ တမ်းတလွမ်းဆွတ်တဲ့ ချစ်ခြင်းတွေနဲ့ မေ့လို့မရတာမျိုးတော့ မဟုတ်ဘူး။ နာကြည်းမုန်းတီးစိတ်တွေနဲ့ ခါးသည်းစွာ မေ့မရတာကို မင်း နားလည်"

သူ ဆတ်ခနဲ ကျောခိုင်းထွက်ခွာသွားတော့ သူမ ထိုင်ခုံပေါ် ပြန်ထိုင်ချလျက် ချုံးပွဲချ ငိုကျွေးလိုက်မိတော့သည်။ ဒီနေ့၊ ဒီရက်၊ ဒီနေရာ၊ ဒီအချိန်မှာ အသက်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ချစ်ခြင်းတွေကို မြှုပ်နှံသင်္ဂြိုဟ်လိုက်ရပါပြီ မောင်ရယ်။

× × ×



ဒဓဝ . . .

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ . . .
Venus ရဲ့
ဆုလာဘ်တစ်ပါးဆိုရင်
အချစ်နတ်သမီးရဲ့လက်ထဲကို
ပြန်ဆက်သလိုက်ပါရစေ . . .

အချစ်ဆိုတာ . . .
နတ်ဆိုးတစ်ပါးရဲ့
ကျိန်စာတစ်ခုဆိုရင်
အဲဒီကျိန်စာထဲမှာ
မျက်စိမှိတ်သေလိုက်ပါရစေ . . .

အချစ်ဆိုတာ . . .
နလုံးသားရဲ့
အဆိပ်တစ်ခွက်ဆိုရင်
အငြိုးထားသူရဲ့ရှေ့မှာ
ဒူးထောက်မျိုချလိုက်ပါရစေ . . .

အချစ်ဆိုတာ . . .

www.burmeseclassic.com

www.burmeseclassic.com



Escalator ပေါ်တက်လိုက်စဉ် သူမဘေးမှ အပြေးတက်သွားသည့် (၁၈)နှစ်အရွယ် ကလေးမလေး သုံးယောက်ကို ဖျတ်ခနဲလှည့်ကြည့်၍ ပြုံးလိုက်မိသည်။ ဩော် . . . ဒီအရွယ်လေးတုန်းက သူမလည်း လွတ်လပ်စွာ ပျော်မြူးခဲ့တာပဲလေ။ အလယ်ထပ်ရောက်လာတော့ ညာဘက်ကို ခြေဦးလှည့်ရင်း Shwe Sin Gem House ထဲ ဝင်လာခဲ့၏။ ကောင်တာနောက်မှာ ရပ်နေသည့် တင်မာလတ်က ပြုံး၍ နှုတ်ဆက်လိုက်လေသည်။

"ထားကတော့လေ . . . ဘယ်အချိန်ကြည့်ကြည့် အမြဲကျက်သရေရှိနေတာပဲ"

"အလတ်ရယ် . . . မြှောက်ပြောမနေပါနဲ့။ ဘာစားချင်လို့လဲ။ စားချင်တာသာ မှာစားလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောနေတာပါကွယ်။ လတ်တို့ ဘယ်လိုပဲ ဆံပင်ဖြတ်ကောက်ဖြောင့် ထားက နကို နတာပါ။ မသိတဲ့လူဆိုရင် ထားကို အသက်အစိတ်လောက်ပဲ ထင်နေမှာ"

"အလတ်ကလည်းလေ"

"ထား ဒီမှာတစ်နေကုန်နေမလို့လား"

"မနေနိုင်ပါဘူး အလတ်ရယ်။ FMI ကို သွားစရာရှိသေးတယ်"

"အင်း . . . ပြည့်စုံတဲ့သူတွေ ကျပြန်တော့လည်း ငြိမ်ငြိမ် မနေရပါလားနော်။ ရှာပြီးရင်း ရှာလိုက်ရတဲ့ငွေ"

"ကဲ . . . တော်ပါတော့ မရွှေလတ်ရယ်။ ရှင်က ရှေ့က ညည်းနေရင် ထားမှာ ငိုချဖို့ပဲကျန်တော့တယ်။ ဒီလ ဘာ Design တွေ အသစ်ထွင်ထားလဲ"

"အီတလီ made တွေပဲ ပိုရောင်းကောင်းလို့ ထပ်လုပ်ထားတယ်။ Fancy ဆန်ဆန်လေးတွေပေါ့။ သေးသေးမျှင်မျှင်လေးတွေ။ ဈေးလည်း သင့်တယ်။ လှလည်းလှတော့ လူငယ်တွေ သိပ်ကြိုက်ကြတယ်"

ဆိုင်ထဲသို့ မိန်းကလေးသုံးယောက်ဝင်လာသဖြင့် အလတ်က စကားကို ဖြတ်လိုက်ပြီး လှည့်လိုက်ရ၏။



"ဟော . . . သမီး ဒါဒါပါလား"

"အန်တီလတ် . . . ဒါဒါမှာထားတာရပြီလားဟင်"

"ရပြီသမီးရဲ့ . . . လာ . . . ခဏထိုင်စောင့်ပါဦး။ အန်တီ သွားယူပေးမယ်"

"ဟုတ်"

ကောင်တာရှေ့ ကတ္တီပါအုပ်ထားသည့် ခုံမြင့်လေးပေါ်မှာ ထိုင်လိုက်ပြီး ဒါဒါတို့ မမချောချောလေးကို ပြုံးပြလိုက်ပါ၏။

"သစ်သစ်ရေ . . . အဒေါ် သုံးပုလင်းဖွင့်ကွယ်"

"ဟုတ်ကဲ့ပါ အန်တီထား"

"နေပါစေ မမ။ ရပါတယ် အားနာစရာကြီး"

"ကြော် . . . Customer တွေအတွက် ဒီလိုဧည့်ခံမှုမျိုးတော့ ရွှေဆိုင်တိုင်းရှိပါတယ် သမီးရယ်။ Orange ပဲ။ သောက်လို့ဖြစ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ မမ"

အရောင်းစာရေးမလေး လာချပေးလိုက်သည့် အအေးပုလင်းတို့ကို သူမက ကလေးမလေးတွေရှေ့သို့ ရွှေ့ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သုံးဆောင်ပါဦးကွယ်"

"ကျေးဇူးနော် မမ"

မမချည်းခေါ်နေသည်မို့ သူမ မပြုံးမိဘဲမနေနိုင်တော့ပေ။ ဘယ့်နှယ် အဒေါ်အရွယ်ကို အစ်မလို့ခေါ်နေရတာလဲ။ သူမဝတ်ထားတာ မြေကြီးရောင်ရင်ဖုံးလက်စကနှင့် အုန်းခွံရောင်အင်ဒိုနီးရှားပါတိတ်ပါ။ ဒီလောက် အရောင်ရင့်ရင့်ဝတ်လာတာတောင် အရွယ်က နုနေတုန်းလား။ ဆံပင်က French Role ထုံးထားတာမို့ လူကြီးပုံပေါ်မှာပါလေ။

"မမက ပြုံးလိုက်တာ ပိုချစ်ဖို့ကောင်းသွားတာပဲ"

"ပေါတော်...ဟင်းဟင်း...ကဲပါ။ ဘောက်ချာရေးရင် Discount တစ်ခါတည်းချပေးလိုက်ပါ့မယ်"

"အာ . . . ဒါဒါက တကယ်ပြောနေတာပါ မမရဲ့၊ ဈေးလျှော့စေချင်လို့ မြှောက်ပြောတာ မဟုတ်ပါဘူး"

သူမ ပြုံးရုံသာ ပြုံးနေမိတော့သည်၊ ခဏအကြာ အလတ်က ဘူးလေးတစ်ဘူးကို ယူ၍ ကောင်တာပေါ်မှာ ဖွင့်လိုက်၏။ ကတ္တီပါဗန်းအနက်လေးထဲသို့ Platinum pendent ေ းတွေကို စီ၍ပြလိုက်လေသည်။



"ဟယ် . . . အများကြီးပဲတော့။ ဒါဒါ့မှာ ဒီလောက်ပိုက်ဆံဘယ်ပါပါ့မလဲ အန်တီလတ်ရဲ့"

"ကျန်တာ နောက်မှလာယူပေါ့ ဒါဒါရဲ့"

"ဟာ . . . အန်တီလတ်က Show Case ထဲထည့်လိုက်ရင် သူများတွေ ယူသွားမှာပေါ့"

"သမီးယူမယ်ဆိုရင် အန်တီ ဖယ်ပေးထားနိုင်းပါ့မယ်"

"ဒါဒါက အကုန်ယူချင်တာ မမရဲ့"

သူမ တအံ့တသြဖြစ်သွားရ၏။ ဩော် . . . ငွေကို ရေလိုသုံးနိုင်တဲ့ ကလေးတွေပါလား။ သူမတို့တုန်းကဖြင့် ဒီလောက်အထိ ငွေကိုင်ဖို့မပြောနှင့်။ ဒီလို Show room တွေထဲ မဝင်ရဲအောင်ကို ရှိန်ခဲ့ရတာ မဟုတ်ပါလား။

"ဒါဒါ...ထားနဲ့ အန်တီလတ်က သက်တူရွယ်တူ သူငယ်ချင်းတွေပါ သမီးရဲ့"

"ဟုတ်လား . . . ဒါပေမဲ့ မမက အရွယ်ကိုတင်တာလေ အန်တီလတ်ရဲ့၊ မမခေါ်လို့ နာမကာစ်ရဘူးလေ"

အလတ်က သဘောတကျရယ်မောလိုက်ပါ၏။ ဒါဒါက ဗန်းထဲမှ အရောင်အသွေးမျိုးစုံကို ဘာရွေးရမှန်းမသိ ဗျာများနေ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"လှလိုက်တာနော် . . . အကုန်လုံးယူရင်တော့ ဖေဖေ ဆူတော့မှာပဲ"

"တစ်မျိုးကို တစ်ရောင်စီယူလိုက်ပါလား သမီးရယ်။ ကဲ အန်တီပဲ ရွေးပေးပါ့မယ်။ ဒီမှာ Sapphire (နီလာ)၊ Emerald (မြ)၊ Amber (ပယင်း)၊ Coral (သန္တာ)၊ Topaz (ဥဿဖယား)၊ Spinel (အညှံ့ပန်း)၊ Jet (မဟူရာ) . . . အရောင်မတူ Design မတူတာ လေးတွေ ကြိုက်ရဲ့လား သမီး"

"ဟုတ်ကဲ့"

"အလတ်ရေ . . . တွက်ပေးကွယ်။ ပြီးရင် three percent discount လုပ်ပေးပါ"

"အာ . . . များတာပေါ့ မမရဲ့။ two လောက်လေးပဲ နုတ်ပါ အန်တီလတ်"

"ဩော် . . . ငွေချေမယ့်သူက discount ကို လျှော့နိုင်းရတယ်လို့ အံ့ပါ့သမီးရယ်။ အားလုံးပေါင်း ငါးသိန်းလေးသောင်း သုံးထောင်"

"ငါးသိန်းလေးသောင်းပဲ ပေးပါသမီး"



"အား . . . ဒါဆိုရင်တော့ ပါသမျှပြောင်ပြီ။ ခဏနော် မမ။ ဒါဒါ ကိုကို့ကို ငွေလာပို့ခိုင်းဦးမယ်။ အား . . . Handphone မေ့ကျန်ခဲ့ပြန်ပြီ"

ကျောပိုးအိတ်လေးထဲ ဟိုရှာ ဒီရှာ လုပ်နေသဖြင့် ကလေးမလေးကို သူမ Handphone ထုတ်ပေးလိုက်ပါ၏။

"အန်တီ့ဖုန်းနဲ့ပဲ ဆက်လိုက်လေ သမီးရဲ့"

"ဟင်းဟင်း . . . အားနာလိုက်တာ မမရယ်"

"ရပါတယ် . . . ဆက်ပါ"

ကောင်မလေးက ဖုန်းကို တတောက်တောက်နှိပ်ရင်း သူမရင်ဘက်ပေါ် အကြည့်ရောက်နေ၏။

"ဟဲလို . . . ကိုကိုလား။ ဒါဒါပါ . . . အင်း . . . Shopping Centre မှာ ရောက်နေတယ်။ အလယ်ထပ် . . . Shwe Sin Gem House မှာလေ။ ဟုတ်တယ် . . . ဒါဒါ ငါးခုပဲယူလာလို့ အခု လိုနေတာပေါ့။ ဟာ . . . ဘယ်ဖြစ်မှာလဲ . . . အောက်ထပ်မှာ ကစားဦးမှာ။ သုံးခုယူလာပေးကွာ . . . နော် . . . ကိုကိုပဲ ပေးပြီး ပစ္စည်းယူသွားတော့။ ပစ္စည်းက ခုနစ်ခုနော် . . . အင်းအင်း . . . ဒါပဲ"

ဖုန်းပိတ်လိုက်ပြီး နှစ်သိန်းလေးသောင်းကို ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



ထက်မှာ တင်ပေးလိုက်၏။

"ကိုကို သုံးသိန်းလာပို့မှ ပစ္စည်းကိုပေးလိုက်ပါနော် မမ။ အဟင်း . . . ဒါဒါတို့ အရမ်းဆော့ချင်နေလို့ မစောင့်တော့ဘူး"

"ရပါတယ် သမီးရဲ့"

"ဟိုလေ . . . မမဆွဲထားတဲ့ ဆန္ဒင်းမကောင်းပုံလော့ကတ်က ဘာကျောက်လဲဟင်။ စိုလက်နေတာပဲ"

"ဩ . . . အန်တီ့အကြိုက်လေ သမီးရဲ့။ Garnet (ဥဒေါင်) ပါ"

"လှလိုက်တာ။ ဒါဒါ့ကိုလည်း နောက်တစ်ခါ အဲဒီကျောက်လေးနဲ့ design လေးလုပ်ပေးပါဦးနော်"

"ကောင်းပါပြီရှင်"

"ဒါဖြင့် ဒါဒါသွားလိုက်ဦးမယ် မမ။ အန်တီလတ်ရေ တာ့တာ"

"တာ့တာပါ . . . ကျေးဇူးကမ္ဘာပါရှင်"

ကောင်မလေးတွေထွက်သွားတော့ သူမက ဘူးရှည်ရှည်လေးထဲမှာ လော့ကတ်လေးတွေကို သေချာရိုတ်၍ စီထည့်ပေးလိုက်ပါသည်။



"သူ့အစ်ကိုလာရင် ဖွင့်ပြလိုက်ဦးနော် အလတ်။ ထား သွားတော့မယ်"

"အင်း . . . ဩော် . . . မေ့တော့မလို့။ နောက်တစ်ပတ် Sunday ငါ့အဒေါ်တို့အိမ်မှာ ဆွမ်းကျွေးရှိတာ လာဖို့မေ့မနေနဲ့ဦးနော် ထား"

"ထား မှတ်မိပါတယ် အလတ်ရယ်။ ဘယ်နေ့ ဘာအလုပ်လုပ်ရမယ်ဆိုတာ ထားမှာ List ရှိပြီးသား။ ကဲ . . .သွားပြီ"

သူမ Handbag အညိုလေးကိုလွယ်၍ Show room ထဲမှ ထွက်လာခဲ့၏။ Escalator နားလျှောက်လာစဉ် အနောက်မှ တစ်စုံတစ်ယောက်က ပစ်တိုက်လိုက်သဖြင့် တွန်းချလိုက်သလို ဖြစ်ကာ လူက လည်ပြီး အတက်လှေကားဘက် ယိုင်ကျသွားရသည်။ မျက်စိထဲ ပျာခနဲဖြစ်သွားကာ သူမခန္ဓာကိုယ်က လူတစ်ယောက် ရင်ခွင်ထဲကျသွား၏။ ထိုလူက သူမကို အသာထိန်းမတ်၍ အပေါ်ကို အသာပြန်တက်လာသည်။

"မ . . . တော်တော်လန့်သွားတယ်ထင်တယ်။ တစ်ခုခု သောက်လိုက်ပါလား။ အလန့်ပြေလေ"

သူမ ခြေဖျားလက်ဖျားတွေ အေးစက်လာပြီး ရင်ခုန်

www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် ထိုလူဆွဲခေါ်လာရာ စားသောက်ဆိုင်ခန်းထဲ အလိုလို ရောက်ခဲ့ရလေ၏။

"ထိုင်နော်... Strawberry milk shake နှစ်ခွက်ပေးပါ"

ဖျော်ရည်ရောက်လာတော့ သူမ ဖျော်ရည်ကို နှစ်ငုံမျှ သောက်လိုက်ပြီးမှ ရှေ့မှာထိုင်နေသည့်လူကို မော့ကြည့်လိုက်မိ၏။ ဘုရားရေ... မောင်မှ မောင်အသေးစားလေးပါလား။ မတူတာဆိုလို့ ချာတိတ်၏ဘယ်ဘက်မေးစေ့မှာ ရှိနေသည့် မှည့်နက်လေး တစ်ခုသာ။ ကောင်လေးက ညာဘက်မျက်ခုံးလေးတစ်ဖက် ပင့်တက်သွားပြီး ဟက်ခနဲ တစ်ချက်ရယ်လိုက်ပါ၏။ အို... ရယ်လိုက်တာက အစ မောင်နဲ့ချွတ်စွတ်တူနေတော့တာပါပဲ။

"ကျွန်တော့်ကို မှတ်မိအောင် သေချာကြည့်လို့ဝပြီဆိုရင် မ နာမည်လေး ပြောပြပါဦး"

"ဟင်"

သူမ သတိဝင်သွားလျက် မျက်နှာရဲသွားရ၏။ ဟုတ်သားပဲ။ လိုအပ်သည်ထက် အချိန်တော်တော်ကြာအောင် ကြည့်နေမိတာ ပြောပြီပေါ့။ အမူအရာပျက်ချင်နေတာကို မနည်းထိန်းလိုက်ရသည်။ ဒုက္ခပါပဲ။ မောင်နဲ့ပတ်သက်လာတိုင်း လှုပ်ခတ်



ခံစားခဲ့ရသည့် သူမနှလုံးသားက မောင်နှင့် ဆင်တူရုံကလေးတစ်ယောက်ရှေ့မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ရတယ်လို့။ ရှက်ဖို့ကောင်းလိုက်တာနော်။

"အန်တီက... အန်တီက ဒေါ်သက်ထားပါ"

"မ... ဘာဖြစ်လို့ "မ" လို့မသုံးချင်ရတာလဲ"

"ကွယ်... သားထက် အန်တီက အနှစ် နှစ်ဆယ်လောက်ကြီးနေတာကို။ အန်တီ့အသက်က လေးဆယ်နားနီးနေပြီလေ"

"ဟုတ်လို့လား "မ" ရဲ့ မညာကောင်းဘူးနော်"

သူမ အသာပြုံးလိုက်မိသည်။ ဘယ်သူ့ကိုပြောပြော ဒီလိုပဲ မယုံချင်ကြဘူးလေ။

"ကျေးဇူးအများကြီးတင်ပါတယ်ကွယ်။ သားရဲ့နာမည်ကရော..."

"ကျွန်တော့်နာမည် ကျော်စွာပါ"

"ဩော်... ကျောင်းပြီးပြီလား သား"

"ဟင်းဟင်း... ကျွန်တော်က ကျောင်းကို ပြီးအောင် ဆက်မတက်ဖြစ်ဘူး "မ" ရဲ့ ဆယ်တန်းအောင်ပြီးကတည်းက

www.burmeseclassic.com

www.burmeseclassic.com



သဘော်သလိုက်သွားတာလေ။ ပြန်ရောက်တာ သိပ်မကြာသေးဘူး"

"ဟုတ်လား . . . အန်တီသွားစရာလေးရှိလို့ ခွင့်ပြုဦးနော်။ အအေးဖိုး အန်တီရှင်းပေးခဲ့မယ်"

"နေပါစေ "မ"။ ကျွန်တော်ပဲ ပေးလိုက်ပါ့မယ်"

"ဒါဖြင့် သွားဦးမယ်နော်။ နောက်တွေ့ရင် ခေါ်ပါ သားရယ်"

"ဟုတ်ကဲ့ပါ မ"

ကျောခိုင်းထွက်သွားသည့် မမချောချောလေး၏နောက်ကျောကို ငေးကြည့်ရင်း ကျော်စွာနလုံးခုန်သံတွေက အခုချိန်ထိ မြန်နေတုန်းပါလား။ ဒါ . . . ဘာကြောင့်များပါလဲ။

× × ×



ကုမ္ပဏီစည်းဝေးပွဲခန်းမထဲမှာ ထိုင်နေစဉ် အတွင်းရေးမှူး ဦးမင်းနိုင်၏တင်ပြမှုကြောင့် သူမ သက်ပြင်းရှိုက်လိုက်မိသည်။ ဩော် . . .အဆင်မပြေမှုများနှယ်။ ရှယ်ယာတူလုပ်ငန်းဝေဘင်မှ ဖျက်သိမ်းရတော့မလို ဖြစ်နေပါရောလား။

"အဲဒီတော့ . . . ကျွန်တော်တို့ ရှယ်ယာစုကို ထပ်မံတိုးချဲ့ပြီး စုဖို့လိုအပ်လာပါပြီ။ ခက်တာက တစ်ဖက်ကုမ္ပဏီက တစ်ဦးတည်းပိုင်ဖြစ်သလို တမင်ကြီးကို လိုက်တိုက်ခိုက်နေတာက ပိုဆိုးတာပါပဲ။ ရှိလက်စ (၁၅)ဦးထက် လူပိုများရင်လည်း မကောင်း။ ဒီတော့ ရှယ်ယာထပ်ရောင်းဖို့ အစီအစဉ်ကို ရပ်ပြီး တစ်ဦးကို အနည်းဆုံး (၅၀၀)စီ ထပ်ထည့်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါကို သဘောတူရင်တော့ ကျွန်တော်တို့ကုမ္ပဏီမှာ ဆက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ပါ။ သဘောမတူတဲ့သူရှိရင်တော့ ရှယ်ယာကို ဒီဇင်ဘာလမှ ပြန်ထုတ်ခွင့်ပြုပါမယ်လို့ ပြောကြားရင်း အစည်းအဝေးကို ရပ်ပါ ရစေခင်ဗျာ"

ဘုရားရေ သိန်း (၅၀၀)တဲ့၊ သူမ ဘယ်လိုရှာရမလဲ၊ ရှိတဲ့ငွေလေးတွေ မပျောက်ပျက်အောင်တောင်မှ ရွှေဆိုင်လေးကို ခြစ်ချုပ်ပြီး ဖွင့်ဖြစ်ခဲ့ရတာ၊ အိမ်က သားတော်မောင်က သူ့အဖေ ပစ္စည်း သူ့ပစ္စည်းဆိုပြီး သုံးဖြုန်းပစ်နေတာ ဘယ်လောက်ကြာနေ ပြီလဲ၊ ကိုကျော့ညီမ မြသွေးရောင်ကအစ တူကို မြှောက်ပင့်ပေး ပြီး အလိုတူအလိုပါ သုံးဖြုန်းနေတာလေ။

စိတ်ရှုပ်ထွေးမှုတို့ကြောင့် ခေါင်းထဲမှာ ကိုက်ခဲလာရ၏။ ကားကို စက်နှိုး၍ မောင်းထွက်ခဲ့စဉ် Handphone မှ အသံမြည်လာ သဖြင့် ဖွင့်လိုက်သည်။

"မာမီလား . . . ကျွန်တော်ပါ"

"ပြောလေ သား"

"ဒီမှာ ပြဿနာတက်နေလို့၊ အဲဒါ မာမီ လာခဲ့လို့ရ မလား"

"ဘာဖြစ်လဲသား၊ မာမီ ရင်ထိတ်လာပြီ သားရယ်"



"ကျွတ် . . . သိချင်ရင် အခုချက်ချင်း မာမီလာခဲ့ပေါ့။ ရွှေတောင်ကြားထဲမှာပဲ"

"အေး အေး"

သူမကားကို ခပ်မြန်မြန်မောင်း၍ ရွှေတောင်ကြားလမ်း ထဲ ချိုးချလိုက်၏။ တွေ့ပါပြီ၊ ကားနှစ်စီး ခေါင်းချင်းဆိုင်၍ အပြင် ထွက်ရပ်နေသည့် နေမင်းကျော်ခေါင်ကို အဝေးမှပင် မြင်နေရ သည်။ သူမ ကားနှင်စီးနောက်မှာ ကားကို စက်ရပ်၍ဆင်းလိုက် ပါ၏။

"ဘယ်လိုဖြစ်တာလဲ မင်းမင်းရယ်"

"မြင်တဲ့အတိုင်းပဲ၊ ဒီမှာ ညှိမရလို့ မာမီကိုခေါ်လိုက်တာ၊ အဲဒါ မာမီဆက်ရှင်းတော့၊ ကျွန်တော် လစ်တော့မယ်"

မင်းမင်းက ပါဂျဲရိုးကားပေါ်တက်၍ ဝူးခနဲမောင်းထွက် သွားတော့၏။ ရပ်ထားသည့်ကားရှေ့က တော်တော်ချိုင့်ဝင်ကာ မီးလုံးနှစ်လုံးစလုံးလည်း ကွဲနေပါရောလား၊ ခက်တော့တာပဲ၊ အသက်အန္တရာယ်မဖြစ်တာတောင် ကံကောင်း။ သူမ ကားပိုင်ရှင် ကို လှည့်အကြည့် အံ့သြသွားရပြန်၏။ ဗုဒ္ဓေါ . . . ကျော်စွာဖြစ်နေ ပါရောလား။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ . . . မရဲ့သားလား"

"ဟုတ်တယ်"

"ကျွန်တော် ယုံတောင် မယုံဘူး။ မတို့သားအမိက ရုပ်ရော စရိုက်ပါ ပြဒါးနဲ့သံပဲ"

"ဟင်း . . .ပြောမနေပါနဲ့တော့ သားရယ်။ ကဲ . . . ကားကို အနော်တီ့အသိဝပ်ရှော့မှာ အပ်ပေးပြီး အိမ်မှာ ငွေလိုက်ယူပါ"

"ကျွန်တော် လျော်ကြေးမယူချင်ပါဘူး။ ဒါပေမဲ့ ဒီကားက ဖေဖေ့ကားဖြစ်နေတယ် မရဲ့ "မ"သားက ဘီယာတွေ မော့ထားပုံရတယ်၊ အန္တရာယ်ဖြစ်မှာ မစိုးရိမ်ဘူးလား။ နည်းနည်းပါးပါး ဆုံးမထားမှပေါ့"

သူမ ဝေ့ကက်လာသည့်မျက်ရည်တွေကို ပုတ်ခတ်သိမ်းဆည်းလျက် မသက်မသာပြုံးလိုက်မိ၏။ ဆုံးမဖို့နေနေသာ သာ လေသံတောင် မာခွင့်မရှိတာ မင်းမသိပါဘူး ချာတိတ်ရယ်။ သူမ Handphone ခလုတ်တွေကို နှိပ်လိုက်ပါ၏။

"ဟဲလို . . . ကိုချင်မီလား။ ထားပါ . . . မဟုတ်ဘူး။ ထားကားက ဘာမှမဖြစ်ဘူး။ ဖြစ်တဲ့ကားက သူများကား။ ဟင့်အင်း ထားကားနဲ့တိုက်တာမဟုတ်ပါဘူး။ မင်းမင်းရဲ့ ကားနဲ့ပါ။



အင်း . . . အဲဒါလာဆွဲမှာလား။ မောင်းလို့ရပါတယ်။ လာယူနိုင်းလိုက်တော့ အဆင်ပြေတာပေါ့။ မီးလုံးက တော်တော်ရှေးကြီးမှာ။ နှစ်လုံးစလုံးပဲ။ အင်းအင်း . . . ဒါဆို ဒါပဲနော်"

တအောင့်အကြာမှာ ပရာဒိုကားတစ်စီး ရောက်လာပြီး ကားပေါ်မှ လူနှစ်ယောက် ဆင်းလာ၏။

"သားရဲ့ကားသော့ ပေးလိုက်နော်"

"ဟုတ်ကဲ့"

ကျော်စွာက ရှေ့ခန်းမှ ယူစရာရှိတာတွေကို ယူလိုက်ပြီး ကားသော့ကို ပေးလိုက်ပါ၏။ လူငယ်တစ်ယောက်က ကျော်စွာ့ကားကို မောင်းသွားပြီး အသက်ခပ်ကြီးကြီးတစ်ယောက်က သူမအနီးမှာ ရပ်ကျန်ခဲ့လေသည်။

"ကိုယ်ဖြင့် ထားတစ်ခုခုဖြစ်ပြီလားဆိုပြီး ရင်ထိတ်သွားတာပဲကွာ"

"ထားက အမြဲသတိရှိပါတယ် ကိုချင်မီရယ်"

"ပြောလို့မရဘူးလေ။ ထားက ရောဂါသည်မဟုတ်လား။ ထားများ ရောဂါဖောက်ပြီး ဖြစ်ကုန်ပြီ ထင်သွားတာပေါ့"

"အခုလို စိုးရိမ်ပေးတဲ့အတွက် ကျေးဇူးပါပဲ ကိုချင်မီ။

www.burmeseclassic.com

www.burmeseclassic.com



ကားပြင်ပြီးမှပဲ ထားနဲ့ တွေ့ကြတာပေါ့။ အခုတော့ ကိစ္စလေးရှိလို့ ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ ထားရယ်"

ကျော်စွာ ဦးချင်မီကို တစ်ချက်ကြည့်လိုက်ပြီး "မ"ကား ရှေ့ခန်းမှာ ဝင်ထိုင်လိုက်၏။ ဒီလူကြီးမျက်လုံးတွေက "မ"ထံကကို မခွာတော့ပါလား။ ကား မောင်းထွက်လာခဲ့တာတောင် ရပ်၍ငေး ကျန်ခဲ့တုန်း။ ကျော်စွာ သက်မတစ်ချက်ကို ချလိုက်မိလေသည်။

"အန်တီ တောင်းပန်ပါတယ် သားရယ်။ တကယ်လို့ သား ဖေဖေနဲ့ပြောလို့အဆင်မပြေရင် အန်တီကိုယ်တိုင် လာ တောင်းပန်ပါ့မယ် . . . နော်"

"နေပါစေ "မ"ရယ်။ ရပါတယ်။ ကားကိုလည်း သွားပြန် မယူပေးပါနဲ့။ ကျွန်တော်ပဲ သွားယူလိုက်ပါ့မယ်"

"အို . . .မဟုတ်တာ"

"မနဲ့ဦးချင်မီက ရင်းနှီးတာကြာပြီလား"

"အန်တီ့အမျိုးသားရှိစဉ်ကတည်းက အိမ်မှာ ဝင်ထွက် သွားလာခဲ့တဲ့သူပါ။ အစ်ကိုတစ်ယောက်ဆိုရင်လည်း မမှားပါဘူး။ ဘာဖြစ်လို့လဲ သားရဲ့"



"ဟင့်အင်း . . . "မ"အမျိုးသားက အခု မရှိတော့ဘူးပေါ့ ဟုတ်လား"

"အင်း . . . ကိုကျော်ဆုံးသွားတာ ငါးနှစ်ကျော်ပြီ သားရဲ့"

"ဪ"

ကားလေးက ခြံကျယ်ကြီးထဲကို ချိုးကွေ့ဝင်ရလိုက်၏။ အိမ်ထဲမှ မျက်နှာဖေါက်မာမာနှင့် အမျိုးသမီးတစ်ယောက် ထွက် လာလေသည်။

"ထား . . . နင်သွားစရာမရှိတော့ရင် နင့်ကား ငါ ယူသွား မယ်"

"ယူသွားလေ မြရဲ့။ ထား အလုပ်တွေပြီးနေပါပြီ"

ထိုမိန်းမက ကျော်စွာ့ကို စူးခနဲ တစ်ချက်ကြည့်လိုက်ပြီး ကားမောင်းထွက်သွားတော့သည်။

"ခဏထိုင်ဦးနော် သား။ အန်တီ အခုပဲ ပြန်ဆင်းလာခဲ့ မယ်။ သမီးနွယ်နီရေ . . . ဒီမှာ ဧည့်သည်ဖို့ အဖေအေးလေး လုပ် ပေးပါကွယ်"

"ဟုတ်ကဲ့ပါ အန်တီထား"

သူမ အပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်သွားပြီး မီးခံ

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာထဲမှ ငွေ(၅)အုပ်ကို အိတ်ထဲ သေချာထည့်၍ ပြန်ဆင်းလာခဲ့၏။

"ဒီမှာနော် သား။ အကယ်၍ မလောက်ဘူးဆိုရင် ဖုန်းပဲ ဆက်ဆက်၊ အိမ်ကိုပဲလာလာ ထပ်ပြီးတောင်းပါ။ အားမနာပါနဲ့"

"အများကြီးပဲ "မ"ရယ်။ ဒီလောက်မလိုပါဘူး"

"မီးလုံးက ဒီမှာရှိချင်မှတောင်ရှိမှာ သားရဲ့။ ယူသွားလိုက်ပါကွယ်။ အန်တီက သားကို အားနာနေတာ။ အဖေနဲ့ပြဿနာ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ။ ဒီမှာ အန်တီ့ Visiting card နော်။ ဖုန်းနံပါတ်ပါ ပါပြီးသား။ အိမ်လည်း ရောက်ဖူးပြီဆိုတော့ သား လာလို့လွယ်ပါတယ်"

"ဟုတ်ကဲ့"

ကျော်စွာ ဧည့်ခန်းရှိ မင်္ဂလာဆောင်နံရံတပ်ပုံကို အအေးသောက်ရင်း တစ်ချက်မော့ကြည့်ဖြစ်၏။ သတို့သားက ကြည်နူးစွာ ပြုံးသလောက်၊ သတို့သမီး၏မျက်ဝန်းမှာက မျက်ရည်တွေ ဝဲလို့ပါလား။ နောက်တစ်ပုံမှာက (၈)နှစ်အရွယ် ကလေးတစ်ယောက်က မင်္ဂလာဆောင်နံကြားမှာ ဝင်ထိုင်၍ ရိုက်ထားလေသည်။



"အဲဒါ သားရဲ့ဒယ်ဒီလေ၊ သားက သူ့ဒယ်ဒီ အလိုလိုက်ထားတော့ နည်းနည်း . . . အင်း . . . တော်တော့်ကို ဆိုးတယ်လို့ ဆိုရမှာပေါ့"

ကျော်စွာ တစ်ချက်ပြုံးလိုက်မိပြီး ကိုယ်တစ်ပိုင်းပုံ ရိုက်ထားသည့် "မ"ပုံကြီးရှေ့မှာ အသာရပ်ကြည့်နေမိ၏။ ကြည့်စမ်း ဘယ်လောက်ကျက်သရေရှိလိုက်တဲ့အလှလဲ၊ လေအဝေ့မှာ ခါးလယ်ခန့်ရှိသည့် ဆံနွယ်တွေ လွင့်ဝဲကာ ရှက်ပြုံးလေး ပြုံးနေလိုက်ပုံက ဂန္ထဝင်ဆန်ဆန်၊

"ဒါ . . . အန်တီ (၁၈)နှစ်တုန်းကပုံလေ သားရဲ့"

"မင်းမင်းက မရဲ့သားမဟုတ်ဘူးပေါ့"

သူမ တစ်ချက်ငိုင်သွားရ၏။ မျက်ဝန်းထဲမှာ မိထွေး မလိုချင်ဘူးဟု ကျုံးအော်ခဲ့သည့် ကလေးလေး၏ပုံရိပ်ကို သူမ ပြန် မြင်ယောင်နေမိသည်။

"မင်းမင်းဟာ ကိုကျော့်သားဆိုပေမယ့် အန်တီ့သားပါပဲကွယ်။ အန်တီ့မှာက ဒီသားလေး တစ်ယောက်ပဲ ခင်တွယ်စရာရှိတာလေ"

"ကျွန်တော် စိတ်မကောင်းပါဘူး "မ"ရယ်၊ တကယ်ပါ

www.burmeseclassic.com

www.burmeseclassic.com



“မ”နဲ့ရင်းနှီးခွင့်ရတာ ဘာမှမကြာလိုက်ပေမယ့် “မ”ရင်ထဲက ခံစားချက်ကို ကျွန်တော် နားလည်နေပါတယ်”

“ကျေးဇူးတင်ပါတယ် မောင်ကျော်စွာ”

“ကျွန်တော့်ကို သားလို့မသုံးဘဲ ကျော်လို့ ခေါ်ပေးပါလား ဗျာ”

“သားက အန်တီ့ထက် . . .”

“ကျွန်တော် “မ”ဆီက ဒီတစ်ခုလေးပဲ တောင်းဆိုပါရစေ”

“ကောင်းပြီလေ . . . ဖြစ်ပါတယ်”

“ပြီးတော့ “မ”လို့ပဲ “မ”ကပြန်သုံးပေးပါ”

သူမ ကျော်စွာ့မျက်နှာကို ငေးခနဲကြည့်မိ၏။ ဖြစ်ပါ့မလား။ မောင်သာသိရင် သူ့သားကို ဒီလိုဆက်ဆံရမလားဆိုပြီး သူမကို ရန်လုပ်နေမှ အခက်။

“မအတွက် တော်တော်ခဲယဉ်းနေလို့လားဟင်”

“မဟုတ်ပါဘူး”

ကျော်စွာ လှစ်ခနဲပြုံးလိုက်စဉ်မှာ သူမ ဆိုဖာထက် ထိုင်ချလိုက်ရ၏။ ချာတိတ်ရယ် . . . ကိုယ်က မင်းအဖေနဲ့မှ ရွယ်တူပါ



ကွယ်။

“ကျွန်တော် ပြန်လိုက်ဦးမယ် မ”

“အင်း”

သူမ ခေါင်းညိတ်မိလိုက်သလား ခေါင်းခါမိလိုက်သလား တောင် သတိမထားမိတော့ပါ။ သတိဝင်လာမိတော့ စားပွဲပေါ်မှ ငွေထုပ်က ဒီအတိုင်းကျန်နေခဲ့၏။ သက်မတစ်ချက်ကို ခပ်လေးလေး ချလိုက်ပြီး ငွေထုပ်ကိုယူ၍ အခန်းရှိရာဆီ တက်ခဲ့တော့သည်။ ခေါင်းထဲမှာ သိန်း (၅၀၀)ကို ဘယ်လိုရှာရမလဲ တွေးမရချိန်မှာ မင်းမင်းက လျှော်ပေါက်ရှာနေတာကိုး။ ဒီလိုစိတ်ကြိုက်သုံးဖြုန်းနေသည့် တူအရီးနှစ်ယောက်က သူမ၏စီးပွားရေးအခြေအနေကို ဘယ်လိုသိနိုင် နားလည်နိုင်မှာတဲ့လဲ။ ရွှေဆိုင်လေးက ဝင်ငွေကောင်းနေတာမို့ ခံသာနေတာ။ ကျန်လုပ်ငန်းမှန်သမျှ အရှုံးပေါ်နေရလို့ သူများလက်ထဲ ထိုးအပ်ရတော့မည့်အခြေအနေတွေ ရောက်နေတာကြာပြီလေ။

မှန်တင်ခုံထက် ထောင်ထားသည့် ကိုကျော့်ဓာတ်ပုံကို ငေးရင်း မျက်ရည်တစ်ပေါက်က စီးကျသွား၏။ ကိုကျော်ရယ် . . . ကိုကျော့်သားကို သားလိုချစ်လို့ ကိုကျော့်ညီမကို ညီမလိုချစ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဒီဒဏ်တွေကို ထား ခါးစည်းခံပေးနေတာတွေ ကိုကျော် သိမြင်နိုင်ပါရဲ့လား။ ရှိုက်သံတို့က တိတ်ဆိတ်ငြိမ်သက်နေသည့် အခန်းထဲမှာ တီးတိုးပျံ့လျက်။

× × ×



"ဘာ . . . ကားရှေ့တစ်ခုလုံး မွမွကြေသွားတာတောင် လျော်ကြေးမတောင်းခဲ့ရဘူး . . . ဟုတ်လား"

"ဟိုလူက မူးနေတော့ ကျွန်တော်လည်း ပြဿနာထပ်ဖြစ်မှာစိုးတာနဲ့ ရှောင်ခဲ့ရတာကိုး ဖေဖေရဲ့"

"ကောင်းကွာ . . . ကားနံပါတ်လေး အမျိုးအစားလေးတောင် မှတ်မထားဘူးလား"

"ဟင့်အင်း"

"ပြီးရောဟေ့ . . .မင်းကွာ ရဲရင့်သားဖြစ်ပြီး ရဲရင့်သွေးတစ်စက်မှ မရှိပါလား။ ပျော့တိပျော့ဖတ်နဲ့ ဘာကောင်လဲကွ။ ရဲရင့်တို့လည်းသလောက် ရဲရင့်သားက ခြေဖျားမပြောနဲ့ ခြေမှုန့်တောင် မမီဘူး။ အသုံးမကျတဲ့ကောင်။ အခု ကားက ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"Rainbow မှာ"

"ဟ . . . တဝေးတလံ . . . မသိဘဲနဲ့"

"အဲဒီနား နီးစပ်ရာဝင်အပ်ခဲ့တာပါ ဖေဖေရ"

"ဟင်း . . . သွားတော့ . . . သွားတော့ . . . ကြာလာရင် မင်းကို ငါ လုပ်မိလိမ့်မယ်။ တော်တော်တုံးတဲ့ကောင်"

ကျော်စွာ ဖေဖေ့ရှေ့မှ အသာလစ်ထွက်လာတော့ ဒါဒါက ဝရန်တာမှ အသာလက်ယပ်ခေါ်လိုက်လေ၏။

"ဘာလဲ"

"ဟင်းဟင်း . . . ကိုကို ဖေဖေ့ကိုသာ ညာလို့ရမယ်။ ဒါဒါ့ကို ညာလို့မရဘူး။ ညက ကိုကို ဒိုင်ယာရီရေးနေတုန်း ဒါဒါ ခိုးဖတ်ပြီးပြီ။ ပြော . . . မမအိမ်ကဘယ်နားမှာလဲ"

"ရှူး . . .ဖေဖေကြားသွားမယ်လေ။ မက ကိုကို့ကို visiting card ပေးလိုက်တယ်"

"ဩော် . . .အတော်ကောင်းတာပဲ။ ငွေထုပ်ယူဖို့ကျတော့ မေ့ပြီး၊ ဒီကတ်လေးကိုတော့ ပါအောင်သယ်လာတယ်ပေါ့လေ"

ကျော်စွာက သဘောတကျ ရယ်မောနေသဖြင့် ဒါဒါက



ကိုကို့ လက်မောင်းကို ဆွဲဆိတ်လိုက်လေ၏။

"မက သနားဖို့ကောင်းတယ် ဒါဒါရဲ့၊ သားဆိုးတစ်ယောက်ရှိတာ သူ့ခမျာ ဒုက္ခတော်တော်ခံစားနေရတာ"

"သနားပါတယ်နော်။ အဲဒီလူက ဘယ်လိုပုံလဲ"

"အသား ခပ်ညိုညိုပဲ။ ပုံစံက ဂျစ်ပစီပုံပါ ဒါဒါရဲ့။ ဘီယာနံ့က ဟောင်နေတာပဲ။ ဒါတောင် မနက် (၁၀)နာရီပဲ ရှိသေးတာ။ ဒီပုံစံဆို ညပိုင်း အနီတွေ ကစ်ချင်ကစ်မှာ"

"ဟင်း . . . မမဇော်ဘဲ့ အမြဲစိတ်ညစ်နေမှာပဲ။ မမကလည်း နော် ဘာဖြစ်လို့ ကလေးတစ်ယောက်အဖေကိုမှ လက်ထပ်ခဲ့ရတာလဲ မသိဘူး။ ဒီလောက်ယောကျ်ားတွေ ပေါနေတဲ့ ခေတ်မှာမှ"

"ဒါက လောကကြီးထဲမှာ ကိုကိုမရှိတုန်း မြားနတ်ရှင်က မြားပစ်မှားသွားတာနေမှာပါကွာ"

"အမယ် . . . ပြောပုံကိုက အပိုင်ပဲ။ မမက ကိုကို့ကို ပြန်ကြိုက်ဦးမှကိုး။ အသက် ဒီလောက်ကွာတာကို"

"ရှူး . . . တိုးတိုး . . . အလွန်ဆုံးကွာလှ (၁၈)နှစ်ပါကွာ"

"ဟွန်း . . .နည်းနည်းနောနောကွာဟာမှုလား"

"ဒါဒါကလည်း ကိုကိုက "မ"မှ"မ"ဖြစ်နေတာ သိရဲ့သား

www.burmeseclassic.com

www.burmeseclassic.com



နဲ့"

"ဟုတ်ပါပြီ။ ဒါဒါကလည်း မမကို စတွေ့ကတည်းက ချစ်မိတာပါနော်။ နောက်ဆို ကိုကိုသွားလည်ရင် ဒါဒါ့ကိုလည်း ခေါ်ရမယ်နော်"

"ဟာ . . . ရှုပ်ကရှုပ်နဲ့"

"အဲဒါဆို ဖေဖေ့ကို ပြန်တိုင်မှာ"

"မိဒါနော် . . . သစ္စာမဖောက်ကြေး"

မောင်နှမနှစ်ယောက် တိုးတိုးလေး ကျိတ်ရယ်လိုက်မိ၏။ ဦးရဲရင့် Handphone ခလုတ်များကို နှိပ်လိုက်သည်။ တစ်ဖက်မှ ဖုန်းကို ချက်ချင်း ကောက်ကိုင်လိုက်လေ၏။

"နိုင်ဦးလား . . . ငါပါ"

"ဪ . . . ပြောပါအစ်ကိုကြီး"

"သူတို့ဘက်က ဘာအခြေအနေထူးလဲ"

"ထူးတယ် အစ်ကိုကြီး။ ရှယ်ယာကို ထပ်မရောင်းဘဲ နဂို (၁၅)ဦးတည်းဆက်လုပ်မယ်။ (၅၀၀) စီ ထပ်ထည့်ရမယ်တဲ့"

"အဲဒီတော့ . . ."

"မထည့်နိုင်တဲ့သူက ထွက်ပေါ့"



"ဟင်းဟင်း . . . ဒီလိုပဲဖြစ်ရမယ်လေ။ လေလံပွဲအခြေအနေကရော"

"ကျွန်တော်တို့အားလုံးရလိုက်တယ်။ ဒါကြောင့် သူတို့တွေ ပျာကုန်တာပေါ့။ စထောင်ကတည်းက အခြေအနေကောင်းလို့ ရှယ်ယာထပ်ခေါ်ရင်း (၁၅)ယောက်ဖြစ်သွားတာပဲလေ"

"မင်း . . . ဘာလိုချင်လဲ"

"နေပါစေ အစ်ကိုကြီး။ ကျွန်တော့်ကို Handphone လဲ ပေးပြီးပြီပဲ။ တစ်ခုတော့ ရှိထားယ်နော်။ သူတို့ကို လိုက်တိုက်နေတာ မာန် မှန်း သိတယ်"

"သိပါစေ . . . ထိပ်တိုက်တိုးလေ ကောင်းလေပဲ"

"ဟိုလေ . . . အစ်ကိုကြီးသားရဲ့ကားကိစ္စ ကျွန်တော် စုံစမ်းပြီးပြီ"

"တော်လိုက်တဲ့ကောင်ပါလား။ ငါ ခုလေးတင်ပဲ ဒီကောင့်ကို ဆူပြီးပြီ။ ဘယ်သူတဲ့လဲ"

"နေမင်းကျော်ခေါင်"

"ဘာ"

"ဒေါ်သက်ထားရွှေစင်ရဲ့သား နေမင်းကျော်ခေါင်ပါ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး"

"တောက်"

"ဒေါ်သက်ထားက္ဆ လျော့ပါတယ်။ အစ်ကိုကြီးသားက ယူ မသွားတာပါ"

"ကောင်းကွာ . . . စုမှ ဝေသန္တရာလက်သစ်နဲ့တိုးနေတာကိုး"

"အစ်ကိုကြီး ဘာဖြစ်ချင်လဲ။ ကားတစ်စီး အသစ်ပြန်လဲပေးလို့ ပြောချင်လား"

"နေတော့ နိုင်ဦး။ ဒီတစ်ခါတော့ ရှိပါစေတော့။ အချိုကြီးကျမှ ငါ အပိုင်ရိုက်မယ်"

"ဒါဆိုရင် ကျွန်တော် သူတို့ချိန်းထားတဲ့ မြေကွက်တွေ အခြေအနေသွားကြည့်ဦးမယ် အစ်ကိုကြီး"

"အေး . . . နေရာကောင်းရင် တစ်ခါတည်း ငွေချေခဲ့။ ဒါပဲ . . . ဒါပဲ"

သူ ဖုန်းကိုပိတ်လိုက်ပြီး ဆိုဖာကို မှီထိုင်လိုက်၏။ သက်ထားရွှေစင် . . . မင်းအတွက် တဖြည်းဖြည်းနဲ့ ဘောင်ကျဉ်းနေပြီ မဟုတ်လား။ အခုဆို မင်းရဲ့လုပ်ငန်းတွေကို ငါ သိမ်းလာခဲ့တာ



ငါးခု ကျော်နေပြီနော်။ ဟိုမနိုင် ဒီမနိုင်နဲ့ မင်း ဗျာများနေတဲ့သတင်းတွေ ငါ အမြဲကြားပါတယ်။ မင်း စိတ်ညစ်နေပြီလား။ ငါတို့ပွဲက မပြီးသေးဘူးနော်။ ငါက မင်းနှလုံးသား မကွဲမချင်း ငါ့လုပ်ရပ်တွေ ရပ်တန်းက ရပ်မှာမဟုတ်ဘူး။

နေမင်းကျော်ခေါင်တဲ့လား။ မင်းရဲ့ ဝမ်းမနာသားကို ငါ ပစ်မှတ်ထားလိုက်ပြီ သက်ထားရွှေစင်။ မင်းရဲ့ စုပုံထားတဲ့ ချစ်ခြင်းတွေ စုဝေးရာဆီ ငါ အရောက်ပစ်မှာပါ။ ငါ မြင်ချင်တာ မင်းရဲ့ နောင်တမျက်ရည်တွေ။ ပြီးတော့ . . .လက်နက်ချ အရှုံးပေးတဲ့ အကြည့်တွေကိုပေါ့။

သူ ခြောက်သွေ့အက်ကွဲစွာဖြင့် ဟားတိုက်ရယ်မောလိုက်မိ၏။

ဝရန်တာမှာထွက်ရပ်နေရင်း အောက်မှ ဥဒဟိုသွားလာနေသည့် ကားတွေကို အကြောင်းမဲ့ ငေးမောနေမိ၏။ အလတ်က ကော်ဖီနှစ်ခွက် ဖျော်၍ထွက်လာသည်။

"ဖြစ်နိုင်ပါ့မလား ထားရယ်။ လူတူတာလည်း ဖြစ်ချင်ဖြစ်မှာပါ။ ငါနဲ့ဆိုင်မှာတွေ့လိုက်သေးတာပဲ။ ကောင်လေးကတော့ ငယ်ပုံရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ထား မမသီတာကနေတစ်ဆင့် သိခဲ့တာ အလတ်ရဲ့ ဟုတ်တယ် . . . သူ့သားနဲ့သမီးပဲ။ ကျော်စွာရဲရင့်နဲ့ နန္ဒာရဲရင့်ဆိုရင် သူတို့အပေါင်းအသင်းထဲမှာ မသိတဲ့သူမရှိ။ Star လေးတွေပေါ့"

"ဒုက္ခပဲ။ သူ့ကားကိစ္စနဲ့ နင့်ကိုပြဿနာရှာရင် ဘယ့်နယ် လုပ်မလဲ။ တော်ကြာ ကားတစ်စီးလုံး အသစ်ပြန်ဝယ်ပေးဆိုရင် အနည်းဆုံး သုံးလေးရာနော်"

သက်ပြင်းငွေ့ငွေ့ကို ချလိုက်မိ၏။ ကိုကျော်ရှိစဉ်တုန်းက မသိမသာ တိုက်ခိုက်မှုတို့သည် ယခုတော့ သူမထံ အရှိန်အဟုန် ပြင်းထန်စွာ အပြေးလာနေပါရောလား။ လုပ်ငန်းတွေ ရောင်းပစ်ခဲ့ ရတာ ဘယ်နှစ်ခုတောင် ရှိနေပြီလဲ။

"ဘယ်တတ်နိုင်မလဲ အလတ်ရယ်။ ဝယ်ပေးဆိုရင် လည်း ဝယ်ပေးရမှာပေါ့"

"ဟယ် . . . လောလောဆယ်တောင် နင် (၅၀၀)လိုနေ တာနော်"

"ထားလည်း အဲဒါကို ခေါင်းခြောက်နေတာ။ ငွေတွေက လုပ်ငန်းတွေထဲ မြုပ်နေတာလေ။ အင်း . . . ကိုဂျင်မီကိုပဲ အကျိုး အကြောင်းတိုင်ပင်ဦးမှပါပဲ"



"ကြည့်လည်းလုပ်ပါဦး ထားရယ်။ ကိုဂျင်မီက အရင်လို မဟုတ်တော့ဘူးနော်။ နင့်အပေါ် မရိုးတော့ဘူး"

"သူက လူလွတ်ပဲ အလတ်ရယ်"

"ဩော် . . . နင်က ခေါင်းညိတ်လိုက်မလို့လား"

"ဟင်း . . . တော်ပါ အလတ်ရယ်။ ထားမှာ သားတစ် ယောက်လုံး ရှိပါသေးတယ်။ သား စိတ်ညစ်ရမယ့်အလုပ်မျိုး ထား မလုပ်ပါဘူး။ ပြီးတော့ ထားက နဂိုကတည်းက အိမ်ထောင်ပြုချင် ခဲ့တာမှ မဟုတ်တာဘဲ"

"နင်ကဖြင့် တစ်သားတည်း သားနေ။ ဟိုကဖြင့် နင့်ကို မိထွေးလို့ပဲ မြင်လာခဲ့တာ နှစ်နှစ်ဆယ်ကျော်နေပြီ။ ငွေတောင်း တဲ့အချိန်လေးပဲ မာမီပစ်ခေါ်တတ်တာ ငါ အသိဆုံး"

"သားက စိတ်ရင်းလေး မဆိုးရှာပါဘူး အလတ်ရယ်။ သူ့ အဒေါ်က ကြားမှာ ခလောက်ဆန်နေလို့ပါ။ ထားအပေါ်မှာလည်း သံယောဇဉ်ရှိရှာပါတယ်"

"ပြောပေ့ . . . ပြော . . . ငါတော့ စောင့်ကြည့်ဦးမယ်"

မပြုံးချင်ပြုံးချင်ဖြင့် ပြုံးလိုက်မိပြီး အလတ်တိုက်သည့် ကော်ဖီခါးစိမ့်စိမ့်လေးကို အသာမှုတ်၍ မော့သောက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အင်း ည (၈)နာရီတောင် ကျော်နေပါရောလား။

"ထား ပြန်ဦးမယ် အလတ်ရယ်၊ ဒီအခန်းကျဉ်းကျဉ်းလေးထဲမှာ အသက်ရှုကျပ်တယ် ထင်ရပေမယ့် ထား စိတ်ချမ်းသာတာ အမှန်ပါ။ အိမ်မှာတော့ တစ်ခုမဟုတ် တစ်ခု အမြဲစိတ်ညစ်နေရတာပါပဲ။ မြလည်း ဘာတွေလုပ်နေမှန်း မသိပါဘူး။ ဘကျထဲထည့်ပေးထားတဲ့ငွေတွေလည်း ထုတ်သုံးနေတာ တတိတိနဲ့ ကုန်နေပြီ"

"သေချာစုံစမ်းကြည့်ဦး ထားရေ၊ တော်ကြာမှ မရှုနိုင်မကယ်နိုင်နဲ့ ကျော်မကောင်း ကြားမကောင်းကိစ္စတွေဖြစ်နေဦးမယ်။ ဥပဒေနဲ့မလွတ်ကင်းတာက အဆိုးဆုံးနော်"

"အေးပါ . . . ထားသွားပြီနော်"

"အေး . . . ကားကို သတိထားမောင်းဦး"

အောက်ဆုံးထပ်အထိ လေှကားမှဆင်းလာပြီး ကားတံခါးကို သော့ဖွင့်၍တက်လိုက်၏။ တစ်ဖက် ကော်ဖီဆိုင်ထဲမှ ကြည့်နေမိသည်မို့ သူမ ကားပေါ်တက်သွားတာကို သေချာမြင်နေရသည်။ သူ ကော်ဖီဖိုးငွေရှင်း၍ ကားပေါ်တက်ကာ လမ်းကူးမီးပြ၍ ကွေ့ချလိုက်စဉ် သူမ ကားလေးက ခပ်မှန်မှန်ထွက်သွား



လေပြီ။ ယခုအချိန်ထိ ပြည့်လည်း မပြည့်၊ ပိန်လည်း မပိန်ဘဲ နဂိုအတိုင်းရှိနေသည့် သူမခန္ဓာကိုယ်ဟန်က အရွယ်ကို နပ်ျုံ့နေစေသည်။ အရွယ်တင်နေတာကို လူကြီးဆန်ဆန် ရင်ဖုံးတွေ၊ ပါတိတ်တွေ ဝတ်သော်လည်း အချည်းနှီးသာ။ ဟိုစဉ်က လက်ကိုင်ပဝါလေးဖြင့် အမြဲစည်းနှောင်ခဲ့သည့် ဆံနွယ်တို့က ယခုတော့ ဆံထိုးဆန်းဆန်းလေးများဖြင့် တစ်နေ့တစ်မျိုး မရိုးစေရ။

မီးပွိုင့်မှာ ရှေ့ဆင့်နောက်ဆင့် ကားရပ်ထားရာမှ မီးစိမ်းသွားသော်လည်း ကားမထွက်သဖြင့် သူ ကားဟွန်းကို နစ်ချက်ဆင့်၍ တီးလိုက်၏။ ထိုအခါမှ ညာကွေ့အချက်ပြမီးဖွင့်၍ သူမကားလေး ညာချိုးချစဉ် သူကပါ နောက်မှလိုက်လာခဲ့မိသည်၊ သူမ၏ကားလေး ခြံထဲဝင်သွားတော့မှ သူ ကားကို လမ်းဆုံးအထိမောင်းပြီးမှ ပြန်ကွေ့ထွက်လာခဲ့၏။ ဘာတွေ ဘယ်လိုလုပ်မိမှန်းတောင်မှ ကိုယ့်ကိုယ်ကို မသိနိုင်တော့။ တက်တစ်ချက်ကိုသာ ခပ်ပြင်းပြင်း ခေါက်လိုက်မိတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းမှထွက်လာတော့ အိပ်ရာထက်မှ Hand-phone က မြည်နေသဖြင့် အမြန်ဖွင့်လိုက်ရ၏။ အမလေး . . . ချမ်းလိုက်တာနော်။ ဒီနေ့မှ ခေါင်းမလျှော်လို့မဖြစ်လို့သာ လျှော်လိုက်ရတာ။ ရေစိမ်တာများပြီး အချိန်တော်တော်ကြာသွားလေပြီ။

"ဟပ်ချိုး . . . ဟဲလို"

"မ . . . ကျွန်တော်ပါ။ မ ဖျားနေလား"

"မဟုတ် . . . ဟပ်ချိုး . . . ဆောရီးကျော်၊ ကိုယ် ခေါင်းလျှော်တာကြာသွားလို့ . . .အဲဒါ"

"ဟော . . . ဒါဆို မြန်မြန်သုတ်လိုက်လေ "မ" ရဲ့။ ကျွန်တော် နောက် (၁၅)မိနစ်ကြာမှပဲ ပြန်ဆက်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ကျော်ရဲ့"

"မရပါနဲ့ "မ" ရာ။ တော်ကြာ "မ" အဒေါ်းဝတ်ပြီး ဖျားနေဦးမယ် . . . ဒါပဲနော်"

သူမ ဖုန်းကိုပိတ်၍ ပြုံးလိုက်မိသည်။ ဩော် . . . သံယောဇဉ်ဆိုတာ ဒါပဲထင်ပါရဲ့။ ဖအေတုန်းက တွယ်တာခဲ့ရတဲ့ကြိုးက သားဆီမှာ လက်ကျန်လေးရှိခဲ့တယ်ထင်ပ့ါ။ ကျော်ရေ . . . ကိုယ်က မင်းတို့မောင်နှမနှစ်ယောက်စလုံးကို ကိုယ့်သားနဲ့သမီးလိုပဲ ချစ်ပါတယ်။ ဒါပေမဲ့ မင်းတို့နဲ့ဆက်နွယ်နေတဲ့ မင်းတို့အဖေကိုတော့ ကိုယ် ကြောက်တာ အမှန်ပဲ။ သူက အဆိပ်ပြင်းတယ်လေ။

ဆံပင်တွေကို Dryer ဖြင့် မှုတ်၍ အဝတ်အမြန်ဝတ်လိုက်ရ၏။ ဘာမှပြင်ဆင်ချင်စိတ်မရှိဘဲ သနပ်ခါးရေကျဲလေးသာ လူးပြီး ဝတ်နေကျ ပန်းကြွယ်သီးတပ်ရင်ဖုံးလက်စကအဝါလေးနှင့် ရေညှိရောင်ပါတိတ်လုံချည်ကို ဝတ်ကာ ဆံပင်တွေကို လက်ကိုင်ပဝါလေးဖြင့် အသာ စည်းနှောင်လိုက်ပါသည်။ ဖုန်းက ပြန်မြည်လာလေ၏။

"ဟဲလို . . . ကျော်လား . . . ပြောလေ"

"မ အင်္ကျီဝတ်ပြီးပြီလား"



"ပြီးပြီလေ ကျော်ရဲ့၊ ပြောစရာရှိတာ ပြောပါ"

"မအိမ်ကို လာလည်မလို့"

"အခုလား . . . အခုဆိုရင်တော့ လွဲတော့မှာပဲ။ ကိုယ် အပြင်သွားစရာရှိတယ်"

"ဘယ်သွားမလို့လဲ"

"အသိအိမ်"

"ယောက်ျားလား၊ မိန်းမလား"

"ကိုယ့်သူငယ်ချင်း အလတ်ရဲ့အဒေါ်အိမ်ပါကွယ်။ ကျော်ကလည်း . . ."

တစ်ဖက်မှ ရယ်သံသဲ့သဲ့မျှ ကြားလိုက်ရ၏။ တီးတိုးတိုင်ပင်သံကို ကြားနေရစဉ် သူမ ဖုန်းတစ်ဖက်ဖြင့် လှေကားမှ ဆင်းလာခဲ့သည်။ တစ်ဖက်မှ ဖုန်းပိတ်သွားသဖြင့် သူမ ဖိနပ်စီး၍ အိမ်ရှေ့ထွက်လာရာ ရပ်ထားသည့်ကားက ရှိမနေတော့။

"ဟောတော် . . . ကား ဘယ်သူယူသွားပြန်တာလဲ"

"အန်တီမြက ဒီနားဆိုပြီး ယူသွားတယ် အန်တီထားရဲ့"

"ဩော် . . . ဒုက္ခပါပဲ။ ခုပဲ (၁၀)နာရီကျော်နေပြီ။ သွားခါနီး လာခါနီးမှ . . . ကျွတ်"

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲသို့ နောက်ဆုံးပေါ် စလွန်းကားလေး ဝင်လာလေ၏။ ဒါ . . . ကျော်စွာ့ကားပဲ။ သူမ ငေးကြည့်နေစဉ် ကားပေါ်မှ မောင်နှမနှစ်ယောက်စလုံး ဆင်းလာလေ၏။

"ဟာ . . . မမက ဒီနေ့ အရမ်းလှနေပါလား"

"မ . . . အပြင်သွားရင် ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ဟင် . . . နေပါစေ။ အားနာစရာကြီး"

"အားနာရမယ့်လူတွေလား မမရဲ့။ အခု သွားမှာမဟုတ်လား။ လာ . . . ရှေ့ကတက်။ ဒါဒါ နောက်ခန်းပြောင်းထိုင်ပေးမယ်"

"နေပါစေ သမီးရယ်"

"လာပါ "မ" ရယ်။ မရင်းနှီးတဲ့သူတွေကျနေတာပဲ"

ဒါဒါက သူမကို အတင်းဆွဲခေါ်နေသဖြင့် ရှေ့ခန်းမှာတင် တက်ထိုင်လိုက်ရ၏။ ကားလေးက စက်သံညက်ညောစွာဖြင့် တစ်ဖက်ထွက်ပေါက်မှ ကွေ့ထွက်လာသည်။

"ဟား . . . ကားတစ်စီးလုံးကို သနပ်ခါးနံ့လေး မွှေးသွားတာပဲ။ ရင်အေးလိုက်တာ မမရယ်"

"ရှင်မတောင်အစစ်ဂိုး သမီးရဲ့၊ အသက်လေးရလာလေ သနပ်ခါးကို ရှင်မတောင်၊ နံ့သာဖြူ၊ ကရမက်၊ တောင်တံကြီး



စသဖြင့် ပိုကြိုက်လာတယ်လေ"

"ဟာ . . . "မ" ကလည်းဗျာ။ ဘယ့်နှယ် အဘွားကြီးကြိုက်တွေ လျှောက်ပြောနေတာလဲ။ ပြောပါလား . . . Revelonတို့၊ Hart to heart တို့၊ Kanebo တို့၊ Follow me တို့၊ Lolane တို့ ပြောစရာတွေ အများကြီးကို"

"ဩော် . . . အသက်က စကားပြောပြီလေကွယ်။ ကိုယ်က မင်းတို့ထက် အသက်နှစ်ပြန်နှစ်ဆကြီးပြီဆိုတော့ အမြင်ကလည်း နှစ်ဆနောက်ကျကျန်ရစ်ခဲ့ပြီလေ"

"မမကလည်းနော် . . . ဒီလောက်ခေတ်မီတဲ့ Style လေးက ဘယ့်နှယ်နောက်ကျခဲ့ရမှာလဲ၊ မမက ဒါဒါတို့ထက်တောင်မှ နုနေ လှနေသေး"

သူမ သဘောတကျရယ်မောလိုက်မိ၏။ ကလေးတွေက သူမအပေါ်မှာ တော်တော်ချစ်ခင်ကြတာပဲ။

"ရောက်ပြီ ကျော်။ ရှေ့က ခြံထဲကို ဝင်လိုက်"

"ဟာ . . . ကားတွေ များလှချည်လား။ ဘာလဲဟင် မ"

"အလတ်ရဲ့အဒေါ် မွေးနေ့ဆွမ်းကျွေးလေ"

"ဟိုက် . . . ကျွန်တော်တို့က လိုက်ပြီးအချောင်စားသ္မယ်ပို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမှာပေါ့၊ အထဲလိုက်မဝင်တော့ပါဘူး"

"ဩော် . . . ရောက်ပဲရောက်နေပြီ ဝင်လိုက်ပါ ကျော်ရဲ့"

မောင်နှမနှစ်ယောက် မျက်နှာလေးရှုံ့၍ ရယ်လိုက်ကြ၏။ အိမ်ထဲဝင်တော့ သူမ ညာဘက်မှ ကျော်စွာဝင်တွဲ၍ ဘယ်ဘက်မှ ဒါဒါက ဝင်တွဲလိုက်လေသည်။

"ဟယ် . . . သမီးထား ဘယ်က မောင်တွေညီမတွေ ခေါ်လာတာတုန်း"

"တူတွေ တူမတွေပါ အန်တီသန့်ရယ်၊ မင်္ဂလာမွေးနေ့ပါနော်"

"မင်္ဂလာပါကွယ် . . . ထားပေးလိုက်တဲ့ မွေးနေ့လက်ဆောင်လေး အန်တီသန့် အရမ်းကြိုက်တာပဲ၊ ထားက ပေးတတ်လိုက်တာ၊ ဈေးက နည်းမှာမဟုတ်ဘူး"

"ဩော် . . . ထားမှာ ပေးစရာဆွေမျိုးဆိုလို့ အန်တီသန့်တို့ပဲရှိတာလေ၊ ဒီလူတွေမှ မပေးရင် ဘယ်သူ့ကို ပေးရမှာလဲ"

"လာလာ . . . ကလေးတွေနဲ့ပဲ တစ်ဝိုင်းတည်းထိုင်လိုက်နော်၊ စားနော် ကလေးတို့ . . . အားရပါးရစား၊ အားမနာနဲ့ . . . မရှက်နဲ့"



"ဟုတ်ကဲ့ပါ ကြီးကြီး"

ကတ်ကြေးကိုက်ကျွေးတာမို့ သူမက အနည်းဆုံးပန်းကန်ကို ရွေးယူလိုက်ပြီး ခေါက်ဆွဲထဲမှာရောနေသည့် အသားဖတ်များကို ဇွန်းဖြင့်ခပ်၍ ဒါဒါနှင့် ကျော့်ပန်းကန်ထဲ ထည့်ပေးလိုက်ပါ၏။ ကလေးတွေ မျက်နှာပေါ်မှာ အပြုံးတို့က လန်းဆန်းနေလျက် . . .

"မမ . . . ဒီကပြန်ရင် ဘယ်သွားစရာရှိသေးလဲဟင်"

"ဘယ်မှမရှိပါဘူး သမီးရဲ့၊ အိမ်ကို တန်းပြန်မှာပါ၊ ဩော် ကိုယ် Taxi နဲ့ပဲ ပြန်မယ် ကျော်၊ ကျော်တို့မောင်နှမ သွားစရာရှိတာ သွားနော်"

"အာ . . . "မ"ကလည်း ကျွန်တော်တို့က "မ"ကို ခေါ် မလို့ပါဆိုနေမှ"

"ဟင် . . . ဘယ်ကိုခေါ်မလို့တုံး"

သူမရင်ထဲမှာ ဒိန်းခနဲဖြည်ဟည်းသွားရ၏၊ ဘုရားရေ အိမ်ကိုဆိုရင်တော့ အကြီးအကျယ် ဒုက္ခပါပဲ။

"ကစားကွင်း . . ."

"ပေါက်ပေါက်ရှာရှာ ကလေးတွေသွားတဲ့နေရာကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က လိုက်စရာလား ကျော်ရဲ့"

"လိုက်ခဲ့ပါ မမရယ်၊ ဖေဖေက အလုပ်တွေနဲ့ မအား တော့ ဒါဒါတို့ကို တစ်ခါမှလိုက်မပို့ဘူး။ မမနဲ့ နေ့တစ်ပိုင်းလေး တော့ လည်ခွင့်ရချင်လို့ပါ . . . နော်"

"ဟင်း . . . ခက်တာပဲ သမီးရယ်"

"မခက်ပါဘူး "မ" ရာ၊ "မ" ကိုပါ ကျွန်တော်တို့နဲ့ရောပြီး ပျော်စေချင်လို့ပါ"

"ကဲ . . . လိုက်ခဲ့မယ် . . . လိုက်ခဲ့မယ်"

"ဟေး"

ဒါဒါက လက်သီးနှစ်ဖက်မြှောက်၍ အော်လိုက်သဖြင့် တခြားဝိုင်းမှ လူများက အထိတ်တလန့်လှမ်းကြည့်လိုက်မှ ရှက် သွားပြီး လျှာလေးတစ်လစ်ဖြစ်သွားလေ၏။ အတော့်ကို ချစ်ဖို့ ကောင်းသည့်ကလေးမလေးပါလားနော်၊ သူမ ဒါဒါ့ဆံပင်တိုတို လေးကို အသာဖွ၍ ဆော့လိုက်မိလေသည်။

"ထားတို့ ပြန်ပါဦးမယ် အန်တီသန်း၊ အလတ်ရော . . . ပြန်မှာလား"

"ငါ ဒီမှာ ဝိုင်းကူစရာတွေရှိသေးတယ် ထားရဲ့"



"ဒါဖြင့် ထား သွားမယ်နော်"

"အေး"

"အန်တီလတ် . . . တာ့တာ"

"တာ့တာ . . . သမီး ဒါဒါ"

ကားပေါ်ပါသွားသည့် သူမကို ငေးကြည့်ရင်း တိုက်ရှေ့ မှာ အလတ်ကျန်ခဲ့လေ၏၊ သူမက ဒါဒါနှင့်နောက်ခန်းမှာပင် ထိုင်ခဲ့တာမို့ ဒါဒါက သူမလက်ကို အသာဆုပ်ကိုင်ထားလေသည်၊

"မမအသားလေးတွေက နူးညံ့လိုက်တာနော်"

"အဟမ်း"

"ဟား . . . ဟား . . . ဟား . . . ကိုကို မနာလိုဖြစ်နေပြီ မမရေ"

ကားလေးက Fantacy World ရှေ့မှာထိုးရပ်သွားပြီး သုံးယောက်သား အထဲကို ဝင်ခဲ့ကြ၏။

"ကစားစရာရှိတာ ကစားနော်၊ ကိုယ် တစ်နေရာက စောင့်နေမယ်"

"ဟာ . . . "မ" ပါလိုက်ရမှာပေါ့။ ဟိုမှာ မိုးပျံရထား စီး မလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . မဖြစ်ဘူး။ ကိုယ် မစီးရဲဘူး ကျော်ရဲ့"

"အတူတူစီးလို့ရအောင် Roller Coster စီးမယ်လေ ကိုကို"

"အေး . . . အဲဒါကောင်းတယ် . . . လာ . . . မ"

သူမလက်မောင်းကို နှစ်ယောက်သားဆွဲခေါ်၍ Roller Coster ထဲဝင်ခဲ့၏။ တံခါးကိုင်းခနဲပိတ်ပြီး ဝူးခနဲတက်သွားစဉ် သူမ မျက်လုံးအစုံကို မှိတ်ချလိုက်မိသည်။ အသည်းလှပ်ခနဲအေးသွားစဉ် ကျော်စွာက သူမ ပခုံးကို အသာဖေးမထားလေ၏။ မူးခနဲ မိုက်ခနဲ ဖြစ်သွားပြီး တော်တော်ကြာမှ ရပ်သွားသဖြင့် တံခါးဖွင့်ကာ ဆင်းလိုက်သည်။

"မ . . . လန့်သွားလား"

"အင်း . . . ကိုယ်က Heart ရှိတယ် ကျော်ရဲ့"

"ဟာ . . . Sorry မရယ်။ ကျွန်တော်က "မ"ကို ပျော်စေချင်တဲ့စေတနာနဲ့"

"ရပါတယ်"

"ခဏလောက် ဆော့ဦးမယ်နော် မမ . . . ရဲ့လား"

"အင်း"



တခြားကစားစရာတွေကို ကစားအပြီးမှာ ဒါဒါက Dance ခုန်ပေါ်တက်၍ ကခုန်လိုက်သေးသည်။ သူမ ခပ်ပြုံးပြုံးဖြင့် ငေးနေစဉ် ကျော်စွာက ကွန်ပျူတာ Chess ခုံမှာထိုင်၍ ဆော့နေလေ၏။ သူမ ကျော်စွာ့နောက်မှာ အသာရပ်နေမိသည်။ Computer က အတော့်ကို ခပ်မြန်မြန်သွက်သွက်ဆော့နေသဖြင့် ကျော်စွာ ချွေးတွေပျံနေ၏။ ခဏအကြာမှာ ဒါဒါက သူမတို့အနီး ပြန်ရောက်လာလေသည်။ ကျော်စွာ့အကွက်တွေက တော်တော်စိပ်လာတာမို့ Computer က တဖြည်းဖြည်းကြာလေ လေးလာလေ၏။ Knight, Castle, Bishep သုံးကောင်ဖြင့် ဝိုင်းထားသည့် Black King ကို Chest ရန် တစ်ကွက်သာကျန်နေသည်ကို ကျော်စွာ မမြင်တွေ့သဖြင့် သူမ အနောက်မှငုံ၍ White Queen ကို Black King အနီးဆုံးသို့ ရွှေ့ပေးလိုက်သဖြင့် Game သွားလေသည်။

အနီးကပ်ရှုလိုက်ရသည့် သနပ်ခါးရနံ့ကြောင့် ကျော်စွာ့ရင်တွေ ပရန်းပတာ ခုန်ပေါက်နေလေပြီ။ ထိုင်ခုံမှာ အသာထိုင်၍ ငြိမ်နေလိုက်ရ၏။ အနားသို့ လာကမ်းပေးလိုက်သည့် ဘီယာဘူးကို ကျော်စွာ့ကိုယ်စား သူမ ယူထားလိုက်ပါသည်။

"ကျော် . . . သောက်လို့မဖြစ်ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို ယူသွားမယ်လေ မမ။ ဖေဖေက တစ်ခါတလေ သောက်တတ်တယ်"

"ပြီးတာပဲ . . . ဆက်ကစားကြဦးမှာလား"

"ဟင့်အင်း . . . ကစားလို့ဝပြီ"

"ဒါဆို ပြန်ကြမယ်လေ။ ကျော် . . . ထ . . . ဟယ် . . .ဘာဖြစ်နေတာလဲ"

"ဟို . . . ဘာမှမဖြစ်ပါဘူး"

"မ"အိမ်အထိ ပြန်ပို့စဉ် နောက်ကြည့်မှန်မှ မကြာခဏ ခိုးကြည့်နေမိသဖြင့် မီးပွိုင့်စိမ်းတာကို မမြင်မိပေါင်းများခဲ့ရသည်။ "မ"ကမရိပ်မိသော်လည်း ဒါဒါက ကိုကို့ကို မျက်စောင်းရွယ်၍ ကျိတ်ပြုံးနေလေ၏။ အိမ်ကိုပြန်ရောက်တော့ ခုတင်ထက် ဟိုဒီ လိမ့်ရင်း တစ်ယောက်တည်း ကြည်နူးနေမိသည်။ "မ"ရေ ကျွန်တော်တော့ ကြာလာရင် ရူးတော့မယ် ထင်ပါရဲ့။

အိပ်ရာထက်မှအသာထ၍ ဒိုင်ယာရီစာအုပ်ကို ဖွင့်လျက် ရေးနေမိသည်။ ပြတင်းဝမှ လေအေးတို့က တဖြူးဖြူး တိုက်ခတ်နေ၏။ ရေးပြီးသွားသော ညီညာသည့် လက်ရေးတို့ကို ကျော်စွာ သေချာပြန်စစ်လိုက်ပါသည်။



"မ . . .

သနပ်ခါးရနံ့လေးက အစ . . .

ကျွန်တော့်နလုံးသားကို ဆွဲကိုင်လှုပ်ခါနိုင်ရင် . . .

ကျွန်တော့်ဘဝတစ်ခုလုံးကို . . .

မ လိုရာသုံးနိုင်စေဖို့ . . .

မ လက်ထဲ ပေးအပ်ပါရစေလား . . ."

စာအုပ်ကို ပြန်ပိတ်၍ အံဆွဲထဲထည့်သိမ်းကာ အိပ်ရာထက် ပစ်လှဲချလိုက်၏။ မျက်စိကိုမှိတ်ထားသော်လည်း အာရုံမှာ ပေါ်လာသည့် "မ"ပုံရိပ်လေးကြောင့် မျက်နှာက အလိုလိုပြုံးနေမိသည်။ "မ"ရေ ဒီကောင်တော့ "မ"စိတ်နဲ့ အသက်ရှင်နေသူဖြစ်နေပါရောလား။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"သိန်း (၂၀)တောင် မများဘူးလား မြရယ်"

"(၂၀)ဆိုတာ ထားအတွက် အသေးအမွှားပါ"

"ထားမှာ မရှိလွန်းလို့ပြောနေရတာပါ မြရဲ့"

"ဟင်း . . . မပေးချင်ရင်လည်း ဒွဲပြောပါ ထားရဲ့၊ တို့က ငွေလှည့်ထားတာ မလည်သေးလို့ အကူအညီတောင်းတဲ့ သဘောပါ။ ထားမပေးနိုင်ရင် သူစိမ်းဆီမှာ အောက်ကျို့ရှုံပဲရှိတော့တာပေ့ါ။ ဟိုတလောကပဲ plastic စက်ရုံရောင်းလိုက်တဲ့ငွေတွေ မြင်လိုက်ပါသေးတယ်"

"အဲဒါတွေက တခြားမှာပြန်သုံးထားရတယ်လေ မြရယ်"

"ဒီလောက်ဆို သိပါပြီ ထားရယ်၊ တို့က ညီအစ်မလို သဘောထားလို့ အကူအညီလေးတောင်းမိတာတောင် မှားပြီ

www.burmeseclassic.com

www.burmeseclassic.com



"ဗိုင်းကြီးတွေမှာပဲ ဝင်တယ်။ ဒီမနက်ပဲ ကိုယ့်ဆီက (၁၀) ခု ယူသွားတယ်။ ထား မကူညီလို့ဆိုပြီး အပြစ်ပါဖို့သွားလေရဲ့"

"ဒုက္ခပါပဲ"

သူမ အကူအညီတောင်းဖို့ပင် မပြောနိုင်တော့ဘဲ ငိုချင်ချင် ဖြစ်သွားရ၏။ ဒါကြောင့် ငွေတွေ မတရားကုန်နေတာကိုး။

"ထား . . . ဘာပြောချင်လို့လဲ . . . ပြောလေ။ ကိုယ်ပြောလိုက်မိလို့ ထား စိတ်ညစ်သွားပြီထင်တယ်။ Sorry ကွယ်။ မြကမြ ထားက ထား သက်သက်စီပါ။ ကိုယ် မရောပါဘူး။ သူ ယူတာ သူ ပြန်ဆပ်ပါစေပေါ့"

"ကိုဂျင်မီက စဗိတ်လိုက်သလိုဖြစ်သွားတော့ ထားက စကားစဖို့ ခက်သွားတာပေါ့"

"ဘယ်လို . . . လတ်ပြောတာ ဟုတ်လား ထား"

"ထားက ကိုဂျင်မီနဲ့တိုင်ပင်ချင်လို့ပါ"

"ပြောပါထားရဲ့ အားမနာနဲ့"

"ဟိုလေ . . . ကုမ္ပဏီက ရှယ်ယာထပ်စုတယ် ကိုဂျင်မီရဲ့ အဲဒါ ငွေထပ်ထည့်ရမှာ။ ငွေကများတော့ ထားလည်း ဘာလုပ်



ရမလဲ မသိဖြစ်နေလို့ပါ။ ရှယ်ယာပြန်ထုတ်လိုက်ရင် ထားမှာ ဝင်ငွေနည်းသွားလိမ့်မယ်"

"ဘယ်လောက်တောင် ထပ်ထည့်ရမှာလဲ"

"ငါးရာ"

"ဟာ . . . များလိုက်တာ"

"အဲဒါကြောင့် ထားလည်း ခေါင်းကျိန်းနေတာ၊ ရှိထားတဲ့ လုပ်ငန်းတွေတောင် တစ်ခုပြီးတစ်ခု ရောင်းလာတာ ပဲ့ကုန်ပြီ"

"စိတ်မညစ်ပါနဲ့ ထားရယ်။ ကိုယ် ဗိုင်းစဉ်းစားပေးပါ့မယ်။ ကိုယ့်မှာ လောလောဆယ် နှစ်ရာရှိတယ်။ ကျန်တဲ့သုံးရာကို ဘယ်လိုရှာရင် ကောင်းမလဲ"

"ရက်က သိပ်နီးနေပြီ ကိုဂျင်မီရဲ့ ထားလည်း ဘာလုပ်ရမယ်မှန်း မစဉ်းစားတတ်တော့ဘူး"

"ထား အတွင်းပစ္စည်းတွေ စုပြီး ပေါင်ရင်ရော"

"ဒီလောက်ဘယ်ရမှာလဲ ကိုဂျင်မီရဲ့ ထားက ကိုကျော်ရှိစဉ်ကတည်းက ပစ္စည်းဆို သေးသေးလေးတွေပဲ လုပ်ဝတ်လာခဲ့တာ။ အပြတ်ရောင်းရင်တောင်မှ ရမှာ မဟုတ်ဘူး"

"ဒါဆိုရင် အိမ်ကို ထားရင်ရောကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဖြစ်ပါ့မလား။ မြန်နဲ့ထိပ်တိုက်တွေ့မှာ ထား စိုးရိမ်တယ်။ ဒါက သူ့အစ်ကိုနဲ့ သူ့အမွေဆိုင်အိမ်ဖလေ"

"ကဲ . . . ကိုယ်ကြံဖန်ပေးမယ် ထားရယ်။ ကိုယ့်ငွေ အခု ယူသွားလိုက်။ နောက် ကျန်တာ ကိုယ်ရှာလာပေးမယ်"

"ဟင့်အင်း . . . ထားလက်ထဲ ငွေမထားရဲဘူး။ မြန့်သား ရန်ကို ကြောက်လို့ပါ"

"လတ် ယူသွားမလား"

"အမလေး . . . ရှိကြီးခိုးပါရဲ့ ဆိုင်က ဆယ်ဂဏန်းတောင် လက်ထဲ မထားရဲဘဲ ထားသိ တစ်ခါတည်းအပ်နေတဲ့သူပါ ကိုဂျင်မီရဲ့"

"ကဲ . . . ဒါဆို ထားပြန်နားတော့။ စိတ်ရှုပ်စရာတွေ တွေး မနေနဲ့။ ထားနားမှာ ကိုယ်တစ်ယောက်လုံး ရှိပါတယ်ကွာ။ ဟုတ် ပြီလား . . . အဆင်ပြေရင် ကိုယ် ဖုန်းဆက်လိုက်မယ်။ အလွန်ဆုံး ကြာလှ ၂၇၊ ၂၈ ပဲ . . . OK လား"

"ဟုတ်ကဲ့ . . . ထား မျှော်နေမှာနော်"

ကိုဂျင်မီက သူမ စကားကို သဘောကျလျက် ရယ်မော လိုက်လေ၏။ နှစ်ယောက်သား ရွှေဆိုင်ကို ပြန်ရောက်တော့



Show Room ထဲ လျှောက်ကြည့်နေသည့် ကျော်စွာကို တွေ့လိုက် ရလေသည်။

"ဒါဒါမပါဘူးလား ကျော်"

"သင်တန်းတက်နေတယ် "မ"ရဲ့၊ "မ"တို့သူငယ်ချင်း နှစ် ယောက် ဘယ်လိမ့်သွားတာလဲ"

"ဒီလိုပဲပေါ့အေ၊ ကလေးက စပ်စုစရာလား"

"ဒါလေး မေးမိတာနဲ့ စိတ်မကောက်ပါနဲ့ အန်တီလတ်ရဲ့"

"ကောက်မှာပဲအေ . . . သက်တူရွယ်တူကို ခွဲခြားခေါ်နေ တဲ့လောက် စိတ်ဆိုးစရာကောင်းတာ မရှိတော့ဘူး . . . ဟွန်း"

ကျော်စွာက ရယ်မောလိုက်ပြီး ကောင်တာအတွင်း ဘက်ရှိ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါ၏။

"Sorry ပါဗျာ။ ကျွန်တော်က ဒါဒါခေါ်တဲ့အတိုင်း လိုက် ခေါ်မိတာပါ။ ရပါတယ် . . . မလတ်လို့ခေါ်ရင် ပိုတောင်အဆင်ပြေ သေး"

"ဒီလိုဆိုတော့လည်း မောင်ကျော်စွာလေးက တော်သွား ပြန်ရော"

"မ . . . ဘာဖြစ်နေတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး ကျော်ရယ်"

"တစ်ခုခုတော့ဖြစ်ပါတယ်။ "မ"မျက်ဝန်းမှာ သောက ပုရိပ်တွေ မြင်နေရတယ်"

"ကဲ . . . ကိုယ်တော်လေးရေ စကားအတင်းနိုက်မနေနဲ့။ အတွင်းရေးတွေက ပြောတိုင်းသင့်တာ မဟုတ်ဘူး"

"ဟာ . . . အတွင်းရေးဆို ပိုတောင်မှ သိချင်လာပြီ။ ပြောပါ "မ"ရဲ့၊ ကျွန်တော် ဖြေရှင်းပေးလို့ရချင်ရ၊ မရရင် ခေါင်းနဲ့ ဂိုင်းစဉ်းစားပေးတာပေါ့ . . . နော်"

"ရပါတယ် ကျော်ရယ် . . .နေပါစေ"

"မက ကျွန်တော့်ကို ချာတိတ်ဆိုပြီး အစွမ်းအစမရှိဘူး လို့ အထင်သေးတာလား။ ကမ္ဘာပတ်လာခဲ့တဲ့ ကောင်ပါနော်"

"ဟယ် . . . ကျော်ရယ် ကိုယ့်စီးပွားရေးကိစ္စမို့ မသိစေ ချင်တာပါ"

"ဘာလဲ . . . ဒါဆို ပြောပြမှဖြစ်မှာပေါ့"

"ဟိုဟာပါ။ ကုမ္ပဏီမှာ ရှယ်ယာထပ်ထည့်ဖို့ . . . အဲ့ဒါ"

"ဘယ်လောက်တောင်လဲ"

"ငါးရာ"



"ဩော်"

ကျော်စွာ အသာငြိမ်သွားတော့ သူမ မသက်မသာလေး ပြုံးလိုက်မိ၏။ မင်းပါရောပြီး စိတ်ညစ်သွားပြီ မဟုတ်လား ချာတိတ်ရယ်။

"ကြည့်စမ်း . . . ငြိမ်ကျသွားလိုက်တာ အရုပ်လေး ငုတ် တုတ်ထိုင်ခိုင်းထားသလိုပဲ"

ကျော်စွာက ရက်စနိုးလေးပြုံးလိုက်ပြီး သူမကို ဖျတ်ခနဲ လှည့်ကြည့်လိုက်လေသည်။

"စဉ်းစားနေတာပါ "မ"ရာ။ ယောကျ်ားတွေက မိန်းမ တွေထက် Brain ပိုပြေးပါတယ်"

"ဟုတ်ပါပြီရှင် . . . မသိပါဘူး။ ကိုယ်က မင်းပါ ကိုယ့် ကြောင့် စိတ်ညစ်သွားပြီထင်လို့ပါ"

"ဒါဆို "မ"မှားသွားပြီ။ ကျွန်တော်က ဘယ်တော့မှ စိတ် ညစ်မခံခဲ့ဘူး။ အထူးသဖြင့် "မ"နဲ့ပတ်သက်တဲ့ကိစ္စတိုင်းမှာ ပိုပြီး စိတ်ကြည်လင်သေးတယ်။ ဒီလိုပဲ "မ"ကိုလည်း စိတ်ကြည်လင် စေချင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ကျော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင် ကြေးအိုးသောက်ရအောင်နော်"

"ဟယ် . . . ကိုယ် ဒီမှာစာရင်းတွေစစ်စရာရှိတယ် ကျော် ရဲ့၊ အပြင်ထွက်လို့ မဖြစ်သေးပါဘူး"

"အပြင်မထွက်ပါဘူး "မ" ရဲ့၊ ခုနကတည်းက သစ်လွင် တို့ကို မေးထားပြီးသား။ ကျွန်တော်မှာထားတာ ရောက်လာလိမ့် မယ်"

တအောင့်အကြာမှာ ရောက်လာသည့် ကြေးအိုးကို စား ချင်စိတ်မရှိသော်လည်း ကျော်စွာ စိတ်ရမှာစိုး၍ သုံးဆောင် အတူစားဖြစ်လိုက်ပါသည်၊ သူမက စာရင်းတွေ ထိုင်စစ်နေတာမို့ ကျော်စွာက အနှောင့်အယှက်ဖြစ်မှာစိုး၍ ထပြန်သွားလေ၏။

"ထားရေ . . . မင်းမင်းဖုန်း"

"ကျွတ် . . . ဘာပြဿနာရှာပြန်ပြီလဲ မသိပါဘူး . . . ဟဲလို"

"မာမီ အားရင် ခဏလောက်လာခဲ့ပါဦး . . . ဒီမှာ . . ."

"ဘာဖြစ်ပြန်ပြီလဲ သားရယ်၊ မာမီ ဘယ်ကိုလာခဲ့ရမှာ လဲ"

"မာမီတို့နစ်လမ်းကျော်တင်ပါ"



"အေးအေး . . .အခုပဲ လာပြီ"

သူမ စစ်လက်စစာအုပ်ကို ပိတ်၍ ထရပ်လိုက်ရသည်၊ ဒီဒုက္ခတွေက ဘယ်အချိန်ထိ သူမ ခံစားနေရမလဲမသိနိုင်တော့ ပေ၊

"ထား သွားလိုက်ဦးမယ် အလတ်၊ နောက်မှပဲ စစ်ပေး တော့မယ်နော်"

"အေး . . .အေး"

နစ်လမ်းကျော်ထဲ ကားကို ကွေ့ဝင်လိုက်စဉ် မင်းမင်းနှင့် အတူ ကောင်မလေးတစ်အုပ်ကိုပါ မြင်လိုက်ရလေ၏။ ရှေ့မှာ ရပ် ထားသည့် ကားနောက်မီးလုံးအကြေတွေကို တွေ့တော့ သူမ ခေါင်းကိုက်ရပြန်လေပြီ၊ ကားပေါ်မှ ဆင်းလိုက်တော့ မင်းမင်းက သူမကို ပခုံးနစ်ဖက် တွန့်ပြလိုက်လေသည်၊

"ခက်တော့တာပဲ မင်းမင်းရယ်"

"ဒီမှာ ကိုယ့်မာမီရောက်လာပြီ။ အားလုံးရှင်းပေးလိမ့် မယ်၊ ကိုယ်သွားလိုက်ဦးမယ်နော်"

"ရှင် မသွားနဲ့ဦး။ ရှင်နဲ့ ရှင်းစရာကျန်သေးတယ်"

"သမီးရယ် . . . အန်တီ တောင်းပန်ပါတယ်၊ လျော်ဆို

www.burmeseclassic.com

www.burmeseclassic.com



ရင် လျော်ပေးပါ့မယ်၊ ဝပ်ရှော့ကိုလည်း ပို့ပေးမှာပါ။ ပြဿနာတော့ မလုပ်ပါနဲ့နော်"

"မလုပ်လို့ ရမလား အန်တီ၊ အန်တီ့သားက လွန်ကိုလွန်လွန်းအားကြီးတယ်၊ ကျွန်မတို့ကို တစ်လမ်းလုံးနှောင့်ယှက်လာတာ သင်တန်းရှေ့အထိပဲ၊ ပိုဆိုးတာက ကျွန်မသူငယ်ချင်းကို လမ်းတွေပိတ်ပြီးရမ်းကားလို့ ခြေခေါက်လဲကျတာပဲ"

"အန်တီ ဆေးခန်းပို့ပေးပါ့မယ်ကွယ်၊ အဲဒီသမီးလေးရော"

"ဟိုမှာ ထိုင်နေတယ်"

"ဟင်"

ကလေးမလေး ညွှန်ပြရာဆီ လှမ်းကြည့်လိုက်တော့ တိုက်လှေကားထစ်လေးမှာ ထိုင်နေသည့်မိန်းကလေးကို မြင်လိုက်ရလေ၏။ သူမမျက်နှာ ကွက်ခနဲပျက်သွားရလေပြီ၊ ဘုရားရေ . . . မင်းမင်းနဲ့ ပြဿနာဖြစ်တာ ဒါဒါဖြစ်နေပါရောလား။

"မမ"

"သမီး . . . ဒါဒါ"

ဒါဒါက ခြေထော့နင်းလျက် အနီးသို့လျှောက်လာလေ



၏၊ ပြီးနောက် သူမလက်မောင်းတစ်ဖက်ကို အသာဆုပ်ကိုင်ထားလိုက်လေသည်၊

"အန်တီ အားလုံးကိုရှင်းပေးမယ်နော်၊ အန်တီ့သားကို သွားခွင့်ပြုလိုက်ပါ"

"ဒါဆို . . ."

"သွားပါစေ ဝတီ၊ ကျန်တာ ငါ ဝိုင်းရှင်းပေးပါ့မယ်"

မင်းမင်းက ခပ်ထေ့ထေ့ပြုံးလိုက်ပြီး ကားပေါ်တက်မောင်းသွားလေ၏။ သူမ ဒါဒါ့ကိုယ်လုံးသွယ်သွယ်လေးကို တယုတယ ပွေ့ဖက်လိုက်မိသည်၊ ဘုရား . . . ဘုရား . . . သမီးကို ထိတာကိုများ မောင်သိသွားရင် သူမကို အမှုန့်ချေချင်မလား မသိနိုင်တော့။

"သမီးရယ် . . . အန်တီ အားနာလိုက်တာ"

"ကားမီးလုံးဖိုး ပေးလိုက်ပါမမ၊ ဒါဝတီ့ကားမို့ပါ။ ဝပ်ရှော့တစ်ခုမှာ ဝင်တပ်လိုက်ပါ ဝတီ၊ ငါ ဆေးခန်းဝင်ပြဦးမယ်"

"ဟင် . . . ခုနကဖြင့် ပြဿနာရှာမယ်လေး ဘာလေးနဲ့"

"အေးလေ . . . နင်ပဲ နစ်နာကြေးမတန်တဆ တောင်းမယ်ဆိုပြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း . . . ငါ နောက်မှပြန်ရှင်းပြပါ့မယ်ဟယ်၊ နင်တို့ကလည်း။ မမ ဒီနားက ဒေါက်တာအိန္ဒြေရဲ့ဆေးခန်းမှာပဲ ပြမယ်နော်"

"အင်းလေ . . . သမီး သဘောပါ၊ စိတ်မဆိုးကြပါနဲ့ သမီးတို့ရယ်၊ အားလုံးကို အန်တီအနူးအညွတ်တောင်းပန်ပါတယ်၊ အန်တီ့သားကလေ ဖအေက စွတ်အလိုလိုက်ထားလို့ ဆိုးလွန်းတာမို့ပါ"

"ရပါတယ် အန်တီ၊ ဒါဒါ ကျေနပ်ရင် ပြီးတာပါပဲ"

"ဒီမှာ မီးလုံးဖိုးနဲ့ ဆေးပြန်မှတ်ဖို့ပါ ယူသွားနော် သမီး"

"ဟုတ်ကဲ့ အန်တီ"

ဝတီတို့သုံးဦး ကားပေါ်တက်မောင်းထွက်သွားတော့မှ သူမ ဒါဒါကို ကားပေါ်တင်၍ ဆေးခန်းသို့ခေါ်လာခဲ့လေ၏။

"ဟော . . . အန်တီထားပါလား ဘာဖြစ်လို့လဲ အန်တီ"

"တူမလေး ခြေခေါက်လဲလို့ပါ ဒေါက်တာ"

"အိမ်အိမ့်ကို အိမ်အိမ်လို့ပဲ ရင်းရင်းနှီးနှီးခေါ်ပါ အန်တီထားရယ်၊ ကြည့်ရတာ အန်တီ အိမ်အိမ့်ကို မမှတ်မိဘူးထင်တယ်"

"မျက်နှာလေးကတော့ ရင်းနှီးနေသလိုပဲ"



ဒေါက်တာအိန္ဒြေက သွဲ့သွဲ့လေးရယ်မောလိုက်ပြီး ဒါဒါ့ခြေထောက်ကို ဆေးလူးကာ ပတ်တီးစည်းနှောင်ပေးလိုက်လေ၏။

"အိမ်အိမ်က ဦးမြတ်လှရဲ့သမီးလေ အန်တီရဲ့"

"ဩော် . . . ဟုတ်ပါရဲ့၊ အိမ်အိမ့်မျက်လုံးတွေ၊ မျက်ခုံးတွေက ဦးမြတ်လှနဲ့ တော်တော်ဆင်တာပဲ"

"ဟင်းဟင်း . . . ဒယ်ဒီ့ကို အိမ်အိမ်ပြန်ပြောလိုက်မယ်နော်"

သူမမျက်နှာ ချက်ချင်းရဲသွားရ၏။ အမလေးနော် . . . အသက် (၃၈)နှစ်ကျော်နေတာတောင်မှ သူမကို ပိုင်ဆိုင်ချင်သူတွေက ဒုန့်ဒေးရှိနေတုန်းပါလား၊ အဲဒီဦးမြတ်လှက ရှေ့ဆုံးကလေ၊ ဆေးကုသခမယူသဖြင့် အိမ်အိမ့်ကို ကျေးဇူးတင်ကြောင်း ပြောကာ ထွက်လာခဲ့၏။

"ဦးမြတ်လှဆိုတာ ဘယ်သူလဲဟင် မမ၊ ပြီးတော့ ဒီနာမည်ကြားရုံနဲ့ မမမျက်နှာ ရဲသွားတာ ဘာကြောင့်လဲ"

"ဩော် . . . ဦးမြတ်လှက အန်တီတို့ကုမ္ပဏီကို အကူအညီအများဆုံးပေးတဲ့ သူဌေးတစ်ယောက်ပါ။ မျက်နှာရဲရတာက

www.burmeseclassic.com

www.burmeseclassic.com



အင်း . . . ဘယ်လိုပြောရမလဲ . . . အဲဒီဦးမြတ်လုက အန်တို့ကို Propose လုပ်ထားတယ်လေ"

"ဟင် . . . မမက မငြင်းဘူးလား"

"ငြင်းတာပေါ့ ဒါဒါရဲ့၊ ဘယ်နေမှာလဲ၊ ဒီလိုပြောသမျှလူတိုင်းကို ငြင်းခဲ့တာချည်းပဲ။ သူတို့ကလည်း ခုချိန်ထိ စောင့်နေကြတာပဲ"

"ဟာ . . . အဲဒါတွေက ဘယ်နှစ်ယောက်တောင်လဲ"

"မုဆိုးဖိုတွေ၊ တစ်ခုလပ်တွေက ပိုများတယ်၊ လူပျိုလူလွတ်ဆိုလို့ တစ်ယောက်ပဲ"

"ဘယ်သူလဲဟင်"

"ကိုကျော့်သူငယ်ချင်းကိုဂျင်မီလေ"

"အို . . . သဘောမတူပါဘူး။ မမ နောက်အိမ်ထောင်ပြုမယ်ဆိုရင် ဒါဒါတို့နဲ့ တိုင်ပင်ပါဦး"

"အမလေး . . . ဒီအိမ်ထောင်ဆိုတာကို မစဉ်းစားချင်ပါဘူး သမီးရယ်၊ အန်တို့မှာ သားတစ်ယောက်လုံးရှိပါတယ်"

"မမသားက အချိန်တန်အိမ်ထောင်ပြုသွားရင် မမလည်း မှီခိုရာရှာချင်ရှာမှာပေါ့"



"သားသာ အခြေတကျဖြစ်သွားရင် အန်တို့မှာ မှီခိုစရာတစ်နေရာပဲရှိပါတယ် သမီးရယ်"

"ဟင် . . . ဘယ်သူ့ကိုမှီမှာလဲ"

အလန့်တကြားဖြင့် သူမလက်ကို ကိုင်လှုပ်၍မေးလိုက်သည့် ဒါဒါကြောင့် သူမ ပြုံးလိုက်မိ၏။ ဪ . . . ဒီကလေးတွေ သူမအပေါ်မှာ တော်တော် သံယောဇဉ်ကြီးကြတာပါပဲလား။

"တရားရိပ်ပေါ့ သမီးရယ်"

"ဟင် . . . အဲဒါလည်း သဘောမတူပါဘူး။ မမနော် . . . ဒါဒါတို့ကို မတိုင်ပင်ဘဲ ဘာတစ်ခုမှ မလုပ်လိုက်ပါနဲ့ဦး"

"အင်းပါ ဒါဒါရယ်၊ ဒီလမ်းနော်"

"ဟုတ်"

"မြို့ရှေ့မှာပဲ ရပ်ပေးမယ်နော်။ သမီး လျှောက်လို့ဖြစ်ရဲ့လား။ အန်တီ သွားစရာလေးရှိလို့ပါ"

"ရပါတယ် မမ။ သွားစရာရှိတာက [illegible]ကြီးတွေဆီ မဟုတ်ရင် ပြီးတာပဲ"

www.burmeseclassic.com



သူမ မအောင့်နိုင်တော့ဘဲ ရယ်ချလိုက်မိသည်။ မြို့ရှေ့မှာ အသာရပ်ပေးကာ ကားကို ပြန်မောင်းထွက်လာခဲ့၏။ သမီးရယ် အန်တီက ဘယ်ယောက်ျားတစ်ယောက်ကိုမှ လက်ထပ်ချင်ခဲ့တာ မဟုတ်ပါဘူး။ အန်တီ့ဘဝမှာ သစ္စာအရှိဆုံးချစ်သူနဲ့ သစ္စာအရှိဆုံးခင်ပွန်းကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီးကတည်းက လောကကြီးမှာ အရာအားလုံးကို ရင်ဆိုင်ရဲခဲ့ပါပြီ။ အထူးသဖြင့် မောင့်ကို သတိရမိတိုင်း ကျော်စွာ့မျက်နှာလေးကို အလွမ်းပြေကြည့်ခွင့်ရရုံလေးနဲ့ အန်တီ ကျေနပ်နှစ်သိမ့်နိုင်ပါပြီကွယ်။

မောင်ရယ် . . . ခုချိန်ထိ ထားကို နာကြည်းမုန်းတီးနေဆဲပလား။ ခုနေများ ထားကိုတွေ့ရင် မောင် ခါးခါးသီးသီး ရန်လိုနေဦးမှာပဲနော်။ မောင့်သားသမီးတွေနဲ့ သံယောဇဉ်ရှိနေတာကိုများ မောင် တစ်နေ့ သိသွားခဲ့ရင် ထားကို ဘယ်လောက်တောင်မှ ပြောလိုက်မလဲ။ ထားက . . . ထားက . . .မောင့်ရဲ့အမုန်းတွေထဲမှာ နစ်မြုပ်နေ[illegible]ခဲ့[illegible]သူပါလေ။

× × ×



"သိန်းငါးရာ . . . ဟော့ကောင်ကျော်စွာ . . . မင်း ဘာတွေလျှောက်လုပ်မလို့ သိန်းငါးရာတောင် လိုချင်ရတာလဲ"

"လုပ်ငန်းတစ်ခုထဲ ထည့်ဖို့ပါ ဖေဖေရဲ့"

"ဟာ . . . ငါ လုံးဝမယုံဘူးဟေ့။ ဒီငွေပမာဏက နည်းသလားကွ။ ငွေဆိုတာ အလကားမရဘူးနော် ကျော်စွာရဲ့ရင့်"

"ကျွန်တော် သိပါတယ် ဖေဖေရယ်။ ကျွန်တော်လည်း နဖူးကချွေး ခြေမကျအောင် ရှာခဲ့တဲ့လူပါ"

"အေးလေ . . .မင်းရှာတာ ငါးနှစ်အတွင်း အလွန်ဆုံးရှိလှ သိန်းငါးဆယ်ပေါ့။ အခု ငါ့ဆီက [illegible]ကောင်းတာ ငါးရာတောင်လေ"

"ဖေဖေကလည်း သားအဖချင်း မယုံကြည်သလိုမျိုး မပြောပါနဲ့"

"ဟ . . . ငွေကငွေ၊ သွေးက သွေးလေကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဒီလောက်တောင်မှ ချမ်းသာနေတာပဲဟာ"

"ဟေ . . . ဒီမှာ ကျော်စွာရဲရင့် မင်းမိန်းမယူလို့ အဖေ့ပေးဆိုရင် ပေးလိုက်မယ်။ ဒီကိစ္စက မသေချာမရေရာကြီး။ တော်ကြာ အရှုံးပေါ်သွားမှာ ရေထဲ ခဲလုံးပစ်ချသလို ပလုံခနဲမြုပ်သွားမယ်"

"မိန်းမယူရင် ဖေဖေ တကယ်ပေးမှာလား"

"ဟုတ်ကောင် . . . ဟုတ်ကောင် . . . မင်း ငါ့ကို ဖျက်ကျမယ် စိတ်မကူးနဲ့နော်။ ငါမင်းအဖေကွ။ ငွေလိုချင်တာနဲ့ မင်းရဲ့ Im: wife ကို ငါ့ရှေ့ခေါ်လာမပြနဲ့။ မယုံရေးချ မယုံ"

"ဟာဗျာ . . . ဖေဖေကလည်း မိန်းမယူပါတယ်ဆိုမှ ညာရမှာလား"

"ဒါဖြင့် အတည်ယူမယ်ပေါ့ . . . ဟုတ်လား။ ဘယ်မှာလဲ ငါ့ကိုပြဦး။ ငါ သဘောကျမှဖြစ်မှာနော်"

"အာ . . . ဖေဖေ သဘောကျရင် ဖေဖေယူလိုက်မှ ကျွန်တော်ဒုက္ခရောက်မှာပေါ့"

"အံမာ . . . ဖအေကိုများ အထင်သေးလို့။ ဒီမှာဟေ့ ကျော်စွာ ငါက လက်ဖျစ်တစ်ချက်တီးလိုက်ရုံနဲ့ ရှေ့မှာ တန်းစီပြီး



သား အဆင်သင့်ဟေ့။ မင်းတို့မောင်နှမကို ငဲ့ပြီးနေလာတာ (၁၀) နှစ်ကျော်နေပြီ . . . (၁၀)နှစ်"

"ဖေဖေ့အဆက်ဟောင်းကြီးကို မမေ့တာကိုများ"

"ဟေ့ကောင် . . . မင်း ဘောင်မကျော်နဲ့နော်"

ရှုံးရှုံးရှဲရှဲဖြစ်လာသည့် ဖေဖေ့ကိုကြည့်ရင်း ကျော်စွာ ရယ်ချလိုက်မိသည်။ အင်း . . . ဖေဖေဟာ စီးပွားအရှာတော် သလောက် မိန်းမတွေ့ ဝိုင်းဝိုင်းလည်နေတဲ့ရုပ်မျိုး။ သူဌေးကြီးတွေလို ဗိုက်ရွှဲရွှဲဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်မျိုး လုံးဝမရှိဘဲ သူ့ကိုယ်သူ အမြဲ နပိုအောင် Sport Shirt တွေ Pents တွေဖြင့် လှလှပပနေတတ်၍ သားဖြစ်သူနှင့် ညီအစ်ကိုလား ထင်မှတ်ချင်စရာ။ ဦးနှောက်တွေ အရမ်းသုံးရ၍သာ နားထင်နေရာမှာ ဆံပင်ဖြူလေး တစ်ချောင်း နှစ်ချောင်းမျှ မသိမသာပေါက်လာတာပဲရှိတာလေ။ ဘာပဲဖြစ်ဖြစ် အသက်လေးဆယ်စွန်းရုံလေးနှင့် အတော့်ကို အရွယ်တင်လှသည့် လူတစ်ယောက်မဟုတ်ပါလား။

"ဖေဖေ စဉ်းစားပေးပါဗျာ"

"No ပဲ။ မင်းအလုပ်က လက်ဆုပ်လက်ကိုင် ပြစရာ ဘာမှ မရှိဘဲနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ငါးကျပ်တိုးပေးမယ်ဗျာ"

"လုံးဝဥသုံဖော့"

"ဖေဖေကလည်း . . . သားအဖချင်းပဲဟာ၊ စဉ်းစားပေးလေဗျာ"

"စာရင်းမရှိဘူး ကျော်စွာရဲ့ရင့်ရေ"

သားတော်မောင် စိတ်ကောက်ပြီး ထသွားစဉ် Handphone က မြည်လာသည်မို့ သူ ဖုန်းကို ဖွင့်လိုက်၏။

"အေး . . . နိုင်ဦးလား . . . ပြော"

"အစ်ကိုကြီး သူ ရှာလို့မရလို့ ဂျင်မီက ကူညီနေပြီ"

"ဂျင်မီဆိုတာ ဟိုကောင့်ဘော်ဒါမဟုတ်လား။ ဒီကောင်က ဝပ်ရှော့နဲ့ စားသောက်ဆိုင်ပဲ ပိုင်တာလေ"

"ဟုတ်တယ်၊ သူ့မှာ ငွေနစ်ရာပဲရှိတာမို့ အိမ်နဲ့ခြံကို သုံးရာနဲ့ပေါင်ဖို့ ရှာနေတယ်"

"သူ့အိမ်လား"

"မဟုတ်ဘူး . . . ဂျင်မီ့အိမ်"

"ရက်ရောလှချည်လားကွ . . . ဟော"

"ဒီလူက သူနဲ့အရင်းနီးဆုံးလေ"



"ထင်သားပဲ၊ ကဲပါ . . . မင်းနာမည်နဲ့ပဲ အပေါင်ခံလိုက်၊ ငါးရာလုံးပေး၊ အတိုးက နှစ်ကျပ်၊ ပေါက်တယ် မဟုတ်လား"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"အေး . . . ဒီလောက်ပဲလုပ်၊ သူ့အိမ်ဆိုရင် အဲဒီခွင် ငါ ယူမယ်"

"ကျွန်တော် နားလည်ပါတယ်အစ်ကိုကြီး။ ဒါဆို ဒါပဲနော်"

"ကောင်းပြီ နိုင်ဦး"

ဖုန်းကိုပိတ်လိုက်ပြီး စားပွဲပေါ် ပစ်တင်လိုက်၏။ လသာဆောင်ထွက်ရပ်လိုက်ရင်း အတွေးတွေ ဖြန့်လိုက်မိသည်။ သက်ထားရွှေစင် မင်း ငါ့ထောင်ချောက်ထဲ တဖြည်းဖြည်းနဲ့ဝင်လာပါပြီကွာ။ မင်းနားမှာ ချောင်းနေတဲ့ ကျားတွေထက် ငါက ပိုပြီး ကြောက်စရာကောင်းတာကို တစ်နေ့ မင်း သိလာမှာပါ။

လက်ထဲမှ ဘီယာဘူးကို ဖွင့်၍သောက်လိုက်စဉ် ဒီတံဆိပ်ကို အိမ်မှာ တစ်ခါမှမဝယ်ဘူးပါလား။ ဘယ်ကရောက်လာတာလဲ၊ ကျော်စွာများ သောက်တာလား၊ ဒီကောင် ဘီယာသောက်လေ့သောက်ထ မရှိပါဘူး။ ရှုပ်ထွေးလာသည့်အတွေးတွေဖြင့် ခေါင်းကို ခါယမ်းလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



Handphone မြည်လာသဖြင့် သူမ ဖုန်းကိုဖွင့်လိုက်၏။ တစ်ဖက်မှ ကိုဂျင်မီအသံက ကြည်လင်စွာ ထွက်လာလေသည်။

"ထားလား . . . ကိုယ်ပါ"

"ပြောပါ ကိုဂျင်မီ"

"ထားရေ . . . အဆင်တော့ပြေမယ်။ ဒါပေမဲ့ ကိုယ်က မနက်ဖြန် ခရီးထွက်ရမှာမို့ မအားဘူး။ အိမ်ကိုစွ ထားကိုပဲ သွားခိုင်းရမှာပဲ"

"ဘယ်ကိုလဲဟင်"

"လူကတော့ အသစ်ပဲ ထားရဲ့ အပေါင်ခံနေကျလူတော့ မဟုတ်ဘူး။ ပွဲစားလည်း မဟုတ်ဘူး။ ကိုယ့်မိတ်ဆွေတစ်ယောက် ချိတ်ပေးတာ။ ငါးရာလုံးပေးတယ်။ အဲဒါ ထားပဲ သွားလိုက်နော်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် စာချုပ်ထားပေးခဲ့တယ်"

"အားနာလိုက်တာ ကိုဂျင်မီရယ်"

"ထားရယ် . . . ပြောရမယ့်လူတွေလား။ ကိုယ်လည်း မသွားလို့မဖြစ်တဲ့ခရီးမို့ သွားရမှာပါ။ ထားကိစ္စကို ကိုယ်တိုင် လိုက်မလုပ်ပေးဖြစ်တာကို ကိုယ်က အားနာနေတာ"

"မဟုတ်တာ ကိုဂျင်မီရယ်။ ဒီလောက်ကူညီတာပဲ တော်ပါပြီ။ ထား ကျေးဇူးတင်လို့ မဆုံးပါဘူး။ ကိုဂျင်မီ့စာချုပ်ကို ထား နှစ်လအတွင်း ပြန်ရွေးပေးပါ့မယ်"

"ထားရယ် . . . ဘာကိုရောင်းဦးမှာလဲ"

"ဒီလိုပဲပေါ့"

"ကိုယ်ပြန်ရွေးမှာပါ ထားရယ်။ ထားသွားရင် တစ်ယောက်တည်း မသွားနဲ့နော်။ လတ်ကို အဖော်ခေါ်သွားဦး။ ၃၅ လမ်း၊ တိုက် ( . . . )၊ အခန်း ( . . . ) မှာ"

"ဟုတ်ကဲ့"

"ဒါဆို ကိုယ် ဖုန်းပိတ်ပြီနော်"

"ဟုတ်ကဲ့"

သူမ ဖုန်းကိုပိတ်၍ မျက်စိကို စုံမှိတ်ထားလိုက်၏။



ကျေးဇူးတင်လိုက်တာ။ တကယ်လိုအပ်နေချိန်မှာ ကူညီပေးတဲ့ သူသာ မိတ်ဆွေစစ်တဲ့။ ဒါဆိုရင် ကိုဂျင်မီဟာ သူမအတွက် မိတ်ဆွေစစ်ပဲပေါ့။ နားထဲမှာ ဒါဒါ့အသံလေးတွေကို ပြန်ကြားနေမိသည်။ သဘောမတူဘူးတဲ့လား သမီးရယ်။ အန်တီက ကိုယ့်ခြေထောက်ပေါ်ပဲ ကိုယ်ရပ်တည်ချင်တဲ့သူပါ။ ဘယ်လိုအခက်အခဲမျိုးကိုမဆို ကိုယ်ကိုယ်တိုင် ဖြေရှင်းချင်တာ အမှန်ပါပဲ။ ဒါပေမဲ့ အန်တို့မှာက ကိုယ်ပိုင်အစွမ်းအစမရှိတော့ သူ့စိမ်းတွေကို အားမကိုးချင်ဘဲ အားကိုးနေရတာပါကွယ်။

"အန်တီထား အောက်မှာ ဧည့်သည်တွေ ရောက်နေပါတယ်။ အန်တီမြန်မြန်တွေ့ချင်လို့ပြောတာပဲ"

"မြက ဘယ်သွားလဲ"

"မနက်အစောကြီးကတည်းက ထွက်သွားတာပဲ အန်တီထားရဲ့။ ဧည့်သည်တွေက ဒီတစ်ခါပါနဲ့ဆို လာတာ သုံးခေါက်ရှိနေပြီ"

"ဟင် . . . အေး . . . အေး . . အန်တီဆင်းလာခဲ့မယ်လို့ ပြောလိုက် သမီး"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ . . . မြတော့ ရှောင်နေပြီထင်ပါရဲ့၊ အိမ်အထိ ပေါက်ချလာပုံထောက်ရင် ကြွေးရှင်တွေပဲထင်တယ်၊ သူမ အိမ်အောက်ကို ခပ်သွက်သွက်ဆင်းလာတော့ ဧည့်ခန်းမှာ အမျိုးသမီးသုံးဦးထိုင်စောင့်နေလေ၏။

"ကျွန်မက မြရဲ့ယောက်မပါ။ ပြောစရာရှိတာကို ပြောပါရှင်"

"ပြောရမှာပေါ့။ မပြောလို့မှ မဖြစ်တာကိုး။ မြသွေးရှောင်ကျွန်မတို့ဆီက ငွေချေးသွားတာကြာပြီ ဒေါ်သက်ထားရဲ့၊ တစ်လချိန်း နှစ်လချိန်းနဲ့ ပြန်မဆပ်တာကြာလှပြီ။ အခု ရှောင်နေတာတစ်ချက်မှ မတိုးသေးဘူး။ အဲဒါ ဘယ်လိုရှင်းပေးမှာလဲ"

"ငွေက ဘယ်လောက်တောင်လဲဟင်၊ စာချုပ်စာတမ်းနဲ့ ချေးတာလား"

"ဒါပေါ့ရှင်၊ ကျွန်မတို့က ဒေါ်သက်ထားနာမည်ကြားဖူးလို့ ယုံယုံကြည်ကြည်နဲ့ ပေးလိုက်တာပါ။ ဒီလိုလက်ခက်နေရင် မပေးမိပါဘူး။ ကျွန်မက ဆယ်သိန်း၊ ရီက ငါးသိန်း၊ ဝေက ခုနစ်သိန်းပါ"

"ဗုဒ္ဓေါ . . . များလှချည်လားရှင်"



"ကျွန်မတို့ အတိုးမယူဘဲ ဖလာချည်းသက်သက် ချေးခဲ့တာပါ ဒေါ်သက်ထား၊ သိပ်မကြာပါဘူးဆိုလို့ပါ"

ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားမိ၏။ တစ်ခု အဆင်ပြေမယ်မှ မကြုံသေးဘူး။ နောက်တစ်ခုက ပွလာပြန်ပါရောလား။ မြရယ် . . .ဘာဖြစ်လို့ ဒီလောက်ထိ မိုက်လုံးကြီးနေရတာလဲ။ ဒီလိုလိမ်လည်မှုတွေဖြစ်လာရင် ထောင်ကျနိုင်တာကို မြ မသိဘူးလားကွယ်။

"အဲဒါ ဒီလအတွင်း အကျေပြန်လိုချင်ပါတယ်၊ မရရင်တော့ ကျွန်မတို့ တရားဥပဒေအရ လုပ်ရမှာပဲ"

"နေ . . .နေပါဦးရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မလည်း ဒီလအတွင်း ငွေသွင်းစရာတွေရှိနေသေးလို့ပါ။ အစ်မကြီးတို့ငွေကို နောက်လဆန်း (၇)ရက်နေ့မှာ အားလုံး အပြီးပေးပါ့မယ်။ စာချုပ်နဲ့အိမ်မှာပဲ လာယူပါလို့ ကတိပေးပါတယ်ရှင် . . . စိတ်ချပါ"

"သေချာတယ်နော်။ စီးပွားရေးလောကမှာ ဒေါ်သက်ထားနာမည်ပျက်မရှိတာ ကျွန်မတို့ သိပါတယ်။ ဒါဆိုရင်တော့ ကျွန်မတို့ ပြန်လိုက်ပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်ရှင်"

ညည့်သည်တွေပြန်သွားတော့ သူမ သံပုရာရည်နှင့် သွေးဆေးသောက်လိုက်ရ၏။ ဒီလိုမျိုး ဘယ်အချိန်ထိ ဒုက္ခတွေပေးနေဦးမှာလဲ မြရယ်။ ညည့်ခန်းမှာပင် သူမ ထိုင်စောင့်နေမိ၏။ မြက ည ရှစ်နာရီကျော်မှ အပြင်က ပြန်လာလေသည်။

"မြ . . . ပြောစရာရှိလို့ . . . ခဏ"

"ဟာ . . . အပြင်က ပြန်လာတာ မောရတဲ့ကြားထဲ။ ပြောစရာရှိရင် မနက်မှ ပြော"

"မပြောလို့မဖြစ်ဘူး မြရဲ့၊ နေ့လယ်က မမသိန်းတို့ သုံးယောက်လာသွားတယ်"

"ကျွတ် . . . ရှုပ်လိုက်တာ"

"မြ . . . မြမဟုတ်တော့ဘူးနော်။ ငွေ (၂၂)သိန်းတောင်မှ နည်းသလား"

"တို့ ငွေမလည်သေးလို့ ခဏ ဆိုက်ပေးထားပေါ့"

"လွယ်လွယ်လေးမပြောနဲ့ မြ။ ဒါ (၂၂)ကျပ်မဟုတ်ဘူး။ ထားမှာလည်း ထားအပူနဲ့ ထားပါ။ ဒီလို မြကို စိုက်ပေး၊ သားနဲ့ ပတ်သက်ပြီး လျော်ကြေးတွေပေးခဲ့ရတာ အကြိမ်ပေါင်း မနည်း



တော့ဘူး"

"သိပ်လည်းညည်းမနေပါနဲ့ သူဌေးကတော်ရဲ့၊ နင် ငါ့အစ်ကိုကို ယူခဲ့တုန်းက ပြုံးခဲ့တဲ့ အပြုံးမျိုးနဲ့ အသာလေးဖြေရှင်းပေးလိုက်ရုံပဲလေ။ ကိုကိုရှာခဲ့ပေးတာ နည်းသလား။ လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု ရောင်းပြီးတာတောင် နင် ငါ့ကို ဘယ်နှစ်ပြားပေးခဲ့သလဲ"

"အဲဒါ ထား အလကားဖြုန်းနေတာမှ မဟုတ်ဘဲ။ လုပ်ငန်းတွေထဲ ပြန်ထည့်သုံးထားရတာပါ"

"ဒီလိုပဲ ပြောမှာပေါ့။ ငါ့ကို အထက်စီးလေသံနဲ့ လာမပြောနဲ့ သက်ထားရွှေစင်။ ဒီအိမ်ကို ငါလည်းပိုင်တာနော်။ နင်မကျေနပ်ရင် အိမ်ရောင်းပြီး အမွေခွဲပေး။ အေး . . . ခွဲရင် ငါနဲ့ ငါ့ကိုအတွက် သုံးပုံနှစ်ပုံရမှ သဘောတူမှာ"

"ဘယ်လိုပြောလိုက်တာလဲ မြ။ ကိုကျော်က အိမ်အသစ်ဝယ်ပေးတာတောင် မိသားစု စည်းစည်းလုံးလုံးရှိစေချင်လို့ ထား မယူခဲ့ဘူး။ ဒီစကားမျိုး မြမို့ ပြောထွက်ရက်တယ်။ မြ လုပ်ပုံတွေက ထောင်နားနီးနေပြီနော်"

မြသွေးရောင်က သူမကို ရူးခန်စိုက်ကြည့်၍ ရယ်ချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။ ဘုရားရေ . . . ဒီမိန်းမရဲ့အကြည့်တွေက သိန်းငှက်မျက်လုံးတွေလိုပါပဲလား။ သားကောင်ကို အလစ်သုတ်တော့မယ့်မျက်ဝန်းတွေနဲ့ စူးစိုက်ကြည့်နေလိုက်တာ။ သူမကို ထိုးနက်တော့မည် ထင်ပါရဲ့။

"ဟင်းဟင်း . . . ဆွေမျိုးတွေအလယ်မှာ မျက်စိသူငယ်နားသူငယ်နဲ့ ရောက်လာခဲ့တဲ့ မိန်းမကများ ဒီစကားမျိုးပြောရဲတယ်လို့။ နင် စိတ်ကြိုက်သုံးနေတာတွေကို ငါ ဘာတစ်ခွန်း ပြောခဲ့ဖူးလို့လဲ သက်ထားရဲ့။ ငါ သုံးနေတာ ငါ့မိဘပိုက်ဆံ။ ငါ့အစ်ကိုရှာပေးခဲ့တဲ့ငွေတွေပါ။ ကိုယ့်ခန္ဓာကို ထိုးအပ်ပြီး ချစားလို့ရတဲ့ ငွေမဟုတ်ဘူး"

"မြ . . . မဆိုင်တာတွေ မပြောပါနဲ့"

"အနာပေါ်တုတ်ကျလို့ နာတတ်တယ်ပေါ့လေ။ ဟင်းဟင်း . . . ရပါတယ် . . . ငါ့ကို ရှုံးကဆင့်ခေါ်လည်း ခပ်ပြုံးပြုံးပဲ။ ဒါမှ လူ့ပုံအလယ်မှာ သူဌေးမကြီးဒေါ်သက်ထားရဲ့ယောက်မက တစ်ပြားမှ သုံးစရာမရှိလို့ လိမ်လည်မှုနဲ့ တရားစွဲခံရတယ်လို့ နာမည်ကြီးသွားတာပေါ့"

သူမမျက်နှာကို လက်ဝါးဖြင့်အုပ်၍ ရှုံးပွဲချင်ငိုကျွေးလိုက်



မိတော့သည်။ ကိုကျော်ရယ် . . . ကိုကျော်ချစ်လှပါချည်ရဲ့ဆိုတဲ့ ကိုကျော်ရဲ့သွေးရင်းညီမက ကိုကျော့်ဂုဏ်သိက္ခာကို တစ်စက်မှမရှိအောင်ချပစ်ဖို့ ကြိုးစားနေပြီဆိုတာကို လာကြည့်လှည့်ပါဦး။

သူမ သုံးသမျှငွေကြေးတွေဟာ အိမ်အတွက်၊ သားအတွက်ဆိုတာတွေကို မြ နားလည်အောင် ဘယ်လိုရှင်းပြရမလဲ။ လောကကြီးထဲမှာ ဘာမှမလုပ်တတ် မကိုင်တတ်နဲ့ ဒုက္ခရောက်မှာစိုးလို့ စောင့်ရှောက်ပါ၊ စိတ်ချပါရစေတဲ့လား ကိုကျော်။ ခုတော့ အဲဒီမိန်းကလေးက ထားကို ဒုက္ခတွေ လှလှကြီးပေးနေပြီလေ။ ထားတော့ ဒီလောကကြီးထဲကနေ အမြန်ဆုံးထွက်ခွာသွားချင်တော့တာပါပဲ ကိုကျော်ရယ်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ကားကို ရှင်းသည့်နေရာမှာ ရှာရပ်လိုက်သည်။ တိုက်နံပါတ်တွေကို ဖတ်၍ လှေကားခပ်ကျဉ်းကျဉ်းလေးမှ တက်လာခဲ့၏။

"ဒီလိုတိုက်ခန်းလေးမှာနေတဲ့လူက ဒီလောက်ငွေကြေးကို တတ်နိုင်တာ အံ့သြစရာပဲ"

"ထားတော့ ပွဲစားလို့ထင်တာပဲ အလတ်ရဲ့"

"ဒါဆို ပွဲခပါ တောင်းမှာပေါ့ ထားရဲ့၊ အတိုးလည်းဒီလောက်သက်သာနေတာ။ ငါတော့ သံသယရှိလာပြီနော်"

"ဟင် . . . ဘာသံသယလဲ အလတ်ရဲ့၊ ရင်ထိတ်လိုက်တာ"

"ဩော် . . . တော်ကြာ ဦးမြတ်လှလုပ်နိုင်းတာဆိုရင် ဘယ့်နှယ်လုပ်မလဲ ထားရဲ့"

"အဲဒီတော့လည်း . . . အစ်ကိုကြီးကို အရမ်းကျေးဇူးတင်တာပဲလို့ ပြောလိုက်ရုံပေါ့"

"ထားနော် . . . ငါ့ကို အသည်းယားအောင် မလုပ်နဲ့၊ ဟိုက မုဆိုးဖို ဗိုက်ရွှဲကြီးကို နင်နဲ့မတန်ဘူး"



"ကဲပါ အလတ်ရယ်။ ထားရင်ထဲမှာ ပူလွန်းလို့ မီးတွေတောက်နေပြီ။ နောင်ခါလာ နောင်ခါချေးပဲ။ ဒါကို နှစ်လအတွင်း ထား ပြန်ရွေးမှာပါ"

တံခါးကို နှစ်ချက်ဆင့်ခေါက်အပြီးမှာ လူတစ်ယောက်က တံခါးလာဖွင့်လိုက်လေ၏။ အိမ်နေ Sport Shirt ခပ်နွမ်းနွမ်းနှင့် လူက သူမကိုကြည့်၍ ပြုံးပြလိုက်လေသည်။

"ဩော် . . . ဒေါ်သက်ထားရောက်လာပြီကိုး။ ဝင်ပါခင်ဗျာ"

"ဟုတ်ကဲ့"

သူမ အံ့သြသွားလျက် အထဲကိုဝင်လိုက်ရသည်။ တိုက်ခန်းလေးက သပ်သပ်ရပ်ရပ် ပြည့်ပြည့်စုံစုံ ရှိနေပါ၏။ ကြည့်ရတာ တစ်ယောက်တည်းနေတာ ထင်ပါရဲ့၊ ထိုလူက ကိုယ်တိုင်ပင် နောက်ခန်းထဲမှ လိမ္မော်ရည်နှစ်ပုလင်းကို ဗိုက်တပ်၍ ယူလာပေးလေသည်။ နားထဲမှာ ကိုဂျင်မီသ[illegible]ပေးလိုက်သံကို ပြန်ကြားမိ၏။ ဘာကျွေးကျွေး ဘာတိုက်တိုက် မစားမသောက်ပါနှင့်တဲ့၊ သူမကို စိုးရိမ်တကြီး မှာလိုက်တာလေ။

"ကျွန်တော်ကြားထားတာ နှစ်လအတွင်း ပြန်ရွေးမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆို”

“ဟုတ်ပါတယ်ရှင်”

“ကျွန်တော့်နာမည် နိုင်ဦးပါ ဒေါ်သက်ထား။ ဒီမှာ စာချုပ်ထဲ ဖြည့်စရာရှိတာ ဖြည့်ပါ။ ပြန်ဆပ်မယ့်နေ့ကို ရက်အတိအကျ မထည့်ပါနဲ့။ လပဲ ရေးလိုက်ပါ”

“ဟုတ်ကဲ့”

သူမ စာချုပ်ထဲဖြည့်နေစဉ်မှာ အလတ်က ဦးနိုင်ဦးကို စတင် စပ်စုလေပြီ။

“ကိုနိုင်ဦးက ကိုဂျင်မီနဲ့ အစကတည်းက သိတာလားဟင်”

“ဟင့်အင်း . . . မသိဘူးခင်ဗျ။ ကိုခင်မောင်မြင့်ကတစ်ဆင့် သိတာပါ”

“ဟိုလေ . . . ကိုမြတ်လုနဲ့ရော”

“မသိဘူးခင်ဗျ။ ကျွန်တော်က ဝယ်ရောင်းပဲလုပ်တာလေ၊ ကုမ္ပဏီပိုင်ရှင်တွေနဲ့ အဆက်အစပ်မရှိပါဘူး။ ငွေရေကြည့်ပါဦး။ ဘဏ်ထုပ်မို့ အရွက်ပြည့်ပြီးသားပါ။ အထုပ်ပဲ ရေပေါ့”

“ဟုတ်ကဲ့”



ငွေရေပြီးသွားတော့ ဦးနိုင်ဦးက Attache Case ထဲ သေချာစီထည့်ပေးပါ၏။ အလတ်အကြည့်တွေကို ရိပ်မိသွားပုံဖြင့် ဦးနိုင်ဦးက ပြုံးလေသည်။

“ဒါ . . . ကျွန်တော့်ငွေတွေ မဟုတ်ပါဘူး။ ဂျပန်က ကျွန်တော့်အစ်ကို ခြံဝယ်ဖို့ပို့လိုက်တဲ့ ငွေပါ။ လောလောဆယ် မြေဈေးတွေတက်နေလို့ ဒီအတိုင်း အောင်းထားလည်း မထူးဘူး ဆိုပြီး ကူညီတာပါ ဒေါ်သက်ထား”

“ဟုတ်ကဲ့ . . . အခုလို ကူညီပေးတဲ့အတွက် ကျေးဇူး မမေ့ပါဘူးရှင်”

“ရပါတယ်ဗျာ။ ကျွန်တော်လည်း အခုလိုခင်မင်ခွင့်ရလို့ ဝမ်းသာလှပါပြီ။ နောင်လည်း အကူအညီလိုရင် ဆက်သွယ်ပါ။ ဒီမှာ ကျွန်တော့် ဖုန်းနံပါတ်နော်။ ကားပေါ်အထိ ကျွန်တော် လိုက်ပို့ပေးပါ့မယ်။ ငွေကများတော့ စိတ်မချဘူးခင်ဗျ”

“အားနာလိုက်တာရှင်။ ကျွန်မ ကုမ္ပဏီကို တစ်ခါတည်း ဝင်မှာပါ”

“အဲဒါ ပိုကောင်းတာပေါ့ဗျာ။ ခဏနော် . . . ကျွန်တော် အခန်းသော့ယူလိုက်ဦးမယ်”

www.burmeseclassic.com

www.burmeseclassic.com



အခန်းကို သော့ခတ်ပြီး လေ့ကားမှ ဆင်းကာ ကားပေါ် အထိ ငွေသေတ္တာတင်ပေးလိုက်သည့် ဦးနိုင်ဦးကို လက်ပြပြီး ကားမောင်းထွက်လာခဲ့၏။ ကုမ္ပဏီရောက်တော့ ငွေသွင်းအပြီးမှာ မမသီတာ ခေါ်သဖြင့် အအေးဆိုင်မှာ ထိုင်ဖြစ်သွားလေသည်။

"ထားကို ပြောစရာရှိလို့"

"ပြောပါ မမသီတာ"

"မြကိစ္စတွေက နေ့ရာအနှံ့ပဲနော်။ အဲဒါတွေ ထားသိလား"

"သိတယ် မမသီတာ။ ဒီလကုန်ပြီးရင် ထား (၂၂) သိန်းဆပ်ပေးရဦးမယ်"

"ထားလည်း ဒုက္ခပါပဲ။ အခု မင်းမင်းပါ အသံထွက်နေပြီ"

"ရှင်"

"မင်းမင်းက ဂျင်နော် ထား။ ပိုကြေးကြီးတယ်"

"ဘုရား . . . ဘုရား . . . အလတ်ရယ် . . . သားတော့ ဒုက္ခပဲ"

"သားက ဒုက္ခမဟုတ်ဘူး။ ထားကမှ ဒုက္ခ ထားရဲ့"

သူမ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသဖြင့်



အမြန်သုတ်လိုက်ရ၏။ လူမြင်ကွင်းထဲမှာ မနည်းကြွနေ့ဆည်နေရလေသည်။ ဘုရား . . . ဘုရား . . . သားက အစက အရက်လေး ဘာလေးသောက်ရုံ။ သူငယ်ချင်းတွေနဲ့ ပျော်ပါးရုံပါပဲ။ အခုမှ ဘယ်ကနေ ဘယ်လိုဖြစ်ကုန်တာပါလိမ့်။

"မင်းမင်းကို နားလည်အောင် သေချာပြောပေါ့ ထားရယ်"

"ပြောရင်လည်း ထားပဲ အလွန်ဖြစ်မှာ မမသီတာရဲ့။ မြသွေးရောင်က မြှောက်ပေးထားတော့ ထား ဘာပြောပြော နားထောင်ခဲ့တာ မဟုတ်ဘူး။ အဲဒါ လတ် မျက်မြင်ပဲ"

"ဟင်း . . . ကိုကျော်ခေါင်သာရှိနေရင် ရင်ကျိုးမှာ။ ထားတော့ ဒုက္ခတွေထဲ ကျင်လည်နေရှာတာပါလား"

"ထားလည်း တော်တော်စိတ်ညစ်နေတာ မမသီတာရဲ့။ မြကလည်း ရှာလို့မရတာနဲ့ အိမ်ကို မျက်စောင်းထိုးနေပြီ။ ဒီအသိုက်ပျက်ရင် ထားတော့ . . ."

"အို . . . ထားကလည်း ငါနေတဲ့တိုက်ခန်းက နင့်ကို အရစ်ကျငွေသွင်းနေတာ မကျေသေးဘူးလေ။ အဲဒါ ထား ပိုင်တာပဲ။ ငါနဲ့အတူလာနေပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သားက သူ့အဒေါ်နဲ့လိုက်နေရင်"

"သူကြင်မှ ကိုယ်ကြင်ပေါ့ ထားရယ်။ ထားဘက်က ပေးဆပ်ရတာတွေ များလှပြီ။ ကိုယ့်ကိုယ်ကိုလည်း သနားဦး"

"ထားက ကိုကျော့်ကို ကတိပေးခဲ့လို့ပါ မမသီတာရယ်"

"မြွေပွေး ခါးပိုက်ပိုက်တဲ့အလုပ်မျိုး မလုပ်ပါနဲ့ ထားရယ်။ ဒါနဲ့ပဲ ထား လုံးပါးပါးနေပြီ"

"ထား ပြန်ဦးမယ် မမသီတာ။ အခုလို သတင်းပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်"

"ရပါတယ် ထားရယ်။ ကိုကျော်ခေါင်ရှိစဉ်ကတည်းက ထားကို ညီမလေးလို မမသီတာ သဘောထားခဲ့တာပါ"

သူမ အင်အားပင်မရှိတော့ဘဲ မနည်းအားတင်း၍ ကားမောင်း ပြန်ခဲ့ရ၏။ အလတ်က စိတ်မချ၍ အိမ်အထိပါလာခဲ့ပြီးမှ ပြန်သွားလေသည်။ အိပ်ရာထဲ ခွေလှဲနေစဉ် နာရီမှ ည (၁၁)နာရီ ထိုးသံကို ကြားရ၏။ ခဏအကြာမှာ ကားသံကြားလိုက်ရသဖြင့် မင်းမင်း ပြန်လာပြီမှန်း သိလိုက်ရသည်။ မြနင့်စကားများပြီးကတည်းက သူမ လုံးဝမျက်နှာချင်းမဆိုင်တော့တာ ကြာနေပြီပဲ။ ခြေသံ တရုပ်ရုပ်က ဒယိမ်းဒယိုင်တက်လာမှန်း သိသာစေသဖြင့်



သူမ မျက်လုံးအစုံကိုသာ မှိတ်ချလိုက်တော့သည်။ ကံကြမ္မာရယ် ထားကို ဘယ်လိုဝဋ်ကြွေးတွေများ လာပုံပေးနေရတာလဲ။

အော့အန်သံတွေကြောင့် သူမ လှဲနေရာမှ ထထွက်လာခဲ့၏။ တစ်ဖက်ခန်းရှိ တံခါးကို ခေါက်၍ ဖွင့်ဝင်ခဲ့တော့ အိပ်ရာပေါ်မှာ အန်ချထားသည့် မင်းမင်းက ဗိုးလိုးပက်လက်။

"သား . . . မင်းမင်းရယ် ခက်တော့တာပဲ။ နွယ်နီ . . . သမီးရေ"

"ရှင် . . . အန်တီထား"

"မောင်မြင့် အိပ်ပြီလား"

"မအိပ်သေးဘူးရှင့်"

"ခဏခေါ်ပေးကွယ်။ ဒီမှာ သားကို သန့်ရှင်းရေး လုပ်ပေးစရာရှိတယ်"

မောင်မြင့် အကူအညီဖြင့် သားကို ရေပတ်တိုက်၊ Night Dress လဲ၊ အိပ်ရာခင်းလဲကာ သိပ်လိုက်ရသည်။ ဒီပုံအတိုင်းဆိုရင်ဖြင့် မင်းမင်းတော့ တစ်နေ့ ဒုက္ခတွေနဲ့တိုးတော့မှာပါပဲလား။ လသာဆောင်ကို ထွက်ရပ်ရင်း ညမှောင်မှောင်မြင်ကွင်းကို ငေးနေမိသည်။ ဪ . . . လွန်ခဲ့တဲ့နှစ်တွေတုန်းကတော့ ကိုကျော့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ကိုမှီ၍ ဒီလိုငေးခွင့်ရခဲ့တာလေ။ အကြင်နာတရားပိုသည့် ခင်ပွန်းသည်က သူမရှေ့မှာ မားမားရပ်ကာ ကာကွယ်ပေးခဲ့ပေမယ့် . . . ခုတော့ဖြင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေရပြီး၊ အမှီအခိုကင်းမဲ့နေရပါရောလား။

× × ×



ဖက်စပ်လုပ်ထားသည့် အထည်ချုပ်စက်ရုံကို သိဂိုကို နှစ်ရစ်ချေစေပြီး ကိုချင်မိုးတချုပ်ကို ပြန်ရွေးလိုက်၏။ သိဂိုက တစ်ဦးတည်းပိုင်သွားပြီမို့ ကျေနပ်သွားသော်လည်း သူမ အတွင်းရေးတွေ သိထားသဖြင့် သူမအတွက် စိတ်မကောင်းဖြစ်နေလေသည်။ မနက်ဖြန်မှပဲ ကိုယ်တိုင်သွားပို့ပေးမည်ဟု တွေးရင်း ဗီးခံသေတ္တာထဲ တချုပ်ကို သိမ်းစဉ် အိမ်တချုပ်ကို မမြင်ရသဖြင့် သူမ ခေါင်းနပန်းကြီးသွားရ၏။ သုံးထပ်စလုံး သေချာရှာကြည့်သော်လည်း လုံးဝမတွေ့ရချေ။ ဘုရားရေ . . . ဒုက္ခတော့ အကြီးအကျယ်ရောက်ကုန်ပြီ ထင်ပါရဲ့”

“နွယ်နီ . . . သမီးရေ”

“ရှင် . . . အန်တီထား . . . လာပါပြီ”

www.burmeseclassic.com

www.burmeseclassic.com



"နင့်အန်တီပြရော"

"အပြင်သွားနေတယ်လေ အန်တီ"

"သူ ငွေတွေသုံးတာ သမီး မြင်လား"

"ဟုတ်ကဲ့ . . . မနေ့ကပဲ ဆလင်းဘတ်တွေ သုံးလေးလုံး ဝယ်လာသေးတယ်။ ကိုကိုမင်းနဲ့အတူတူ သွားဝယ်ကြတာပဲ"

"ဘုရားရေ . . . ဒုက္ခပါပဲ"

"ကားသံကြားတယ် အန်တီ၊ ပြန်လာပြီထင်တယ်"

နွယ်နီ အိမ်အောက်ထပ်သို့ ခပ်သုတ်သုတ် ဆင်းသွားလေ၏။ သူမ စိတ်ကိုတည်ငြိမ်အောင် အရင်လုပ်ပြီး လှေကားမှ ဆင်းလာခဲ့သည်။

"မြရော သားပါ ခဏထိုင်ဦး"

မြသွေးရောင်က တွေဖြစ်သူကို မျက်စပစ်လိုက်ပြီး ဆက်တီပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။ မင်းမင်းက ထိုင်ခုံမှာ ထိုင်လျက် ဆက်တီစားပွဲပေါ် ခြေနစ်ဖက် လှမ်းတင်လိုက်လေသည်။

"သား . . . ဒီအိမ်မှာ သားထက်ငယ်တဲ့သူဆိုလို့ နွယ်နီ တစ်ယောက်ပဲရှိတာပါ။ ဒီလို မခန့်လေးစား အပြုအမူ အနေ



အထိုင်မျိုး မာမီ မကြိုက်ဘူး"

"ကျွတ် . . . မာမီမရစ်နဲ့ကွာ၊ ပြောစရာရှိတာ မြန်မြန် ပြော"

မင်းမင်းက ခြေထောက်ကို ပြန်ချလိုက်ပြီး ဖြုတ်ကြည့် ကြည့်လိုက်လေ၏။ သူမ ထိုင်ခုံမှာဝင်ထိုင်လိုက်ပြီး မြမျက်နှာကို ခပ်စူးစူး ကြည့်လိုက်ပါသည်။

"အိမ်စာချုပ် ဘယ်မှာလဲ မြ"

"ဘာရယ်"

"ဒီအိမ်စာချုပ်လေ . . . ဘယ်မှာလဲ"

မြသွေးရောင်က မင်းမင်းကို ဖျတ်ခနဲလှည့်ကြည့်လိုက် သဖြင့် သူမ သိလိုက်ပြီ။ နှစ်ဦးသားတိုင်ပင်ပြီး လုပ်ခဲ့ကြတာပါ လား။ မင်းမင်းက ဟက်ခနဲ ရယ်မော၍ ဖြေလိုက်ပါ၏။

"ပေါင်ထားတယ်"

"ဘာ . . . မင်း ဘယ်လိုပြောလိုက်တယ် မင်းမင်း"

"ပေါင်ထားတယ်လေ မာမီ၊ မာမီ ပြန်ရွေးချင်ရင် လုပ်ငန်းတစ်ခု ထပ်ရောင်းပေါ့ . . . လွယ်လွယ်လေး"

"ဘုရားရေ . . . မင်း . . . မင်း . . . တော်တော်မိုက်လုံးကြီး

www.burmeseclassic.com

www.burmeseclassic.com



လုချည်လား။ ဒီအိမ်ကို မင်းအဖေ ဘယ်လောက်ထိ သံယောဇဉ် ရှိသလဲဆိုတာ မင်း အသိဆုံးပါ"

"ဒါ . . . ငါနဲ့ကိုကို့အမွေဆိုင် အိမ်ပါထား။ နင့်ပိုက်ဆံ တစ်ပြားမှ မပါဘူး။ စကားကို ကြည့်ပြော"

"မြ . . . ဒီလိုမပြောပါနဲ့။ အိမ်ရဲ့စီးပွားရေးတစ်ခုလုံးကို ဦးဆောင်နေတဲ့ထားတောင် ဒီအိမ်ကို ဘာမှထိခဲ့တာ မဟုတ်ဘူး။ ပေါင်ဖို့ဆိုတာ ဝေလာဝေးပဲ"

"ဘယ်ပေါင်မလဲ၊ နင်က လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု ရောင်းစားနေတော့ သုံးစရာ ငွေရှိနေတာကိုး"

"ထားသုံးတာ အိမ်အတွက်၊ ကုမ္ပဏီအတွက်၊ လုပ်ငန်း တွေအတွက်ပါ မြရဲ့၊ ထားတစ်ယောက်တည်း ဖြုန်းပစ်နေတာ မဟုတ်ဘူး"

"ဒါပေမဲ့ . . . မာမီလုပ်လို့ ဒယ်ဒီ့လုပ်ငန်းတွေ ကုန်သ လောက်ဖြစ်နေပြီ မဟုတ်လား။ ကျွန်တော်တို့ တူအရီးလည်း ဒီပလာက်တော့ သုံးခွင့်ရှိပါတယ် . . . နော် . . . တီလေးရယ်"

"အေးလေ"

"အမလေး . . . လူကြားလို့မှ မကောင်း . . . မြ . . . မြ



အရွယ်က သားကို ထိန်းမတ်ရမယ့်အရွယ်လေ။ သား မလိမ္မာရင် တောင် မြက ဆုံးမရဦးမှာ။ ခုတော့ ပုလင်းတူ ဘူးဆို့ မိုက်တွင်း နက်နေလိုက်ကြတာ"

"ဒါ ငါတို့ကိုယ်ပိုင်လွတ်လပ်ခွင့်ပါ ထားရဲ့၊ နင် လိုက် ဝိတ်ပင်စရာ မလိုပါဘူး။ ငါတို့က မွေးကတည်းက ရွှေလင်ဗန်းနဲ့ အချင်းဆေးပြီး ရွှေဇွန်းကိုက် ကြီးလာခဲ့တာ၊ ကန်စွန်းရွက်နဲ့ ကြီး လာတာ မဟုတ်ဘူး"

"မြ . . . ထားကို ဘာမှ ပုတ်ခတ်စရာ မလိုပါဘူး။ ထား ဟာ ထား အရွက်မကလို့ သဲပဲ ကျုံးစားခဲ့ရပါစေ၊ ထားက ဘဝကို နားလည်တယ်၊ ဆင်းရဲဒုက္ခကိုရော ချမ်းသာတဲ့ဒုက္ခကိုပါ ခံနိုင် ရည်ရှိတယ်၊ ထားလုပ်ဆောင်နေသမျှ အလုပ်တွေက ထားတို့ မိသားစုကောင်းစားဖို့ချည်းပဲ"

"အသံကောင်း ဟစ်မနေပါနဲ့ ထားရယ်၊ နင် ချမ်းသာ မှန်း လူတိုင်းသိပါတယ်"

"မြတို့လုပ်ရပ်တွေ ရပ်တန်းက ရပ်ပါ။ မရပ်ရင် ထားကို အဆိုးမဆိုနဲ့။ မြတို့လုပ်နေတာက ဥပဒေနဲ့ လုံးဝမလွတ်ကင်းဘူး နော်၊ ဘုရားမကြိုက်၊ နတ်မကြိုက်"

www.burmeseclassic.com

www.burmeseclassic.com



"မာမီကရော ဘုရားမကြိုက်တာ လုပ်နေတာပဲ မဟုတ်လား"

"သား . . . မင်းမင်း"

"ဟုတ်တယ်လေ . . . မာမီ့ကောင်လေးကို မုန့်ပေးကြိုက်ပြီး ပိုးကြေးပန်းကြေးဖို့နေရလို့ ငွေတွေ သောက်သောက်လဲ ကုန်နေတာ မဟုတ်လား"

"ဘာ . . .နင် . . . နင် . . . ဗိုက်ရှိင်းလှချည်လား မင်းမင်းရဲ့ အဲဒါ မာမီ့သားအရွယ်လေးလေ"

"ဒါကြောင့် မနဲ့မောင် ဇာတ်လမ်းလေးတစ်ပုဒ်ကို ကြားနေရတာကိုး။ သားပြောတော့ တီလေးဖြင့် မယုံ၊ ဟိုတလောက အိမ်ကိုလာလည်သွားတဲ့ ကောင်လေးလား။ မှဲ့နက်လေးနဲ့လေ။ ခွဲဆောင်အားကောင်းတော့ မုဆိုးမလေးလည်း ပစ်ကျသွားတာပေါ့"

"ဖြ . . . နင် ရှေ့က လမ်းမကြောင်းပေးနဲ့၊ သား ကံကြီးတိုက်လိမ့်မယ်"

"ဘာမှထိုက်စရာမရှိဘူး ဒေါ်သက်ထားရဲ့၊ ခင်ဗျားဟာ ခင်ဗျား ခြေပုန်းခုတ်နေပြီးတော့။ အပြစ်မှန်သမျှ ကျ ၊တို့အပေါ် ပုံမချပါနဲ့"



"နင်"

သူမ လက်တစ်ဖက် မြှောက်တက်သွားစဉ် မြသွေးရောင်က သူမကို ဝိတ်တွန်းလိုက်လေ၏။

"နင် . . . ငါ့တူကို လက်ဖျားနဲ့တောင် မထိနဲ့၊ နောက်ဆုံးတော့ မိထွေးက မိထွေးဇာတိပြလာတာပဲ၊ လာ . . . သား . . . သွားကြစို့"

တူဖြစ်သူလက်ကိုဆွဲ၍ အပေါ်ထပ်ကို လှေကားမှ တက်သွားသည့် မြတို့ကိုကြည့်ရင်း သူမ အမြင်တွေ ဝေဝါးလာရတော့သည်။ ကမ္ဘာကြီး ပြောင်းပြန်လည်ကုန်ပြီ ထင်ပါရဲ့၊ ငိုချရမည်ကိုတောင် မငိုနိုင်တော့ဘဲ လူက တောင့်တောင့်ကြီး ရုပ်ပေါ်သိုင်လျက်သား ဖြစ်နေလေ၏။

"အန်တီထား . . . အန်တီထား . . . သတိထားပါဦး"

"နွယ်နီ . . . သမီး . . . အန်တီလတ်ကို ဖုန်းဆက်ခေါ်ပေးပါကွယ်"

"ဟုတ်ကဲ့"

သူမ အပေါ်ထပ်သို့ တက်ခဲ့ပြီး မီးခံသေတ္တာထဲမှ ရတနာတွေနှင့် လုပ်ငန်းစာချုပ်တွေအားလုံးကို ယူ၍ ဧည့်ခန်းမှာ ပြန်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"မောင်မြင့်ရော . . . ဒေါ်စန်းနဲ့နွယ်နီပါ ခဏလာပါဦး။ ရော့ ဒီမှာ လခ သုံးလစာ။ ဒီလကုန်ကစပြီး တခြားမှာ အားလုံး အလုပ်ပြောင်းလုပ်ကြတော့။ တားတော့ ဘာမှမတတ်နိုင်တော့ဘူး။ ဒီအိမ်မှာဆက်နေရင် ထား သေဖို့ပဲရှိတော့တယ်။ အားလုံးကို ထား လက်မြှောက်အရှုံးပေးလိုက်ပါပြီ။ မြ မေးရင် ရှေ့နေဦးမြင့်သိန်းနဲ့ပဲ စကားပြောမယ်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ပါ"

Taxi ရပ်သံအကြားမှာ သူမ လက်ဆွဲအိတ်တစ်လုံးနှင့် တိုက်ရှေ့သို့ထွက်လာပြီး Taxi ပေါ်တက်လိုက်သည်။ အလတ်က တအံ့တသြဖြစ်လျက် သူမလက်ကို ဆုပ်ကိုင်လိုက်လေ၏။

မေတ္တာအိမ်တဲ့လား။ ဒီအိမ်ကြီးက တကယ်ပဲ မေတ္တာတွေ ပြည့်ဝနေလို့လား။ ကိုကျော်ရှိစဉ်တုန်းကသာ ကိုကျော့်အရိပ်မှာ မေတ္တာတွေနဲ့ လုံခြုံနွေးထွေးခဲ့ရတာပါကွယ်။

တိုက်ခန်းလေးကို ဘယ်လိုပုံတက်လာခဲ့မှန်းတောင် မသိတော့။ အလတ် ခုတင်ပေါ် ပစ်လှဲချလိုက်၏။ လူက အရုပ်ကြိုးပြတ်ဖြစ်နေလေတော့သည်။



"သံပုရာရည်လေး သောက်လိုက်နော် ထား။ စိတ်ကို ထိန်းပါ။ ဘယ်လိုတွေဖြစ်ကုန်တာလဲ"

"မြတို့က အိမ်ကို ပေါင်ထားလိုက်ပြီ"

"ဟင် . . . ဘယ်သူ့ဆီမှာလဲ။ ဘယ်လောက်နဲ့လဲ"

"ဟင့်အင်း . . . အဲဒါတော့ ထား မသိဘူး။ ထား ဦးမြင့်သိန်းနဲ့ ဆက်သွယ်မှဖြစ်တော့မယ် အလတ်ရဲ့"

"ထားရယ် . . . ဖြစ်မှဖြစ်ရလေ။ မြက ဘယ်လိုသွေးဆိုးတဲ့ မိန်းမလည်း မသိတော့ပါဘူး"

"ထား . . . ထား . . . ငြိမ်းချမ်းမှုရချင်ပြီ အလတ်ရယ်။ ထားရင်ထဲက မီးတောက်တွေကို ငြိမ်းသတ်ဖို့ ဘာမှမရှိနိုင်တော့ဘူးလား။ ထား . . . ထား . . . သေလိုက်ချင်တော့တာပါပဲ"

Handphone မြည်လာသဖြင့် အလတ်က ယူ၍ဖွင့်လိုက်လေ၏။ ပြီးမှ သူမလက်ထဲကို ထည့်ပေးလိုက်ပါသည်။

"ဦးမြင့်သိန်းတဲ့"

"ဟဲလို . . . လေးလေး . . . ထားပါ"

"အေး . . . သမီး ထား။ လေးလေးလည်း သမီးနဲ့ လာတွေ့မလို့ပဲ။ အလုပ်တွေ မပြတ်တာနဲ့ မလာဖြစ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ပြောပါ လေးလေး"

"သမီးရေ . . . သမီးရဲ့စီးပွားရေးအခြေအနေတွေ လေးလေး အကုန်သိပါတယ်။ အခုကိစ္စက သမီးမှ မလုပ်ပေးရင် သူတို့တူအရီး ဘုံပျောက်မယ်ကွယ့်။ အိမ်ကို ပေါင်ထားတာ သမီး သိရဲ့လား"

"အခု . . . အခုလေးတင်ပဲ သိလိုက်ရတာပါ"

"အေး . . . အပေါင်က လေးလပြည့်လို့ ဆုံးပြီကွယ့်"

"ရှင်"

"အဲဒါ လေးလေးမိတ်ဆွေကနေတစ်ဆင့် အပြတ်ရွေးပါ့မယ်လို့ တောင်းပန်ထားရတယ်။ အတိုး ငါးလစာနဲ့ အရင်းပါ အားလုံးပေါင်းလိုက်ရင် (၁၆၀၀)နီးပါးပဲ"

သူမ မိုက်ခနဲဖြစ်သွားသဖြင့် အလတ်က ဖေးမထားလိုက်ရလေ၏။ နားထဲမှာ အသံတွေက မကြားတစ်ချက် ကြားတစ်ချက်။

"ဒီတော့ . . . သမီး ဒီအိမ်ကို ပြန်ရွေးပြီး အမွေသာခွဲလိုက်ပါတော့ကွယ်။ ဒီပုံအတိုင်း ဆက်သွားနေရင် သမီးပဲ နစ်နာ ဟဲလို . . . ဟဲလို . . ."



"ထား . . . ထားရေ"

သူမဆက်တီခေါ်မှာ ပုံလျက်သား လဲကျသွားတော့သည်။ သတိပြန်လည်လာတော့ ခုတင်ထက်မှာ Drip ပိုက် တန်းလန်းနှင့်ဖြစ်နေ၏။ ဒေါက်တာအိမ်ခြွေက သူမကို ပြုံးပြလိုက်လေသည်။

"Depression သိပ်များနေတယ် အန်တီ။ ပြဿနာတွေ ဖြစ်လာရင် ဒယ်ဒီ့ကို သတိရပါလို့ မှာထားရဲ့သားနဲ့ အန်တီရယ်"

"အန်တီ့အပူတွေကို မကူးစက်စေချင်လွန်းလို့ပါ သမီး ရယ်"

"ခုနပဲ ဒယ်ဒီဖုန်းဆက်တယ် အန်တီ။ အန်တီလတ်နဲ့ပဲ ပြောဖြစ်သွားပါတယ်။ အန်တီ့တိုက်ရောင်းမယ်ဆိုရင် ဒယ်ဒီ ဝယ်မယ်တဲ့။ ဒါပေမဲ့ အန်တီကတော့ တိုက်ပေါ်က ဖယ်စရာမလိုပါဘူး လို့ ပြောပါတယ်"

သူမ ဘာမှမပြောဘဲ ငြိမ်နေလိုက်မိသည်။ ရေနစ်သူကို ကယ်ဆယ်မယ့် ကောက်ရိုးတစ် ချင်ခလလား။ ဒါမှမဟုတ် ရေနက်ထဲရောက်အောင် ပို့မယ့် ဝါးတုတ်တစ်ခုလေလား။ ဘာမှ မသေချာ မရေရာ။ ရင်ထဲမှာ ပူလောင်နေပြီး အောင့်နေသည့် ဝေဒနာကိုပဲ သိနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . . လွှဲပေးလိုက်ပြီ . . . ဟုတ်လား မမသီတာ"

"အေးလေ . . . သူ့ကုမ္ပဏီက သိပ်လာဘ်မြင်လွန်းတာကိုး ထားရဲ့။ ကိုမြတ်လှနဲ့ နှစ်ဦးပိုင်ပဲ လုပ်မယ်။ လူများရင် မကြိုက်ဘူးတဲ့။ ဒါကြောင့် မမသီတာတို့ရှယ်ယာတွေ ပြန်ထုတ်လိုက်ပြီ။ တခြားမှာ သွားထည့်ပေမယ့် ဝင်ငွေက ဒီလောက်ဘယ်ရပါတော့မလဲ။ ထားကမှ ရွှေဆိုင်နဲ့ တခြားလုပ်ငန်းတွေရှိလို့ တော်သေးတယ်"

"ထားပိုင်တာ အဲဒီရွှေဆိုင်လေးတစ်ခုပဲ ရှိတာပါ မမသီတာရယ်။ ကျန်တာတွေက ကိုကျော့်နာမည်တွေနဲ့ချည်းပါပဲ"

"အဲဒါ ထား သိအောင်လို့ မမသီတာ ဖုန်းဆက်ပြောတာပဲ။ အစည်းအဝေးက ထိုင်ပြီးနေပြီ။ ထား နေမကောင်းဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်လှပြောတာနဲ့ ထားကို မဖိတ်ဖြစ်တာ။ ရှယ်ယာထုတ်ဖို့ ထား တစ်ဦးတည်း ကျန်တော့တယ်။ သွားထုတ်လိုက်ဦး"

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲ မမသီတာ"

ဖုန်းကိုပိတ်၍ သူမ ငိုင်သွား၏။ အားလုံးကိုသာ လွှဲပစ်လိုက်ရင် ကိုကျော်ရှာထားသမျှတွေ ကုန်တော့မှာပဲ။ ရွှေဆိုင်ကို ဦးတည်မောင်းနေရာမှ လေးလေး ရုံးထိုင်ရာ လမ်းထဲသို့သာ ကွေ့ချလိုက်မိသည်။

"အင်း . . . သမီး ရောင်းသမျှလုပ်ငန်းတွေအားလုံး လေးလေး လုပ်ပေးခဲ့တာတွေပဲဟာ။ လေးလေး သိပါတယ်"

"ခုဟာက မြကာ အမွေတောင်းနေပြီ လေးလေးရဲ့၊ သား ကပါ ထားကို မရှိမသေဆက်ဆံနေပြီ"

"အိမ်ကို သမီး ပြန်ရွေးနိုင်ရဲ့လား"

"ဟုတ်ကဲ့ . . . ဒီကအပြန် ရှယ်ယာငွေအကုန်ထုတ်ပြီး ဟိုလက သိဂီလက်ကျန်ငွေနဲ့ပေါင်းပြီး ရွေးလိုက်မှာပါ"

"အဆင်ပြေရဲ့လား သမီး"

"ပြေပါတယ် လေးလေးရယ်"

"လုပ်ငန်းတွေကို ဟိုနှစ်ယောက်နာမည်နဲ့ သမီးလွှဲပေး



လို့တော့ မဖြစ်ဘူး သမီး။ မောင်ကျော်ရှာထားသမျှ အကုန် အလဟဿဖြစ်ကုန်မှာ သေချာတယ်။ သမီးကို ယုံကြည်စိတ်ချလို့ လွှဲပေးခဲ့တာတွေကို မျက်နှာလွှဲ ခဲပစ်မလုပ်လိုက်ပါနဲ့ကွယ်"

"ထား ဘာဆက်လုပ်ရမလဲ လေးလေးရယ်။ မြနဲ့ မျက်နှာချင်း မဆိုင်ချင်တော့တာ အမှန်ပဲ"

"လေးလေး သူတို့နဲ့ သွားတွေ့လိုက်ပါ့မယ်။ အိမ်မှာ သမီးမရှိလို့ မဖြစ်ဘူးနော်။ အသိုင်းအဝိုင်းတွေအားလုံးကိုလည်း လေးလေး သတင်းပို့ထားလိုက်ပြီ။ သူတို့ငွေကို ချေးချင်တိုင်း ပေါင်ချင်တိုင်း မရတော့ဘူး။ စာချုပ်စာတမ်းတွေအားလုံး သမီးဘဏ်မှာပဲ အပ်ထားလိုက်ပါ။ အဲဒါ စိတ်အချရဆုံးပဲ"

"ဟုတ်ကဲ့ပါ လေးလေး"

"အိမ်ပေါင်ထားတာ မာန်ကုမ္ပဏီကလို့ ကြားတာပဲ။ သမီး ရှယ်ယာသွားထုတ်ရင်း ဦးမြတ်လှကို မေးလိုက်ပါ"

"ဟုတ်ကဲ့ . . . ထားကို ခွင့်ပြုပါဦး လေးလေး"

"အေးအေး . . . သမီး။ ကျန်းမာရေးလည်း ဂရုစိုက်ဦး။ နဂိုက ကိုယ်ရည်စစ်ရတဲ့ကြားထဲ ပိုသွယ်သွားပြီ"

သူမ အသာထရပ်လိုက်ပြီး ရုံးပေါ်မှ ဆင်းကာ ကား

www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်လာခဲ့၏။ သိင်္ဂီဆီမှ ငွေတစ်ရာကျော်ကို စာရင်းအတိ အကျ ဖယ်၍ ပိုငွေကို အိတ်ထဲထည့်သိမ်းလိုက်သည်။ ဩော် . . ဝင်ငွေပုံမှန်ကောင်းခဲ့သည့် ကုမ္ပဏီကနေ နေရာပျောက်ပါရော လား။

ကုမ္ပဏီရှေ့ ကားရပ်လိုက်တော့ ဝန်ထမ်းတွေက အစ အသစ်ပြောင်းနေလေပြီ။ Lift ဖြင့် အပေါ်ဆုံးထပ်ကို တက်လာခဲ့ စဉ် အခန်းတစ်ခုမှ ထွက်လာသည့် ဦးမြတ်လှနှင့် တန်းတိုးလေ တော့၏။

"ပေါ် . . . ထားရယ် မတွေ့တာတောင် အတော်ကြာ ပေါ့။ နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"ရှယ်ယာလာထုတ်တာပေါ့လေ"

"ဟုတ်ကဲ့"

"လာခဲ့ . . . ကိုယ်ထုတ်ပေးလိုက်ပါ့မယ်။ အမှန်က ကိုယ် က ထားကို မထုတ်စေချင်ဘူး။ မာန်ကုမ္ပဏီသူဌေးက ထောင်နဲ့ ချီပြီး ရင်းကြမယ်ဆိုလို့ပါ"

"ထား နားလည်ပါတယ် အစ်ကိုကြီးရယ်"



ဦးမြတ်လှက စားပွဲအံဆွဲထဲရှိ File ထဲမှ စာချုပ်ကိုယူ၍ ရေးကာ သူမကို လက်မှတ်ထိုးစေ၏။

"ကိုယ် Cheque ပဲ ရေးပေးလိုက်မယ်နော်"

"ရပါတယ် အစ်ကိုကြီး။ ဟိုလေ . . . အိမ်ကို ဘယ်သူ့ဆီ မှာ ပေါင်ထားသလဲဆိုတာ အစ်ကိုကြီး သိတယ်ဆို"

"ဩော် . . . ဟုတ်တယ်။ ကိုယ်လည်း ထားရောင်းမယ် ဆို ဝယ်မလို့လေ"

"ဟင့်အင်း . . . ဖား မရောင်းပါဘူး အစ်ကိုကြီး။ ဒါ သားကို ပေးရမယ့် အမွေမို့ပါ"

"ဟုတ်တာပေါ့။ ကိုယ် နားလည်ပါတယ်။ ဒါဖြင့်ရင် အိမ် ကိစ္စ ဆွေးနွေးချင်တဲ့လူ ဟိုဘက်ခန်းမှာရှိနေတယ် ထား။ ဝင်တွေ့ လိုက်ပါ။ ထား မရောင်းချင်တာလည်း ပြောပြလိုက်ပေါ့။ အပေါင် စာချုပ်ပါ တစ်ခါတည်း ရွေးသွားလို့ အဆင်ပြေမှာပါ။ ကဲ . . . ကိုယ် လည်း သွားစရာရှိတယ်။ ခွင့်ပြုဦး"

"ဟုတ်ကဲ့"

အခန်းထဲမှ ထွက်လာတော့ ဦးမြတ်လှက Lift ဖြင့် အောက်သို့ဆင်းသွားလေသည်။ သူမ Cheque နှင့် သိမ်းထား

www.burmeseclassic.com

www.burmeseclassic.com



သည့် ငွေထုပ်ကို အိတ်တစ်ခုဖြင့်ထည့်ကာ တစ်ဖက်ခန်းရှိ bell ကို နှိပ်လိုက်၏။

"တီ"

"ဝေါ"

Remote ဖြင့် ဖွင့်သည့်တံခါးက လျှောခနဲပွင့်သွားသဖြင့် သူမ အသာလှမ်းဝင်လာခဲ့သည်။ ပြတင်းပေါက်ကို မျက်နှာလှည့်ပြီး ဖုန်းပြောနေသည့်ပုဂ္ဂိုလ်ကို နောက်ကျောမှသာ မြင်ရ၏။ သူမ အလှူမီနီယံစားပွဲရှေ့မှာ အတောင့်သားရပ်နေမိသည်။ ငါးမိနစ်လောက်ကြာအပြီးမှာ ဆုံလည်ကုလားထိုင်က သူမဘက်လှည့်လာလေ၏။

"ဟင်"

"မောင်" ဟု ရေရွတ်မိတော့မည့် ပါးစပ်ကို ယောင်ယမ်းစေ့ပိတ်လိုက်ရပြီး မျက်လုံးအစုံ ပြူးကျယ်သွားရ၏။ ဟုတ်ပါတယ်။ ထားရဲ့မောင်ပါပဲ။ ခပ်ထေ့ထေ့အပြုံးနှင့် ဟက်ခနဲ ရယ်ချလိုက်ဟန်က လွန်ခဲ့သည့် အနှစ်နှစ်ဆယ် ညနေခင်းက ဟန်အပြည့်ပါပဲလား။

"ထိုင်ပါ ဒေါ်သက်ထားရွှေစင်"



"ကျွန်မ"

"အေးအေးဆေးဆေးပဲ မဟုတ်လား။ အအေးလေး ဘာလေး သုံးဆောင်ပါဦး။ ဆွေးနွေးစရာလေးတွေ ရှိနေလို့ပါ"

"ဟင့်အင်း . . . ကျွန်မ စာချုပ်ပဲလိုချင်ပါတယ်ရှင်။ ဒီမှာ လိုအပ်တဲ့အတိုးငွေနဲ့ Cheque ပါ"

"ဖြည်းဖြည်းပေါ့ ဒေါ်သက်ထားရွှေစင်ရဲ့၊ အလုပ်တစ်ခုကို အလောတကြီးလုပ်ရင် အမှားပါတတ်တယ်ဆိုတာ ခင်ဗျားလည်း သိမှာပါ။ ငွေကြေးဆုံးရှုံးတာထက် ဘဝဆုံးသွားတာက ပိုပြီး နစ်နာတာဗျ"

သူက လက်ဝါးနှစ်ဖက်ကို ဖြန့်၍ လက်ချောင်းလေးတွေကိုယှက်ကာ ဆော့ကစားလျက် အေးဆေးစွာပြောနေသလောက် သူမရင်ထဲမှာ ငလျင်လှုပ်နေလေပြီ။ ဘုရားရေ . . . အခုမှပဲ ကမ္ဘာကြီး သွက်သွက်လည်ကုန်ပြီ ထင်ပါရဲ့။

"ခင်ဗျားအိမ်ရောင်းမယ် မဟုတ်လား။ အင်းပေါ့ . . . သုံးဦးခွဲယူရမှာဆိုတော့ မရောင်းလို့ ဘယ်ဖြစ်မလဲ။ ဒီတော့ ဘယ်လောက်ဈေးတင်ချင်လဲ။ ကျုပ်က ဦးမြတ်လှထက် ပိုပေးနိုင်လို့ ပြောနေတာပါ။ ခင်ဗျား ကျုပ်ကိုရောင်းလိုက်ရင် အပေါင်စာချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြုပစ်လိုက်ရုံပဲ"

"ကျွန်မ မရောင်းပါဘူး။ အပေါင်စာချုပ်နဲ့ အိမ်စာချုပ်ကို ပဲ ထုတ်ပေးပါ"

"ဟင်း...ဟင်း...ဟင်း...မင်းက အသက်လေးဆယ် နားနီးနေတာတောင် အလှမပျက်သေးဘူးနော်။ ဒါကြောင့်လည်း ဦးမြတ်လုတို့ ဦးဂျင်မီတို့က မင်းအတွက်ဆို ရက်ရက်ရောရော ကူညီနေတာကိုး"

"ရှင် . . . ရှင် မဆိုင်တာတွေ ပြောမနေနဲ့။ စာချုပ်ပဲပေး ပါ။ ကျွန်မမှာ အချိန်မရှိဘူး။ ရှင်ခနဲ့နေတာကို အချိန်ကုန်ခံပြီး နား မထောင်နိုင်ဘူးရှင့်"

သူက တဟားဟားအော်ရယ်လိုက်လေ၏။ သူမမျက်နှာ တစ်ခုလုံး ရဲရဲနီနေလေပြီ။ ရှက်တာတွေရော၊ မခံချင်စိတ်ရော၊ အားငယ်တာတွေပါ အကုန်စုပေါင်းပြီး လက်ဖျားတွေ တဆတ် ဆတ်တုန်ယင်နေလေ၏။

"ဟုတ်လား . . . အစကတော့ ကျုပ်ပြောသမျှ ပျားရည် လို ချိုမြိန်နေတာပဲ။ အမြဲနားထောင်နေချင်တယ်ဆို"

"ဦးရဲရင့် . . . ရှင် . . ."



သူမ ဆတ်ခနဲထရပ်လိုက်ပြီး သူ့ကို စူးစူးရဲရဲကြည့်လိုက် မိ၏။ သူကတော့ အပြုံးမပျက်ချေ။

"ကျွတ် . . . ကျွတ် . . . ကျွတ် . . . ကျုပ်စိတ်မကောင်း ပါဘူး ဒေါ်သက်ထားရွှေစင်။ ဥစ္စာပစ္စည်းဆိုတာ သခ်ါရပါ"

"အဲဒါတွေ ကျွန်မသိတယ်။ ရှင့်ထက် ကျွန်မက ပိုပြီး နားလည်တယ်။ လောကဓံရှစ်ပါးကို ခါးစည်းခံခဲ့တဲ့ မိန်းမပါရှင်။ ဒါတွေ ရှင် သင်ပေးစရာမလိုဘူး။ အလုပ်ကို အလုပ်လိုပဲ လုပ်ပါ"

"အရင်တုန်းကလို ကျုပ်မျက်နှာလေးကို တစိမ့်စိမ့် ရှုမဝ နိုင်တော့ဘူးပေါ့လေ။ ဟုတ်တာပေါ့။ သိပ်ပြန်ချင်နေရင်လည်း ကျုပ် မြန်မြန်လုပ်ပေးပါ့မယ်"

အံဆွဲထဲမှ စာချုပ်နှစ်ခုကို ထုတ်ပေးလိုက်သည့်အနက် အိမ်စာချုပ်ကို အိတ်ထဲထည့်၍ အပေါင်စာချုပ်ကို သူမ ဆွဲဖြဲ လိုက်စဉ် သူက ကျိတ်ပြုံးလိုက်လေသည်။

"မြသွေးရောင်ရော၊ နေမင်းကျော်ခေါင်ပါ ဂဏန်း အတွက်ကော်ကြတယ် ဒေါ်သက်ထားရွှေစင်ရဲ့၊ သူတို့ ဉာဏ်သိပ် ကောင်းလာပဲ။ သိပ်တောင်မှ မသင်ပေးလိုက်ရဘူး။ အတတ် မြန် ကြတယ် . . . ဟင်း . . . ဟင်း . . . ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . ရှင် တော်တော်ယုတ်မာတဲ့လူပဲ။ အပြစ်မရှိတဲ့ မြန့်သားကို ရှင် ဖျက်လိုဖျက်ဆီးလုပ်ခဲ့တာပေါ့လေ။ ရှင့်ကို ဒီတစ်သက် ကျွန်မ ဘယ်တော့မှ မကျေဘူး မှတ်"

သူ ထိုင်နေရာမှ ဝုန်းခနဲထရပ်ကာ စားပွဲကို လက်ဝါးဖြင့် ဖြန်းခနဲရိုက်ချလိုက်သဖြင့် သူမ လန့်ဖျပ်ကာ နောက်ကို တစ်လှမ်း ဆုတ်လိုက်မိသည်။ ကြည့်စမ်း . . . မျက်ဝန်းတွေက ရင်ထဲထိ ထွင်းဖောက်မြင်နေရသလို စူးရှလွန်းလှချည်လား။

"ငါ ယုတ်မာတာ မဟုတ်ဘူး သက်ထားရွှေစင်ရဲ့၊ မင်းရဲ့ ယောက်မနဲ့ မင်းရဲ့သားကသာ မကောင်းတဲ့နေရာကို အလိုလိုလှမ်းသွားတာကွ။ ငါက တရားသောနည်းနဲ့ပဲ ယှဉ်ပြိုင်တယ်၊ မတရားတဲ့နည်းနဲ့ ဘယ်တော့မှ မလုပ်ဘူး။ မင်း ငါ့ပါးကို ရိုက်ခဲ့တုန်းကတောင် မင်းကို ငါ လက်ဖျားနဲ့ပြန်ထိခဲ့သလား။ ဒီမှာ . . . မင်း မြဲမြဲမှတ်ထားလိုက်၊ ရဲရင့်ဆိုတဲ့ကောင်က အချစ်ကြီးသလို အမျက်လည်းကြီးတယ်။ အပြုံးလည်းကြီးတယ်ဆိုတာပဲ။ အေး . . မင်းရိုက်ခဲ့တဲ့ပါးထက် နည်းနည်းလေးသာတဲ့ ရိုက်ချက်နဲ့ မင်း နလုံးသားကို ပြန်ရိုက်လိုက်ရုံလေးပါ သက်ထားရွှေစင်၊ ဒါပဲ . . ဒီထက်မပိုပါဘူး။ မင်းဘဝ ပျက်သွားရလောက်အောင် ငါ မလုပ်ပါဘူး သက်ထားရွှေစင်။ အနည်းဆုံး ရင်ကွဲနာကျရုံလေးပါပဲ။ မင်း သွားနိုင်ပြီ"



သူမ ရုံးခန်းထဲမှ အပြေးထွက်လာခဲ့မိ၏။ မျက်ရည်တို့ဖြင့် အမြင်တွေ မှုန်ဝါးနေသည့်ကြားမှ ကားကို မောင်းထွက်ခဲ့စဉ် Handphone မှ အသံမြည်လာလေသည်။

"ဟဲလို"

"ဟဲလို . . . ဒေါ်သက်ထားရွှေစင်ပါလားခင်ဗျာ"

"ဟုတ်ပါတယ်ရှင်"

"ကျေးဇူးပြု၍ ကျောက်တံတားရဲစခန်းကို အခုပဲ လာစေချင်ပါတယ်ခင်ဗျာ"

"ရှင်"

"ဟုတ်ကဲ့ . . . ဒေါ်သက်ထားရွှေစင်ရဲ့ ညီမနဲ့ သားကို ဂျင်ဝိုင်းတစ်ခုမှာ ဖမ်းမိခဲ့ပါတယ်၊ အခု အချုပ်ခန်းထဲ ရောက်နေပါပြီ၊ နေမင်းကျော်ခေါင်တို့ သူငယ်ချင်းတွေမှာ မူးယစ်ဆေးဝါး သုံးတဲ့လက္ခဏာမြင်ရလို့ ကျွန်တော်တို့ စစ်ဆေးနေပါတယ်ခင်ဗျာ"

"ရှင် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ကျွန်မ အခုပဲ လာနေပါပြီရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဘုရား . . . ဘုရား . . . မူးယစ်ဆေးဝါးတဲ့လား။ မင်းမင်းရယ် ဒီလောက်အန္တရာယ်ရှိတဲ့အလုပ်မျိုးကိုမှ မာမီ့သားလုပ်ဝံ့တယ်တဲ့လား။ နားထဲမှာ အခုလေးတင် ကြားလာခဲ့သည့် သူ့စကားသံတွေကို ထပ်တလဲလဲ ပြန်ကြားနေမိသည်၊ မင်း ရိုက်ခဲ့တဲ့ပါးထက်နည်းနည်းသာတဲ့ ရိုက်ချက်တဲ့လား မောင်၊ ရင်ကွဲနာကျရုံလေးတဲ့လား။ ဘဝ မပျက်လောက်ပါဘူးဆို၊ ဒီကိစ္စတွေက ထားဘဝတစ်ခုလုံးကိုရော၊ ထားနာမည်ကိုပါ လူ့ပုံအလယ်မှာ စုံးစုံးမြုပ်သွားရမယ့်အဖြစ်ဆိုးကြီးပါ မောင်ရယ်။

× × ×



# အလယ် . . .

www.burmeseclassic.com

www.burmeseclassic.com



# လွန်ခဲ့သော နှစ်ပေါင်း

# နှစ်ဆယ်ခန့်က . . .

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးရေ . . .
မင်း ဘယ်ဆီရောက်နေလဲ
ဘယ်သူ့နဲ့များ တွဲနေပြီလဲကွယ် . . .
ဟန်ဆောင်ခြင်းအတတ်တွေနဲ့
သိပ်ကိုမာနကြီးတဲ့ ငါ . . .
ယောကျ်ားတွေအပေါ်
အထင်သေးလျှော့တွက်တတ်တဲ့ ငါ . . .
အတ္တများစွာနဲ့
အနိုင်ယူစိမ်ခေါ်တတ်တဲ့ ငါ . . .
ဘာသာဗေဒတစ်ခု
အမှတ်မထင်ပြုစုဖို့
ငြင်းဆန်ဖယ်ရှား
အမှားများစွာထဲမှ
ခံယူခြင်းတွေ ပျက်သုဉ်း
မင်းမျက်လုံးအစုံအောက်
စက္ကန့်ပိုင်းလေးလောက်မှာ
ငါ . . .
ကျဆုံးခဲ့ရတာပေါ့ . . .

www.burmeseclassic.com

www.burmeseclassic.com



Class ထဲမှထွက်လာတော့ Corridor မှာရပ်နေသည့် သူ့ကိုမြင်လိုက်ရသည်နှင့် သူမ့မျက်နှာလေး အလိုလိုပန်းရောင်သန်းသွား၏။ ခက်လိုက်တာနော်၊ ဘယ်လောက်ပဲ ခေါင်းခါခါ ဖွဲ့ကာ မလျှော့ပါလား။

"ဟော...အချိန်မှန် ဖယ်ရီလေး ရောက်နေပြီ ထားရေ"

အလတ်စကားကြောင့် သဥ္ဇာနှင့်နှင်းနှင်းက ရယ်လိုက်လေ၏။ လွယ်အိတ်ပြာလေး၏ကြိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် မျက်လွှာကို အသာချကာ သူ့ရှေ့မှ ဖြတ်လျှောက်လိုက်သည်။ နောက်ပါးမှ ခြေသံတရှပ်ရှပ်ကို ခပ်တိုးတိုး ကြားနေရ၏။ ရဲရင့်တဲ့... ချမ်းသာသည့်အသိုင်းအဝိုင်းက ဆင်းသက်လာသူမို့ သူ့အသားအရေက ရေချိုးပြီးကာစလို ဖြူဝင်းလွန်းလှသည်။ ဒီ

www.burmeseclassic.com

www.burmeseclassic.com



လောက် အချောအလှတွေပေါတဲ့ တက္ကသိုလ်မှာ သူမနောက်ကိုမှ စွဲစွဲမြဲမြဲ လိုက်နေတာ ဘာကြောင့်များပါလဲ။

မာနကလွဲလို့ ထားမှာ ဘာတစ်ခုမှ မချမ်းသာပါဘူး ရဲရင့်ရယ်။ အဖေတစ်ခု သမီးတစ်ခုနဲ့ ရုန်းကန်နေရတဲ့ဘဝမှာ "အချစ်" ဆိုတာကို ထား စိတ်ကူးယဉ်ခွင့် မရှိပါဘူး။ ဘဝလက်တွေ့ ခန်းထဲမှာ နှလုံးသားကို အစမ်းသပ်မခံပါရစေနဲ့လား။ သူ စီးနေကျ မာစီးဒီးဇီးညို့ရောင်ဘေးမှ ဖြတ်ခဲ့စဉ် အားငယ်ရိပ်က ရင်ထဲမှာ သိမ့်ခနဲဖြစ်သွားမိ၏။ မိုးနဲ့မြေဘဝပါလား။ ရှင့်ဖိနပ်တစ်ရံရဲ့တန်ဖိုးက ထားကိုယ်ပေါ်က အဝတ်အစားတွေထက်တောင်မှ ပိုတန်ဖိုးကြီးတာကို ရှင် နားလည်ရင် ထားကို လိုက်မနှောင့်ယှက်ပါနဲ့လား ရဲရင့်ရယ်။

ဂိတ်မှာရပ်လာသည့် ကားပေါ် တိုးဝှေ့တက်လိုက်စဉ် သူမနောက်ပါးဆီမှ ခပ်သင်းသင်းရနံ့ကို ရှူရှိုက်လိုက်ရသဖြင့် ကြက်သီးတွေ ဖျန်းခနဲထသွားမိ၏။ ဗုဒ္ဓေါ . . . သူပါလာပြီထင်ပါရဲ့။

"ကားခလေးတွေ အဆင်သင့်ထုတ်ထားပါနော်"

"ငါးယောက်"

"ဟယ် . . . နင်နဲ့ဘာဆိုင်လို့ ကားခပေးရတာလဲ"



"သူငယ်ချင်းတွေပဲ လတ်ရာ"

"ဘာသူငယ်ချင်းလဲ၊ ဘာမှမဆိုင်ဘူး။ စပယ်ယာ . . . ဒီမှာ လေးယောက်ခယူပါ။ သူ့ပိုက်ဆံပြန်ပေးလိုက်ပါ"

"ဟာ . . . ကျွန်တော့်မှာ အမ်းဖို့မရှိဘူး။ ယူပြီးပြီလေဗျာ။ ပေးချင်ရင် သူ့ကိုပဲ ပေးလိုက်တော့"

အလတ်က သူ့ကို မျက်စောင်းထိုးလိုက်ပြီး သူမလက်မောင်းကို အတင်းဆွဲလိုက်လေ၏။

"လာ . . . ထား . . . ဒီမှာရပ်"

"လတ်ကလည်း ကျွန်တော် ထားကို ကိုက်မစားပါဘူး"

"ကိုက်မစားမှန်းတော့ သိတာပေါ့။ နင့်ပါးစပ်အငြိမ်မနေရင် ထား စိတ်ညစ်မှာစိုးလို့ . . . ဟွန်း"

"ဟုတ်လား . . . ကိုယ်စကားပြောရင် ထား တကယ်ပဲ စိတ်ညစ်သလားဟင်"

သူမမျက်နှာနား ငုံ့၍ ကပ်ပြောလိုက်သဖြင့် သူ့ဝင်သက် နွေးနွေးက သူမနဖူးမှာ ဖြတ်ပြေးသွားလေသည်၊ ရင်ထဲမှာ တစ်မျိုးလေးဖြစ်သွားမိ၏။

"အို . . . ဘာဆိုင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ဘူးလား။ ကိုယ်က ဆိုင်ချင်နေတော့ ခက်တာပဲ ထားရယ်"

"ရဲရင့်ရယ် . . . နင့်ဘေးမှာ ဒီလောက်ဝိုင်းဝိုင်းလည်နေတာကို နင် ကြိုက်တာရွေးလိုက်စမ်းပါ။ ငါ့သူငယ်ချင်းကို ဒုက္ခမပေးပါနဲ့ဟယ်၊ ငါ တောင်းပန်ပါတယ်"

"လတ်ကလည်းကွာ၊ ကျွန်တော် ဘာဒုက္ခပေးမိလို့လဲ၊ သူခတွေနဲ့ပြီးပြည့်စုံစေချင်လို့ပါဆိုမှ၊ လတ်ပြောလိုက်မှပဲ ကျွန်တော်က လူဆိုးကြီးဖြစ်နေပြီ"

"နင် တော်တော် အတင့်ရဲလာပြီနော်။ ခါတိုင်းဆို ဂိတ်ကနေလှည့်ပြန်တာ၊ အခုတော့ ကားပေါ်ထိပါလာပြီ"

"ကျွန်တော်က နင်းဆီပန်းထက် သူ့အလိုလိုကြွေကျတဲ့ ခရေပန်းကို ပိုကြိုက်တာ ဘယ့်နှယ်လုပ်မလဲ လတ်ရယ်"

"ကြည့်စမ်း . . . ပြောနေတဲ့ကြားက ထပ်ကွန့်ပြန်ပြီ။ နင့်အဖေသိရင် နင်နာမှာနော် ရဲရင့်"

"အသားနာတာပဲ လတ်ရယ်။ ရင်မနာရရင် ပြီးတာပဲ"

အလတ်နှင့်သူ အချီအချပြောနေတာကို သဥ္ဇာနှင့် နင်းနင်းက ကျိတ်ရယ်နေကြ၏။ သူမ ခေါင်းပေါ်မှ ခရေပန်းကုံး



လေးက နွမ်းနေပြီဖြစ်သော်လည်း မွှေးမြနေတုန်းပင်၊ ကားဘရိတ်အုပ်လိုက်စဉ် သူမသူငယ်ချင်းတွေကြားထဲမှထွက်၍ နောက်ကိုလန်ကျသွား၏။ တန်းကို ခပ်ဖွဖွသာကိုင်ထားမိသဖြင့် လက်မှလွတ်ကာ လူက ယိုင်သွားလေသည်၊

"အို . . . ကားကလည်း အရမ်းပဲ"

"ဘာမှမဖြစ်ပါဘူး ထားရယ်၊ အနောက်မှာ ကိုယ်တစ်ယောက်လုံး ရှိပါတယ်"

သူမပခုံးကို လှမ်းထိန်းပေးလိုက်သည့် သူ့ကို မျက်စောင်းတိုးလိုက်တော့ သူက သဘောတကျဖြင့် ဟက်ခနဲ ရယ်လိုက်လေသည်၊ ဘယ်လိုအဖြင်ကတ်ဖို့ကောင်းမှန်းကို မသိတော့ပါဘူး။ မှတ်တိုင်ရောက်တော့ သူက ရှေ့မှအရင်တိုးဆင်းလိုက်သဖြင့် သူမနှင့် အလတ်က နောက်မှလိုက်ဆင်းလိုက်ပါ၏။

"ကဲ . . . လမ်းထဲဝင်တော့မှာ နင်လိုက်ဦးမှာပဲလား"

"လိုက်မှာပေါ့ လတ်ရဲ၊ အိမ်အရောက်ပို့ဖို့ ရည်ရွယ်ပြီး လိုက်ခဲ့တာပဲ"

"နင် နေ့တိုင်း ကားတိုးစီးနိုင်လို့လား ရဲရင့်ရဲ၊ ဒီဒုက္ခက မသေးဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ထားတောင် ခံနိုင်ရည်ရှိသေးတာပဲ လတ်ရယ်၊ ကျွန်တော်က အပျော့ပေါ့။ ထား ကိုယ့်ကားနဲ့မလိုက်မချင်း ဒီဒုက္ခကို အတူတူခံမယ်နော်"

သူမမျက်နှာကို ငုံ့ကြည့်၍ ပြောလိုက်သဖြင့် သူမ ဆတ်ခနဲ မျက်နှာကို လွှဲလိုက်ပါ၏။

"ထားက မိဘပိုက်ဆံထိုင်ဖြုန်းနေတဲ့လူမျိုးကို အထင်မကြီးဘူး"

"ကိုယ်က အဲဒီလိုလူမှ မဟုတ်ဘဲ။ အားတဲ့အချိန်မှာ ဖေဖေ့အလုပ်တွေကို ဝိုင်းလုပ်ပေးပါတယ် ထားရဲ့"

"အဲဒါမိဘလုပ်ငန်းပဲ။ ရှင့်အစွမ်းအစနဲ့မှ မဟုတ်တာ"

"ကိုယ်က မိဘဆီက အချိန်တန်အမွေတောင်းမယ့်သားမျိုး မဟုတ်ပါဘူး ထားရဲ့၊ ဒါတွေ ကိုယ်နဲ့ရင်းနှီးတော့မှ ထားကို ပြောပြပါ့မယ်"

"အို . . . ရာရာစစ၊ ရှင်နဲ့ထား ရင်းနှီးစရာ ဘာအကြောင်းမှ မရှိဘူး။ ထားနဲ့မပတ်သက်ချင်နဲ့ . . . ရှင် ပြန်တော့"

"နည်းနည်းလေးတောင် သံယောဇဉ် မရှိဘူးလား ထားရယ်"



"မရှိဘူး"

"သေးသေးလေးရော"

"မရှိပါဘူးဆို"

"တစ်ကျပ်ဖိုးကွာ"

"မရဘူး"

"ငါးမူးဖိုးရော"

"ဩော် . . . မရပါဘူးဆိုနေမှ"

"ငါးပြားဖိုးရောဟင်"

အလတ်က မအောင့်နိုင်ဘဲ ရယ်ချလိုက်သဖြင့် သူမမျက်နှာမှာ ပြုံးယောင်သန်းလာ၏။ သူက သူမမျက်နှာအရိပ်အကဲကို စက္ကန့်မလပ်ကြည့်နေသူမို့ သူမမျက်နှာ ပြောင်းလဲမှုကို မြင်သွားလေသည်။

"တော်ပါသေးရဲ့၊ ငါးပြားဖိုးရရင်လည်း မနည်းဘူး"

"ရဲရင့်နော်"

"ဗျာ"

"ကြည့်"

"ကြည့်နေတယ်လေ ထားရယ်။ ဒီမှာ မျက်တောင်

www.burmeseclassic.com

www.burmeseclassic.com



တောင်မှ မခတ်ဘူး"

"တော်ပါတော့ ရဲရင့်ရယ်။ ငါ အူလိပ်တော့မယ်။ တော်ကြာ နင့်ကို ရစ်ကွက်ထဲက ဝိုင်းရိုက်နေမှ ဟုတ်ပေ့ဖြစ်နေမယ် နော်"

"ထားက ဒီလောက်ထိတော့ ကျွန်တော့်အပေါ်မှာ မရက်စက်လောက်ပါဘူး လတ်ရာ . . . နော် . . . ထား"

"ပြန်ပါတော့ ရဲရင့်ရယ်။ ဖေဖေ သိသွားရင် ထား အဆူခံရမှာ။ ဖေဖေ့ကို ထား ကတိပေးထားရတယ်"

"ဘာကတိလဲဟင်။ ကိုယ် သိခွင့်ရှိမလား"

"ရှိပါတယ်။ ကျောင်းပြီးချိန်အထိ ချစ်သူမထားပါဘူးဆိုတဲ့ ကတိပဲ"

"ဟိုက် . . . သေရော"

သူက နဖူးကို ဖတ်ခနဲရိုက်လိုက်သဖြင့် သူမ ပြုံးလိုက်မိ၏။ စိတ်ရှုပ်သွားပုံဖြင့် ဆံပင်တွေကို ထိုးဖွလိုက်တော့ ခပ်တိုတို ဆံနွယ်တွေက နေသားတကျပြန်ဖြစ်သွားလေသည်။

"ဒါကြောင့် ထားက လိုက်သမျှကောင်တွေကို ခေါင်းခါနေတာပေါ့ . . . ဟုတ်လား"



"အင်း"

"ဟာ . . . အဲဒါတော့ မမိုက်ပါဘူး။ အချစ်က အောင့်ထားလို့မရဘူး ထားရဲ့။ သူက သိပ်ဆိုးတာ။ ကိုယ့်ကိုပဲ ကြည့်။ နေတာက ဆန့်ကျင်ဘက်မှာ။ လမ်းကို ပြောင်းပြန်လျှောက်ပြီး ဖယ်ရီ ဖြစ်နေတာပဲကြည့်လေ"

"နောက်တော့လည်း ရှင် ပျင်းသွားမှာပါ ရဲရင့်ရယ်။ ကဲ ပြန်ပါတော့ . . . အိမ်နားရောက်နေပြီ"

"ကိုယ့်ကိုတော့ လျှော့မတွက်ပါနဲ့ ထားရယ်။ ကိုယ်က ထားကို တစ်သက်တာအတွက် ရည်ရွယ်ပြီး မြတ်မြတ်နိုးနိုးနဲ့ ချစ်တာပါ။ အပျော်ကြံတာ မဟုတ်ရပါဘူး။ ကိုယ် ပြန်ဦးမယ်၊ လတ် ကျွန်တော် ပြန်မယ်"

ချာခနဲလှည့်ထွက်သွားသည့် ကောင်လေးကို ငေးနေရင်း သူမ မျက်ရည်တို့ ဝဲလာ၏။ ချစ်တာထက် မေ့လိုက်တာက ပိုပြီးကောင်းမှာပါ ရဲရင့်ရယ်။ ထားက ရှင် ချစ်သင့်တဲ့မိန်းကလေးမှ မဟုတ်တာဘဲ။

အလတ်က သူမကို လက်ပြနှုတ်ဆက်ပြီး ရှေ့ဆက်လျှောက်သွားမှ ခြံဝင်းဇလားထဲဝင်ကာ အိမ်တံခါးသော့ကို ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ညနေစာချက်ပြုတ်ပြီးမှ အိမ်သန့်ရှင်းရေးလုပ်၊ ရေမိုးချိုးကာ ဘုရားသောက်တော်ရေ လဲ၍ ဘုရားရှိခိုးပါသည်။ ကျောင်းစာတွေလုပ်နေစဉ် ဖေဖေ ပြန်လာလေ၏။ ဖေဖေ့လက်ထဲမှ အိတ်နှင့်တိုက်ပုံကိုယူရင်း မျက်နှာ မကောင်းတာကို သတိထားမိသည်။

"ဖေဖေ . . . ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး သမီးရယ်"

"ဘာမှမဖြစ်တာသာပြောတယ် ဖေဖေ့မျက်နှာလည်း မကောင်းဘူး"

"အလုပ်မှာ ပင်ပန်းလို့ပါ သမီးရယ်။ ထမင်း စားပြီးပြီလား"

"ဘယ်စားရဦးမှာလဲ။ ဖေဖေ့ကို စောင့်နေတာလေ"

"ဆာရင် စားနှင့်ပေါ့ သမီးရယ်။ ဖေဖေ ရေချိုးလိုက်ဦးမယ်"

ထမင်းစားသောက်ပြီး ပန်းကန်တွေ အိုးတွေ ဆေးကာ ဖေဖေ့ကို နှိပ်ပေးစဉ် သက်ပြင်းချသံကျယ်ကျယ်ကို ကြားနေရ၏။ ဖေဖေ တစ်ခုခုတော့ ဖြစ်နေတာ သေချာပါတယ်လေ။

× × ×



မုန့်တီထိုင်သောက်နေစဉ် မျက်စောင်းထိုးရှိ စားပွဲမှာ ဝင်ထိုင်လိုက်သည့် သူ့ကို မြင်လိုက်ရသည်။ နေရာတကာ အရိပ်လိုပဲ တကောက်ကောက် လိုက်နေတာပါပဲလား။ အတန်းတောင်မှ မှန်ရဲ့လား မသိ။

"ဘာစားမလဲ အစ်ကို"

သူက သူမဘာစားနေလဲ လှမ်းကြည့်လိုက်သဖြင့် မသိမသာလေး ပြုံးမိသွားသည်။ ဘာလေးမှန်းကို မသိတော့ပါဘူး။

"မုန့်တီ"

"ငါးဖယ် . . . ပဲကြော် . . . ဘာထည့်မလဲ အစ်ကို"

"အကုန်ထည့်မယ်"

အလတ်က သူ့ကို ကျောခိုင်းထားနေရာမှ ကျိတ်ရယ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ နာပြီ ရဲရင့်ရေ။ အကုန်ဆိုလို့ကတော့ ရှင် စပ်ဖို့သာ ပြင်ပေတော့။ သိပ်မကြာပါဘူး။ နာခေါင်းနှင့် နားရွက်ပါ ရဲရဲနီကာ တရှူးရှူးဖြစ်နေသည့်သူ့ကို ကျောင်းသူတွေ ဝိုင်းလှောင်ကြတော့ ရှက်ရှက်ဖြင့် ထိုင်ခုံကို မ,လျက် သူမဘေးမှာ လာထိုင်လေ၏။

"အား . . . ဒီလောက်စပ်တာကို ထားတို့ ဘယ်လိုစားကြလဲကွာ"

"ဟဲ့ . . . ငါတို့က အဲဒီလိုစပ်ချင်လို့ကို စားတာလေ ရဲရင့်ရဲ့"

"ဗိုက်နာကုန်တော့မှာပဲ"

"ငါတို့က ဘဝသမားတွေ ရဲရင့်ရဲ့၊ အူမရှိင်းဘူး"

"အား . . . ရှူး . . . စပ်လိုက်တာကွာ"

"စပ်ရင် ထားဆီမှာ သကြားလုံးရှိတယ်။ တောင်းစား"

"ဟုတ်လား ထား"

သူမက သဏ္ဌာန်ကို မျက်စောင်းခဲလိုက်ပြီး ခေါင်းခါပြလိုက်ပါ၏။ အနီးနားတစ်ဝိုက်မှာလည်း မုန့်ဆိုင်မရှိသဖြင့် အချိုမရနိုင်တော့။ သူ့ခမျာ အတော့်ကိုစပ်နေရှာတာပဲ။ မုန့်တီဖိုးကို သူက အရင်ရှင်းလိုက်သဖြင့် အလတ်က သူ့ကျောကုန်းကို အုန်းခနဲထု

BURMESE CLASSIC .com



လိုက်လေသည်။

"တွေ့လား . . . ရာရာစစ လိုက်ပါပြန်ပြီ"

"ဟာ . . . လတ်ကလည်း နာတယ်ကွ"

"အမလေး . . . ဒီလောက်လေးမှ မခံနိုင်ရင် ငါတို့နား မလာနဲ့ . . . သွား"

"မရပါဘူး . . . လိုက်မှာပဲ"

သူမက ခြေလှမ်းကို စလှမ်းရာမှ ရပ်၍ သူ့ကိုလှည့်ကြည့်လိုက်ပါသည်။

"ရှင် ထားနောက်ကို မလိုက်တော့ဘူးလို့ ကတိပေးရင် သကြားလုံးပေးမယ်"

"လျှာပြတ်လည်း ပြတ်ပါစေတော့ ထားရယ် . . . လိုက်ပါရစေ"

"ကဲ . . . ထားရယ် ပြောလည်း ရမှာမဟုတ်ဘူး။ ပစ်ထားလိုက်"

သူမ လွယ်အိတ်ထဲမှ သကြားလုံးသုံးလုံးကို လက်ထဲမှာ အသာဆုပ်ထားလိုက်ပြီး ကျောင်းပေါ်သို့ တက်ခဲ့သည်။ အတန်းထဲ ဝင်ခါနီး နောက်ဆုံးမှာချန်လျက် သူ့လက်ထဲ အသာထည့်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၏။ သူက ပထမ တအံ့တသြဖြစ်နေပြီး နောက်တော့ သဘောကျစွာ ရယ်လိုက်လေသည်။

ဆရာမ ဝင်လာမှ အတန်းရှေ့က ထွက်သွားလေ၏။ စိတ်ထဲမှာ ဖေဖေ ဘာအခက်အခဲများရှိနေသလဲ တွေးမိနေသဖြင့် စာထဲမှာ စိတ်မဝင်စားတော့။ ဗလာစာအုပ်ကို ငေးကြည့်နေရင်း စိတ်က လွင့်ချင်တိုင်း လွင့်နေ၏။ အဝေးသင်ပြောင်းပြီး အလုပ်လုပ်မယ်ဆိုတော့လည်း ဖေဖေက လက်မခံပြန်။ ပင်ပင်ပန်းပန်း ငွေရှာနေရသည့် ဖေဖေ့ကို သနားမိတာက အတိုင်းအဆမဲ့။ မြို့ခြံချွေတာ စားသောက်နေပါလျက် အလုပ်ဒဏ်ဖြင့် ဖေဖေ့ကျန်းမာရေး တစ်စတစ်စ ဆုတ်ယုတ်လာတာကို သူမ အသိဆုံးမဟုတ်လား။ အတွေးတို့ဖြင့် မျက်ရည်တစ်ပေါက်က ဗလာစာအုပ်ပေါ် ကျသွားလေ၏။

"ဟယ် . . . ထား . . . ဘာဖြစ်လို့လဲ"

"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး"

"မျက်ရည်မကျနဲ့လေ။ ရှေ့တန်းက ကောင်လေးတွေ လှည့်ကြည့်နေပြီ"

"ထားပြန်တော့မယ် အလတ်ရယ်။ စာထဲ စိတ်မှမဝင်



စားတာ။ အချိန်ပဲကုန်တယ် . . . နော်"

"ဟယ် . . . တစ်ယောက်တည်း ပြန်လို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် အလတ်ရဲ့။ နောက်မှ အလတ်ဆီက စာပြန်ကူးမယ်နော်"

တစ်ချိန်ပြီးသွားစဉ် သူမ လွယ်အိတ်လွယ်လျက် အတန်းထဲမှ ထွက်လာခဲ့သည်။ ကားဂိတ်မှာ ကားမလာသေးသဖြင့် ရပ်စောင့်နေမိ၏။ နေက ခေါင်းပေါ်တည့်တည့်ကျနေသည်မို့ နဖူးထက်မှ ချွေးတို့ သီးလာလေသည်။

"ဘယ်လိုလဲ . . . ထူးထူးခြားခြား တစ်ယောက်တည်းပါလား ထားရဲ့"

ကားတစ်စီးရပ်လာပြီး ကားပေါ်မှ လှမ်းပြောလိုက်သည်မို့ သူမ မျက်နှာလေး ရဲသွားရ၏။ ဒုက္ခပါပဲ။ Eco က ဇော်မိုးလွင်ပါလား။ သူ့ကို ပြန်မချစ်နိုင်ကြောင်းပြောမိတာကို ချိုးလိုက်သည် အထင်ဖြင့် မကျေမနပ်ပြောခဲ့သည်မို့ ရန်ရှာခံရတော့မှာပဲ။ ကားပေါ်မှ ဆင်းကာ တံခါးကို ဟန်ပါပါဖြင့် ပိတ်လိုက်လေသည်။ သူမ လွယ်အိတ်ကို ရင်ခွင်မှာ အသာပိုက်လိုက်၏။ ကားရယ် မြန်မြန်လာပါတော့။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ထား"

"..."

"ထားက နာမည်နဲ့လိုက်အောင် ယောကျ်ားတွေကို ထားခဲ့ရက်တယ်နော်။ ဘာဖြစ်လို့ ဒီလောက်အသည်းမာရတာလဲ။ ပြောပါဦး"

"ဇော်မိုးလွင် ... ထားကို မနှောင့်ယှက်ပါနဲ့"

"နှောင့်ယှက်တာ မဟုတ်ပါဘူး ထားရယ်။ ထား နှလုံးသားကို အပိုင်လိုချင်လို့ တောင်းခံနေတာပါ"

"ထား တောင်းပန်ပါတယ်။ ရှင်နဲ့အဆင့်အတန်းတူတဲ့ မိန်းကလေးကိုပဲ စဉ်းစားလိုက်ပါ"

"ကိုယ်က ထားဆိုတဲ့ ပန်းပွင့်လေးကိုပဲ နမ်းရှိုက်ချင်တာလေ"

သူမ နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်တော့ ဇော်မိုးလွင်က သူမ လက်မောင်းတစ်ဖက်ကို ဆတ်ခနဲ ဖမ်းဆုပ်လိုက်လေ၏။

"ဟင် ... ဒါ ဘာလုပ်တာလဲ ဇော်မိုးလွင် ... လွှတ်နော်"

"ကိုယ်နဲ့ တစ်နေရာမှာ အေးအေးဆေးဆေး သွား



စကားပြောရအောင်"

"ဟင့်အင်း ... ထားမှာ ဘာမှပြောစရာမရှိဘူး။ ရှင့်ကို အပြတ်ငြင်းထားပြီးသားနော်"

"ထားမှာ မရှိပေမယ့် ကိုယ့်မှာရှိနေတယ်လေ"

"လွှတ်နော် ... ထားမှာ ... ထားမှာ ချစ်သူရှိပြီးသားပါ"

"လုံးဝမယုံဘူး ထားရဲ့၊ ထားဘေးက တောက်တဲ့လေးတွေက အချိန်တန်ရင် တဖုတ်ဖုတ်နဲ့ ပြုတ်ကျကျန်ခဲ့တာပဲလေ။ လာပါ ထားရယ်"

"အို ... မလိုက်ဘူး ... ရှင် လွှတ်နော်"

ခွပ်ခနဲအသံနဲ့အတူ ဇော်မိုးလွင် ခေါင်းက လည်ထွက်သွားသလို သူမလက်ကို ဆုပ်ကိုင်ထားသည့် လက်လည်း ပြုတ်သွားလေ၏။ သူမ အသံမထွက်မိအောင် ပါးစပ်ကို အမြန်ပိတ်လိုက်ရသည်။ သူ့လက်သီးချက်များကြောင့် ခဏအတွင်း ဇော်မိုးလွင်မျက်နှာမှာ ဖူးယောင်သွားလေ၏။

"ရဲ ... ရဲရင့် ... တော်ပါတော့ ... သေတော့မှာပဲ"

"ထားက ဒီကောင်လက်ဆွဲတာကို ငြိမ်ခံနေရလား"

"ထား ရုန်းနေတာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုးလွင်က သူ့ကို မိုက်ကြည့်တစ်ချက်ကြည့်လိုက်ပြီး ကားကို မောင်းထွက်သွားလေ၏။ ကားဂိတ် ခပ်လှမ်းလှမ်းဆီ ဆွဲခေါ်လျက် သူနှင့်သူမရန်ပွဲက ဆက်ဖြစ်နေကြလေပြီ။

"အဲဒါ ရှန်းတာလား။ ကားပေါ်ကိုပါတော့မယ်။ ကိုယ် အရောက်မြန်ပေလို့ပဲ။ ကြည့်စမ်း . . . ဒါ ကျောင်းပြန်ချိန်မှ မဟုတ်တာ။ အချိန်မတိုင်မီ ထား သူနဲ့ချိန်းပြီး"

"တော်တော့ . . . တော်တော့ . . . ထင်ရာတွေ လျှောက်ပြောမနေနဲ့"

"မထင်လို့ရမလား။ ထားလုပ်ပုံတွေကိုလည်း ကြည့်ဦး"

သူမ သူ့ကို စူးစူးရဲရဲကြည့်လိုက်ပြီး မုန်ဝဘက် ခြေလှမ်းလိုက်သဖြင့် သူက သူမနံဘေးမှ ပါလာလေသည်။

"ထား"

"..."

"ထား . . . ကိုယ်ခေါ်နေတယ်လေ"

"ရှင် လိုက်မလာနဲ့"

"မလိုက်လို့ရမလား။ တော်ကြာ ကား တင်ပြေးသွားရင် ကိုယ် ရင်ကျိုးရချည်ရဲ့"



"အဲဒါ ရှင်နဲ့မဆိုင်ဘူး။ လာ ပြောမနေနဲ့"

"ဘာလဲ . . . ထားက ဟိုကောင့်ကို ကိုယ်ထိုးလိုက်လို့ မကျေနပ်ဘူးလား။ ထားက သူ့ကို ခေါင်းညိတ်လိုက်တာလား . . ရှင်းရှင်းပြော"

"ရဲရင့်"

သူမမျက်ဝန်းမှ မျက်ရည်တွေ လိမ့်ဆင်းလာ၏။ နဂိုကတည်းက စိတ်မကောင်းဖြစ်နေရသည့်ကြားထဲ ဝေဒနာတွေက ထပ်ပုံလာရပြန်ပါရောလား။

"ဟာ . . . ထား . . . မငိုနဲ့လေ"

သူမ ပန်းခြံအုတ်ဘောင်ပေါ်ထိုင်ချလျက် မျက်နှာကို လက်ဖြင့်အုပ်ကာငိုချလိုက်မိလေသည်။ သူက ခြေမကိုင်မိ လက်မကိုင်မိဖြစ်လျက် သူမရှေ့မှာ ဒူးထောက်၍ ထိုင်ချလိုက်လေ၏။

"ထား . . . ကိုယ်မှားသွားရင် တောင်းပန်ပါတယ် ထားရယ်။ ကိုယ်က ထားဆီကိုလာရင်း လတ်ပြောလိုက်လို့ ထားနောက် အပြေးလိုက်ခဲ့တာပါ။ ဒီရောက်တော့ ထားက . . . ထားက ဟိုကောင့်နောက်ကို လိုက်မလိုဖြစ်နေတာ။ အထင်တွေ မှားကုန်တာပေါ့။ ကိုယ်တောင်မှ ထားကို ထိရက်တာ မဟုတ်ဘူး။ သူက

www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးပိုင်နင်းနဲ့ လက်ဆွဲတော့ ကိုယ်လည်း ဒေါ်သမထိန်းနိုင်ဖြစ်သွားတာပါ"

သူမ အငိုကိုရပ်၍ မျက်ရည်တွေကို သုတ်လိုက်သည်။ သူက ယခုတိုင် သူမရှေ့မှာ ဒူးထောက်ထိုင်နေတုန်းပင်။

"အဲဒီလို မခံစားချင်ရင် ရှင် ထားကိုမချစ်နဲ့တော့။ နောက်တစ်ယောက်ကို ပြောင်းဖို့စဉ်းစား . . . ဒါပဲ"

သူမ ဆတ်ခနဲထရပ်လိုက်တော့ သူပါထပြီး သူမနောက်ပါလာပြန်၏။ ရော် . . . ခက်တော့တာပဲ ရဲရင့်ရယ်။ ရှင်တော့ ပြောနေပါလျက် မရပါလား။

"မရတော့ဘူး ထားရဲ့၊ ကိုယ်က ထားကျွေးတဲ့သကြားလုံး သုံးလုံးကို I Love You အဓိပ္ပာယ်နဲ့ ဝါးစားပြီးသွားပြီ။ ဘယ်လို ပြောင်းလို့ရတော့မှာလဲ"

"ဟင်"

သူမ အံ့သြစွာဖြင့် လှည့်ကြည့်လိုက်ပြီး၊ ခေါင်းကို ခါယမ်းလိုက်မိ၏။ ထင်ရာတွေ စွတ်ပြောနေတာပါပဲလား။

"ထား ထပ်ပြောမယ် ရဲရင့်၊ သေချာနားထောင်ပါ။ ထားရှင့်ကို လုံးဝမချစ်နိုင်ဘူး။ ဘယ်တော့မှ ပြန်ချစ်မှာ မဟုတ်ဘူး။



အထူးသဖြင့် ရှင်က ထားနဲ့အဆင့်အတန်းသိပ်မြင့်လွန်းနေတာကပိုဆိုးတယ်။ ဒီတော့ . . . နောက်သာဆုတ်လိုက်ပါ"

"ချမ်းသာတာ ကိုယ်မှမဟုတ်ဘဲ ထားရဲ့၊ ကိုယ့်မိဘတွေပါ"

"အဲဒါကြောင့် ထားပြောတာပေါ့ ရဲရင့်ရယ်။ စိတ်အလိုလိုက်ပြီး ခေါင်းညိတ်မိရင် နောက်ဆက်တွဲပြဿနာတွေက ထားဒူးနဲ့မျက်ရည်သုတ်ဖို့ပဲ ရှိတာပါ။ မျက်တောင်တဆုံး မကြည့်ဘဲမျက်စိတဆုံးမြင်ကြည့် . . . ရှင် ခေါင်းမမာချင်စမ်းပါနဲ့"

"ထားကလည်းကွာ . . . ကိုယ် . . ."

ဂိတ်ရောက်နေပြီဖြစ်၍ ထိုးရပ်လာသည့်ကားပေါ်ကို သူမ အပြေးတက်ခဲ့တော့ ဂိတ်မှာ သူတစ်ယောက်တည်း ရပ်ကျန်နေခဲ့လေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့မှာရပ်လိုက်သည့် ကားကြောင့် သူမ မျက်လုံးပြူး သွားရ၏။ ဘုရားရေ . . . ဒါ . . . သူ့ကားပါလား။ ကားပေါ်မှ အန်တီ ကြီးတစ်ယောက် ဆင်းလာသည်မို့ သူမ အိမ်တံခါးကို အသင့်ဖွင့် ထားလိုက်မိသည်။

"ဒါ . . . သက်ထားရွှေစင်တို့အိမ်လား"

"ဟုတ်ပါတယ် အန်တီ။ သက်ထားရွှေစင်ဆိုတာ ထား ပါပဲ။ အိမ်ထဲဝင်ပါ . . . ထိုင်ပါဦးရှင်"

ဆက်တီအဟောင်းလေးပေါ် ထိုင်ချ၍ အိမ်ထဲကို ဝေ့ဝဲ ကြည့်လိုက်ပြီး အန်တီက မသိမသာ သက်ပြင်းချလိုက်ပါသည်။

"အန်တီက ရဲရင့်ရဲ့မေမေပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ရဲရင့်ကို သမီးသိမှာပါနော်။ ဒီလို သမီးရယ်၊ သားဖေဖေနဲ့ အရမ်းရင်းနှီးတဲ့သူငယ်ချင်းတစ်ယောက်ရှိတယ်ကွယ့်၊ အဲဒီလူမှာ သမီးလေးတစ်ယောက်ရှိတယ်၊ မိဘတွေက လုပ်ငန်းစပ်တူလုပ်ထားကြတာလည်း တစ်ကြောင်း၊ လူငယ်ချင်းကလည်း ရင်းနှီးတာကတစ်ပိုင်းပေ့ါလေ။ သားတို့နှစ်ယောက်ကို သဘောတူထားကြပါပြီ။ Final ဖြေပြီးရင် လက်ထပ်ဖို့ အားလုံးစီစဉ်ပြီးသားပါ။ ခုသားက သူမှာချစ်သူရှိပါတယ်ဆိုပြီး ဆန္ဒပြနေလို့ အန်တီ သမီးကို လာတွေ့ရတာပါပဲ"

"သူနဲ့ထားက သူငယ်ချင်းတွေပါ အန်တီ၊ သူ ပြောသလိုမျိုး မဟုတ်ရပါဘူး"

"အန်တီလည်း ထင်ပါတယ်၊ သမီးက ကျောင်းမှာတော်တော်နာမည်ကြီးတာပဲ၊ သားနဲ့သဘောတူထားတဲ့ ဝတ်မှုန်တောင် သမီးကို လာကြည့်ဖူးတယ်တဲ့ကွယ်၊ သမီးက ဣန္ဒြေအရမ်းရှိတာကိုး။ ဒီတော့ သမီးရယ် သူငယ်ချင်းဆိုတော့ ခပ်စိမ်းစိမ်းနေလို့ ပိုကောင်းတာပေ့ါ။ သားကို ဖြတ်ပေးပါ။ ပြောရတာ အန်တီ အားနာပါတယ်ကွယ်၊ မပြောလို့လည်း မဖြစ်လို့ပါ။ သားအဖေဆို သားကို တုတ်ကြိမ်း ဓားကြိမ်း ကြိမ်းနေတာကွယ့်"



"ဟုတ်ကဲ့ ... ထား နားလည်ပါတယ် အန်တီ၊ နောက်ကိုသူနဲ့ထား ဘာမှမပတ်သက်စေရပါဘူးလို့ ကတိပေးပါတယ်"

"ကျေးဇူးတင်လိုက်တာ သမီးရယ်၊ တကယ်ပါ ... အန်တီက တော်တော်ပြောယူရမယ် မှတ်နေတာ၊ ဒီမှာ သမီးအတွက်"

"မယူပါရစေနဲ့ အန်တီ၊ ထားတို့သားအဖက ကိုယ့်လုပ်အားနဲ့ရတဲ့ငွေကိုပဲ တန်ဖိုးထားပါတယ်"

"သိပ်ကောင်းတဲ့ စံယူချက်လေးပဲ၊ ဒါဆိုရင် အန်တီ ပြန်ဦးမယ် သမီးရယ်၊ အန်တို့ Visiting Card ကိုတော့ ယူထားပါ။ သမီးမှာ သိပ်အခက်အခဲရှိတဲ့အခါမျိုးမှာ အန်တို့ကို ဆက်သွယ်လိုက်ပါ သမီး။ အန်တို့ဘက်က တတ်နိုင်သလောက် အကူအညီပေးပါရစေ"

"ကျေးဇူးတင်ပါတယ် အန်တီ"

"ဒါဖြင့် အန်တီသွားမယ် သမီး"

"ဟုတ်ကဲ့"

ရည်မွန်စွာပြောဆို၍ပြန်သွားသည့် သူမမေမေ၏နောက်ကျောကို ငေးလျက် သူမ ငိုင်နေမိသည်၊ စာမေးပွဲဖြေရတော့မှာမို့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွေ ပိတ်ထားသဖြင့် သူမအိမ်မှာပင် အလတ်နှင့်အတူ စာကျက်ဖြစ်သည်။ ခဏအကြာမှာ စာအုပ်တစ်ထပ်နှင့် အလတ် ရောက်လာလေ၏။

"ဟဲ့ . . . ငိုင်နေလိုက်တာ အသက်မရှိတော့တဲ့အဝိုင်း ပါပဲလား ထားရယ်"

"အလတ် . . . ခုနကလေ သူ့မေမေ လာသွားတယ်"

"ဘယ်သူ့မေမေလဲ"

"ရဲရင့်"

"ဟယ် . . . ဘာလာလုပ်တာလဲ"

"သူ့ကို ဖြတ်ပေးပါတဲ့"

"ဟာ . . . သူနဲ့ထားက ချစ်သူတွေမှ မဟုတ်တာပဲ"

"ထားသိပါတယ်။ ဒါကြောင့် သူ့ကို အစောကြီးကတည်းက အပြတ်ပြောခဲ့တာပေါ့။ ဒါပေမဲ့ . . . သူက တော်တော်ခေါင်းမာတယ် အလတ်ရဲ့"

"အဟင်း . . . ဖွဲကိုကိုတော့ ဖွဲဆုရလိမ့်မယ်လို့ ထင်ထားတာ၊ ပန်းဝင်ခါနီးမှ ဆုပျောက်ကိန်းဆိုက်ပါရောလား"

"စိန်ဆိုတာ မြနဲ့ရံမှ တင့်တယ်တယ်ဆိုတာ တကယ် မှန်



တာပဲနော်"

"ထား . . . ငါထင်တယ် . . . နှင့်ရင်ထဲမှာ သူ ရောက်နေပြီ မဟုတ်လား . . . ဟင်"

သူမ ကြေကွဲစွာပြုံးလိုက်မိ၏။ သေချာတာပေါ့ အလတ်ရယ်။ သူ့စကားလုံးတွေ၊ သူ့ဟန်ပန်တွေက ထား နှလုံးသားကို အရည်ပျော်စေခဲ့တာ ကြာပါပြီ။ မာနလေး တင်းခံနေလို့သာ ထား ပျော်ကျမသွားတာပါ။

"ထားရယ . . ."

"မဖြစ်နိုင်တာကို တောင့်တမိရင် ထားအဖြစ်က လမင်းကို မော့ကြည့်ပြီး ထမင်းဆီဆမ်းရွှေလင်ပန်းနဲ့ ချပေးပါလို့ တောင်းမိတဲ့ ကလေးလို ဖြစ်သွားမှာပေါ့ အလတ်ရယ်။ ခရေဆိုတာ တော်ဝင်နန်းထိုက်တဲ့ ပန်းမျိုးမှမဟုတ်တာ။ လူတကာ မြေနင်းခံရတဲ့ဘဝ။ မြတ်နိုးတတ်တဲ့သူရှိမှသာ ကောက်ယူ မွှေးရှိက် ခံရတဲ့အဖြစ်လေ"

ပြတင်းပေါက်မှ အပြင်ကို ငေးမောလျက် သူမ ပြောချင်ရာပြောနေမိတာကို အလတ်က စိတ်ရှည်စွာဖြင့် စောင့်နားထောင်ပေးပါသည်။ သူမ သတိပြန်ဝင်သွားတော့မှ အလတ်က စကား

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောလေ၏။

"ငါလည်း အဒေါ်တွေကျောင်းထားပေးတာကို အားနာလှပြီထားရဲ့။ Finalကို Distance ပြောင်းပြီး အလုပ်ဝင်မလားလို့ပါ"

"ထားလည်း စိတ်ဝင်စားတယ် အလတ်။ ဘာလုပ်မယ် စိတ်ကူးထားလဲဟင်"

"ငါ့အစ်ကို ဝမ်းကွဲက ကျောက်မျက်သင်တန်းတက်ပြီး ပန်းတိမ်ဆရာလုပ်နေပြီလေ။ ငါလည်း သင်တန်းတက်ပြီး အဲဒီမှာ ဝင်လုပ်မလားလို့"

"ထားဖို့ပါ ပြောပေးလေ . . . နော်"

"ဩော် . . . ထားရယ် ပြေးကြည့်မှ ဒီသူငယ်ချင်းနှစ်ယောက်ပဲရှိတာ။ ငါလုပ်ရင် နင်ပါလုပ်ရမှာပေါ့။ စိတ်ချ . . . ကဲ လောလောဆယ် စာမေးပွဲကအရေးကြီးတယ်။ စာမေးပွဲဖြေပြီးတာနဲ့ သင်တန်းတက်ကြတာပေါ့ . . . လာ . . . စာကျက်ကြစို့"

ကျေးဇူးတင်ပါတယ် အလတ်ရယ်။ ထား အားငယ်နေချိန်မှာ အားပေးဖော်ရတာ။ စိတ်ဓာတ်ကျနေချိန်မှာ စိတ်ဓာတ်မြှင့်တင်ပေးဖော်ရတဲ့ သူငယ်ချင်းလေးကို ထား အမြဲ အမှတ်ရနေမှာပါကွယ်။



ညနေ အလတ်ပြန်သွားတော့ အိမ်အလုပ်တွေ ပြီးစီးအောင်လုပ်ပြီး ဖေဖေ့အတွက် လိမ်းဆေးကုန်နေပြီမို့ ဆေးဝယ်ရန် လမ်းထိပ်စတိုးဆိုင်ကို ထွက်လာခဲ့၏။

"ဟော . . . ထားပါလား။ ဘာယူမလို့လဲ သမီး"

"ဂျုန်ရာဇာနဲ့ မှန်ညင်းဆီ တစ်ဘူးဆီပေးပါ အန်တီခိုင်"

"အေးအေး . . . ထားတို့စာမေးပွဲဖြေရတော့မှာနော်"

"ဟုတ်ကဲ့"

"စာတွေ ပိုင်နေပြီလား"

"ကျက်တုန်းပဲ အန်တီရဲ့"

"အေးပေါ့ . . . ကြိုးစားပါ သမီးရယ်။ သမီးဖေဖေက သမီးငယ်ငယ်လေးကတည်းက ပင်ပင်ပန်းပန်း ရှာကျွေးလာတာ။ အခု သိပ်မပင်ပန်းတဲ့အလုပ်ရတော့မှပဲ အရင်က ဒဏ်တွေ ပြန်ဖြစ်လာတာလေ။ ဖေဖေ့ကို ဂရုစိုက်နော် သမီး။ မိဘကျေးဇူးဆိုတာ လူတိုင်း ဆပ်ခွင့်ရတာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ အန်တီ"

ဆေးဝယ်ပြီး ဆိုင်ထဲမှထွက်လာခဲ့စဉ် သူမဘေးမှာ ကားတစ်စီး ထိုးရပ်သွားသဖြင့် သူမ လန့်အော်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွဲ"

"အမေ့"

ကားပေါ်မှဆင်းလာသည့်လူကို ကြည့်ရင်း သူမ ခေါင်းနောက်သွားရ၏။ မနက်ကပဲ အမေလာ၊ ညနေကျတော့ သားပါ ရောက်လာပါရောလား။

"ထား . . ."

"ဘာလဲ"

"မေမေ့ကို ထား ဘာပြောလိုက်တာလဲ ထားရာ"

"ရှင့်အမေကို ထား ကတိပေးပြီးသွားပြီ ရဲရင့်။ ဒီတော့ ရှင်နဲ့ထား ဒီထက်ပိုပတ်သက်ဖို့ မလိုတော့သလို၊ ရှေ့ဆက် ခင်စရာလည်း မလိုတော့ဘူး။ ရှေ့က ဖယ် . . ."

"မဖယ်ဘူး . . . ကိုယ် ထားကလွဲပြီး ဘယ်မိန်းမကိုမှ လက်မထပ်ဘူးလို့ ဆုံးဖြတ်ထားတယ်။ ဒီတော့ . . . ထား ကိုယ့်ကို ပြန်ချစ်ပါ"

"ဘာပြောတယ်။ ရှင်ရူးနေလား။ မိဘတွေက ဒီလောက် အတန်တန်တားနေပါလျက်နဲ့ မိုက်တွင်းက နက်ချင်နေတယ်။ ရှင် ဘယ်လိုလူလဲ။ ရှင့်လောက် ခေါင်းမာတဲ့လူမျိုး ဒီတစ်ခါပဲ တွေ့ဖူး



သေးတယ် . . .အဲ့ပါရဲ့"

"အဲဒါ ထား ကြောင့်ဖြစ်နေတာလေ။ ထားမှ ပြန်မချစ်ရင် ကိုယ် ဒီလောကကြီးထဲမှာ မနေချင်တော့ဘူး"

"တောက် . . . လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့။ ရှင် ရှေ့ကဖယ်ပေးနော်။ ထား အော်လိုက်မှာ"

"ထားတောင်မှ ရက်စက်သေးရင် ကိုယ် မခံရဲစရာ အကြောင်း မရှိဘူး"

ပြဿနာဖြစ်မှန်းသိသဖြင့် လက်ဖက်ရည်ဆိုင်ထဲမှ လူတစ်အုပ် ထွက်လာ၏။ သူ့ကို ဒုက္ခမရောက်စေချင်သဖြင့် ရန်ရှောင်ရန် သူမ သူ့ဘေးမှ ကျော်တက်စဉ် သူက သူမလက်တစ်ဖက်ကို လှမ်းဆွဲလိုက်လေသည်။

"ထား . . . ကိုယ် . . ."

"ရှင် ထားလက်ကိုလွှတ်နော်"

"သက်ထားရေ . . . ဒီလောက်ဆို ငါတို့သဘောပေါက်နေပြီ. . .ဝင်ရှင်းရုံပဲ . . . ဟေ့ကောင်"

လျှပ်တစ်ပြက်အတွင်း ကားနံဘေးမှာ သူ ပုံလဲကျသွားလေ၏။ သူမ မျက်နှာကိုအုပ်၍ ရင်ထဲမှာ တဒိန်းဒိန်းခုန်ပေါက်နေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ အမလေး . . . သေပါပြီ . . . သေပြီလား မသိတော့ပါဘူး။

"သမီး . . . ဘာလုပ်နေတာလဲ"

"ဖေဖေ"

ဝရန်းသုန်းကားဖြစ်နေသည့်အနားမှ ဖေဖေ ဆွဲခေါ်ရာဆီ သူမ လိုက်ခဲ့ရတော့သည်။ ရဲရင့်ရေ . . . ဒီလောက်နောင်ကြဉ်သွားရင်တော့ ရှင် ထားကို ဘယ်တော့မှ မပတ်သက်နိုင်တော့ပါဘူး။

× × ×



နောက်ဆုံးဘာသာကို ဖြေဆိုအပြီးမှာ သူငယ်ချင်းများနှင့်အတူ ကျောင်းပြင်သို့ထွက်လာခဲ့၏။ အလတ် ဟာသဖောက်နေတာကို သဉ္ဇာနှင့်နှင်းနှင်းက လိုက်ရယ်နေသော်လည်း သူမကဖြင့် ငေးငိုင်ငိုင်။ သူ စာမေးပွဲမှ ဖြေဖြစ်ရဲ့လား၊ ခေါင်းပေါက်သွားလား၊ နှုတ်ခမ်းကွဲသွားလား၊ ခြေလက်တွေ ကျိုးကုန်ပြီလား ဟူသည့် မေးခွန်းတွေ တသီကြီးဖြင့် ရင်ထဲမှာ ပုံတင်ထပ်နေ၏။

ကားဂိတ်မှာ လူတွေပြုံနေသေးသည်မို့ ခြေလှမ်းကို ခပ်ဖြည်းဖြည်းဖြင့်သာ လှမ်းခဲ့ကြသည်။ ကုံကော်နံ့က လေသွေးရာမှ မွှေးပျံ့လာလေ၏။

"ဟယ် . . . ဒါဆိုရင် ငါတို့ပါအဝေးသင် ပြောင်းမယ်လတ်ရယ်။ နင်တို့မရှိရင် တို့နှစ်ယောက်တည်း အဖော်မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့မိဘတွေက တတ်နိုင်တဲ့သူတွေပါ သဥ္စာရယ်။ ငါနဲ့ထားက ဘာမှပြည့်စုံတာမဟုတ်ဘူး။ အခြေအနေအရ ကျောင်းလွှဲတက်ရတာကို လိုက် အရှုံးမထနဲ့"

"ဒါတော့ နင်တို့ မတရားဘူးပဲ။ ဆယ်တန်းတောင်မှ အတူတူ အောင်လာတာကို။ မရဘူး . . . လိုက်ပြောင်းမှာပဲ"

"ကဲ . . . သဘောပဲရှင်။ နင်တို့မိဘတွေ သဘောတူရင် ပြောင်းဟယ်"

"အင်း . . . မရမကပြောရမှာပေါ့"

နံဘေးမှာ ကားတစ်စီးထိုးရပ်သွားသဖြင့် တစ်အုပ်စုလုံး လန့်ဖျပ်အော်လိုက်သလို စိတ်နှင့်လူမကပ်သည့် သူမပါ သတိဝင် သွား၏။ ဘုရားရေ . . . ရဲရင့်တော့ ပြဿနာထပ်ရှာဦးမယ် ထင်ပါ ရဲ့။

"လတ် . . . ကျွန်တော် သူနဲ့ပြောစရာရှိလို့ ရှောင်ပေးပါ"

"ဘာဆိုင်လဲ . . . ဘာမှရှောင်စရာမလိုဘူး အလတ်။ မသွားနဲ့"

"ဟယ် . . . ကျောင်းဝင်းထဲမှာနော် ရဲရင့်၊ နင်တော့ ပြဿနာကောင်ပဲ"



"ကျွန်တော် သူနဲ့ အေးအေးဆေးဆေး ဆွေးနွေးရုံပါ"

"ကဲ . . . ဒါဆိုလည်း ဟိုနားကခုံမှာ သွားထိုင်ပြော။ သိပ်မကြာစေနဲ့ . . . ထား လိုက်သွားလိုက်"

"ဟင့်အင်း . . . ထားမလိုက်ဘူး။ သူနဲ့လည်း ဘာမှပြော စရာ မရှိဘူး"

"ထားရယ် . . .ခဏလေးပါ။ ကိုယ်က ထားနဲ့စကားပြော ခွင့်မရအောင်တောင်မှ သိမ်ငယ်နံချာနေပြီလား . . . ဟင်"

သူမရင်ထဲမှ အော်ငိုသွားမိ၏။ အဲဒါ ထားပြောရမယ့် စကားလေ ရဲရင့်။ ရှင်က ဘာဖြစ်လို့ ဒီလိုပြောရတာလဲ။

"ကဲ . . . လိုက်သွားလိုက်ပါ ထားရယ်။ လတ်တို့ ဒီနားမှာ ပဲ ရှိတယ် . . . နော်"

သူမ မလိုက်ချင်လိုက်ချင် ခြေလှမ်းဖြင့် သူ့နောက်မှ လိုက်ခဲ့ရ၏။ သူက သူမကို ထိုင်ခုံမှာ ထိုင်ခိုင်းလိုက်ပြီး ရှေ့မှာ မတ်တတ်ရပ်၍ ငုံ့စိုက်ကြည့်နေလေသည်။ ထားရဲ့နှလုံးသားက မနိုင်ဘူး ရဲရင့်ရယ်။ ရှင်နဲ့ ကြာကြာစကားပြောရင် ထားရင်ထဲကို ရှင် မြင်သွားပြီး ထားရဲ့ချစ်ခြင်းတွေကို ရိပ်မိသိရှိသွားမှာပေါ့။ ပြီး လက်စအတ်ကို သိမ်းလိုက်ပါတော့လား။

www.burmeseclassic.com

www.burmeseclassic.com



"ထား ကိုယ့်အပေါ်မှာ ဒီလိုတော့ မရက်စက်သင့်ပါဘူး။ ထား ကိုယ့်ကိုမုန်းတယ်ဆိုရင် ထားလက်နဲ့ ကိုယ့်ကို နာကျင်အောင်လုပ်လိုက်ပါ။ ကိုယ် ရဲရဲကြီးခံပေးမယ်။ ခုတော့ လူရမ်းကားလို့ အထင်ခံရပြီး အုပ်စုလိုက် ဝိုင်းဘေကြတာကို ခံခဲ့ရတာ။ ဘယ်လောက် ရင်နာဖို့ကောင်းလိုက်သလဲ"

"ဒါဆို ထားကိုမုန်းလို့ရနေပြီပဲ မဟုတ်လား။ ထားဘက်က လွန်သွားရင် ထား တောင်းပန်တယ်။ နောက်ကို မပတ်သက်နဲ့တော့ပေါ့ ရဲရင့်ရယ် . . . ထား သွားမယ်"

သူမ ထိုင်ခုံမှာ ထရပ်လိုက်တော့ သူက လက်ကိုပိတ်ကာလိုက်သဖြင့် သူမ သူ့ကို ဆတ်ခနဲမော့ကြည့်လိုက်ပါ၏။ သူက ခါးကြားမှာထိုးထားသည့် ရှစ်လက်မခန့်ရှည်သည့် ဓားမြှောင်ကို ဆွဲထုတ်ယူလိုက်သဖြင့် သူမ မျက်လုံးအစုံကျယ်သွားရတော့သည်။ ဘုရား . . . ဘုရား . . . ရဲရင့်တော့ . . . ရဲရင့်တော့ ထားအသက်ကိုရန်ရှာလေပြီကော။

သူက သူမလက်ဝါးကို ဆွဲယူ၍ ဓားမြှောင်ကိုထည့်ပေးလိုက်ပြီး သူ့ရှပ်အင်္ကျီကို ကြယ်သီးတွေ ပြုတ်ထွက်သွားအောင် ဖြန်းခနဲ ဆွဲဖြုတ်လိုက်လေ၏။



"ထား ရက်စက်ဝံ့ရင် ဒီကို တစ်ချက်တည်းနဲ့ အသေသာထိုးခဲ့။ အခုလို တအုံနွေးနွေးနဲ့တော့ ကိုယ် မခံစားချင်ဘူး။ သေသွားတာကမှ ခံသာဦးမယ်"

"ဟင့်အင်း"

သူမ ခြေလှမ်းကို နောက်ပြန်ဆုတ်လိုက်တော့ ခုံတန်းကို သွားတိုက်မိပြီ. ရှေ့ကို ငိုက်ဆင်းကာ ဓားထိပ်ချွန်က သူ့ရင်ဘတ်ကို ဒုတ်ခနဲ စိုက်သွားလေ၏။

"အား"

သူမ အလန့်တကြားအော်၍ မျက်လုံးကို မှိတ်ချလိုက်သည်။ ဒူးနှစ်ဖက်က ခန္ဓာကို မထိန်းနိုင်တော့ဘဲ ခွေကျသွား၏။

"ထား . . . ထား . . ."

"ရဲ . . . ရဲရင့် . . . ထားကို မုန်းလိုက်ပါ . . . ထားကို . . . မုန်း . . ."

"ထား . . . သတိထားလေ"

"ဟယ် . . . ရဲရင့်ရင်ဘတ်မှာ သွေးတွေ . . . ထား ဘာလုပ်လိုက်တာလဲ"

အလတ်တို့သုံးယောက် ပြေးလာစဉ် သူမက မြက်ခင်း

www.burmeseclassic.com

www.burmeseclassic.com



ထက် ပုံကျသွားလေပြီ။ သူက ထားကိုယ်လေးကို အတင်းဖွေ့ပိုက်လျက် တကြော်ကြော်အော်ဟစ်ခေါ်နေလေ၏။

“ထားရေ . . . ထား . . .”

“ရဲရင့်ရယ် . . . ဒုက္ခပါပဲ။ နင် ဘယ်ကစားကြီးယူလာခဲ့တာလဲ”

“ကျွန်တော် ဒီနေ့ ထားဆီက အဖြေမရရအောင် တောင်းမယ်ဆိုပြီး ထည့်လာတာ။ ထားက နောက်ဆုတ်ပြီး စုံနဲ့တိုက်တဲ့အရှိန်နဲ့ထိုးမိတာ။ ဘာမှမဖြစ်ပါဘူး။ ထိပ်နဲ့ပဲ စူးမိတာကို လန့်သွားတာ”

“ကြာရင် နင့်စိတ်နဲ့ ထား သေတော့မယ် ရဲရင့်ရယ်။ ထားကို ဒုက္ခမပေးပါနဲ့တော့”

“အချစ်က တားဆီးလို့မရဘူး လတ်ရဲ့။ ကျွန်တော် ထားကို အသက်ပုံပေးပြီး ချစ်တာပါ”

ရင်ခွင်ထဲ ဖွေ့ပိုက်ထားရာမှ သူမ သတိပြန်ဝင်လာ၏။ သူ့ရင်ဘတ်မှ သွေးတို့က သူမအင်္ကျီဖြူပေါ် စွန်းထင်းနေလေပြီ။ သူမ ကျုံးရုန်းထလိုက်တော့ သူက သူမလက်မောင်းနှစ်ဖက်ကို အတင်းဆုပ်ကိုင်ထားလိုက်လေ၏။



“ထား . . . ပြောခဲ့ဦးလေ . . . ကိုယ့်ကိုမုန်းတယ်လို့ ခါးခါးသီးသီး ပြောပစ်ခဲ့ပါ”

သူမ သူ့ကိုမော့ကြည့်လိုက်ပါ၏။ မျက်ဝန်းမှ မျက်ရည်တို့ဖြင့် အမြင်တွေဝေဝါးနေလေသည်။ မျက်သားတွေ နီရဲပြီး ကြေကွဲသည့်အကြည့်တွေဖြင့် သူမကို ငေးကြည့်နေသည့်သူ့လက်တွေကို သူမ ဖယ်ချလိုက်၏။

“မုန်းတယ် . . . ထား ရှင့်ကိုမုန်းတယ်”

“ကောင်းပြီ။ ထားမုန်းရင် ကိုယ် ဒီလောကကြီးထဲမှာ မနေတော့ဘူး”

“ဟယ်”

“အမလေး”

သူက မြက်ခင်းပေါ်ကျနေသည့် ဓားကို ကောက်ယူလိုက်သဖြင့် သူမ သူ့လက်ထဲမှ ဓားကို အမြန်လုရပါတော့၏။

“မလုပ်ပါနဲ့ . . . မလုပ်ပါနဲ့ ရဲရင့်ရယ်။ ထားကို . . . ထားကိုသာ အသေသတ်လိုက်ပါတော့”

“ထား . . . ထား ကိုယ့်ကိုချစ်နေတယ်ဆိုတာ ကိုယ် သိနင့်ပါတယ် ထားရယ်”

www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို တင်းတင်းပွေ့ဖက်လိုက်သဖြင့် သူမ သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် အော်ဟစ်လေတော့သည်။ သေချာပါတယ်။ ဒီအချစ်စစ်ပွဲမှာ သူ နိုင်သွားပါပြီလေ။

"ဟဲ့ . . နင်တို့နှစ်ယောက်နော် လူမြင်ကွင်းကြီးထဲမှာ"

"မကြည့်ချင်ရင် ကျောခိုင်းထားလိုက်ပေါ့ လတ်ရာ"

"ကြည့်ပါလား။ ငါ့သူငယ်ချင်းတော့ သေတော့မှာပဲ ရဲရင့်ရယ်။ နဂိုကမှ ထားက ယဲ့ယဲ့ရယ်"

"ကျွန်တော် တစ်ယောက်လုံးရှိနေရင် ထား ဘာမှမဖြစ်ရဘူး . . . ယုံလိုက်"

"ရှုံးပါ့ပါတယ်"

သူက သူမကို အသာဖြေလွှတ်လိုက်ပြီး ချစ်ရည်တို့ ရွှန်းလဲ့နေသည့်မျက်ဝန်းတို့ဖြင့် ကြည့်နေသဖြင့် သူမ မျက်လွှာကို အသာချထားလိုက်မိသည်။ ရင်ထဲမှာ တလှပ်လှပ်နှင့် ခြေဖျားလက်ဖျားတွေ အေးစက်ကာ နားထဲမှာ လေတွေတဟူးဟူးထွက်နေသည်က အရှိန်အဟုန်မြင့်မားလျက်။ ဒါ . . . အချစ်လား။ ကတိတစ်ခုကို ပေးပြီးသည့်နောက်မှာ ဒီကတိကိုချိုးဖောက်မပေဖို့ တွန်းအားပေးခဲ့တာက အချစ်တဲ့လားကွယ်။



"ထား . . . မောင်လို့ခေါ်ပါလား"

"ဟယ် . . . ရဲရင့်နော်။ တစ်ဆင့်တက်ပြန်ပြီ။ ဂိတ်မှာ လူကုန်နေပြီဟဲ့။ ပြန်ကြစို့ . . . အရှက်ကို မရှိဘူး"

"မောင်လို့ခေါ်မှ ပြန်ခွင့်ရမှာနော် . . . ထား"

သူမထံမှ မျက်စောင်းတစ်ပွင့် သူ့ကို လာထိလေ၏။ သူ ပြုံးလိုက်မိပြီး သူမ၏အေးစက်စက်လက်ဖျားလေးတွေကို ဆုပ်ကိုင်လိုက်စဉ် သူမထံမှ တိုးတိုးအသံလေး ထွက်လာလေသည်။

"မောင့်ကို . . . ထား . . . သိပ်ချစ်ပါတယ်"

"ထားရယ်"

အဲဒီနေ့အပြန် သူ့ကားပေါ်မှာ သူငယ်ချင်းတစ်အုပ်လုံး တက်စီးခဲ့ရပြီး သူ့ရင်ဘတ်အနားကို သူမဆေးထည့် ပတ်တီးစည်းပေးရလေသည်။ ပလာဇာတစ်ခုမှာ သူနှင့်ဆင်တူ Sport Shirt တစ်ထည်စီကို ဝယ်၍ဝတ်ကာ သူမ၏သွေးစွန်းနေသည့်အင်္ကျီကို အမှတ်တရအဖြစ် သူ သိမ်းသွားတော့၏။

အချစ်ဆိုတာ ရူးသွပ်ခြင်းလေလား၊ သို့တည်းမဟုတ် မိုက်မဲခြင်းလေလား။ ဒါဆိုရင်တော့ အဲဒီနက်နဲလှတဲ့အမိုက်တွင်းကြီးထဲကို သူ့လက်ကိုတွဲလျက် သူမ ခုန်ချမိခဲ့လေပြီကော။ မောင်

www.burmeseclassic.com

www.burmeseclassic.com



ရယ် . . . ထားက မစားကောင်းတဲ့အသီး၊ မချစ်ထိုက်တဲ့လူ တစ်ယောက်ကိုမှ ထားရဲ့အသက်နဲ့ထပ်တူ အကုန်စုပုံပြီး ချစ်မြတ်နိုးခဲ့မိတာပါကွယ်။

ဒိုင်ယာရီစာအုပ်လေးထဲမှာ ရေးမိစဉ် အမှတ်တရနေ့စွဲလေး၏အကြောင်းအရင်းခံက သွေးစွန်းပြီး ပျော်ခဲ့ရသည့် ပျော်ရွှင်ခြင်းတွေ ဖြစ်နေလေသည်။ နှလုံးသားရဲ့ဒဏ်ရာဒဏ်ချက်လေးတွေကို ခဏတာလေးတော့ ဆေးထည့်ခွင့်ပေးပါလား ကံကြမ္မာရယ်။

× × ×



သင်တန်းဆင်းသည်နှင့် အလတ်က သူမနား တိုးတိုးလေး ကပ်ပြောလိုက်သဖြင့် ပြုံးလိုက်မိသည်၊ ခြံပြင်ကိုထွက်လိုက်သည်နှင့် ကားရပ်၍အသင့်စောင့်နေသည့် သူ့ကို မြင်လိုက်ရလေ၏။

"အသက် . . . ပင်ပန်းနေပြီလားဟင်"

"အမလေးနော် . . . အတူတူချင်းကို ကွက်မေးပြန်ပြီ၊ နင်တော့လား"

"မတူဘူးလေ လတ်ရဲ့။ အသက်က ကျွန်တော့်ချစ်သူလေ။ လတ်လည်း ချစ်သူတော်ချင်လို့လား"

"အံမာ . . . ခွေးနာ . . . ငါ့ကို ဒီလိုပြောစရာလား"

အလတ်က သူ့လက်မောင်းကို ဖြောင်းခနဲပိတ်ရိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် သူ့မျက်နှာ ရှုံ့သွားကာ အမြန်ဖြေရှင်းရတော့သည်။

“လတ်လာချင်လည်း ကျွန်တော့်ရင်ထဲမှာ နေရာမရှိတော့ဘူး ဆက်ပြောမလို့ပါ။ အသက်နဲ့ ပြည့်နေပြီဗျ”

“တွေ့လား . . . နင်ဟာလေ အသားအနာခံပြီးတော့ ငါ့ကို မထိတထိ စ, သိလား။ ထားမို့လို့သာပေါ့။ တခြားလူဆို ငါနဲ့ နင့်ကို နာကစ်မှာ မလွဲဘူး”

“ဒါကြောင့် ကျွန်တော့်အသက်က သဘောထားကြီးတဲ့ နလုံးလှပိုင်ရှင်ကိုး လတ်ရဲ့”

သူမ တီးတိုးရယ်မောလိုက်တော့ သူက သူမလက်ကလေးကို ဆုပ်ကိုင်လျက် ကားဆီခေါ်လာလေ၏။

“မောင်”

“ဗျာ”

“ထားတို့ လိုင်းကားစီးပြီး ပြန်မယ်ကွယ်။ မောင့်ကားကို လိုက်စီးရတိုင်း ထား လိပ်ပြာမလုံဘူး”

“ဘာလဲ . . . ကတိပေးထားတာကို ပြန်သတိရသွားလို့လား။ ခေါက်ထားလိုက်ပါ အသက်ရာ။ အချစ်က အရာရာကို ကျော်လွှားအောင်မြင်နိုင်ပါတယ်”



“ပေါ်ရဲပဲ့ါတော် . . . တကတည်း တစ်ကမ္ဘာလုံးမှာ သူနဲ့ထားပဲရှိတာကျနေတာပဲ။ ပတ်ဝန်းကျင်ကို အလေးမထားဘူး”

“ပွစိပွစိ ရှုတ်မနေနဲ့ လတ်ရာ။ လတ်တော့ အပျိုကြီးဖြစ်ဖို့ ရာနှုန်းကိုးဆယ်ပဲ”

“အံမာ . . . ဖြစ်တော့ ပိုတောင်ကောင်းသေး။ ထားနဲ့အတူတူ ဘဝကိုရင်ဆိုင်ရုံပဲ . . . ဟွန်း”

“ဟာ . . . ဘယ့်နှယ် အသက်ကိုဆွဲထည့်ရတာလဲ။ အသက်က အပျိုကြီးမလုပ်ရပါဘူး။ ကျွန်တော်နဲ့ အသက်မွေးလာတဲ့ ကလေးကိုသာ လတ်က ဝိုင်းထိန်းပေးရမှာ”

“ဟယ် . . .မောင်နော် . . .ဘာတွေလျှောက်ပြောနေတာလဲ။ နားရှက်စရာတွေ”

“Sorry . . . Sorry . . . မောင့်အသက်ကို ချစ်စကားတွေပဲ ပြောမှာပါ”

“ကြည့်ပါလား . . . မောင်နော်”

သူက ကားတံခါးကို ဆွဲဖွင့်ပေး၍ သူမတို့ကို တက်စေပြီးမှ ကားကို ကန်ဘောင်အထိ မောင်းလာခဲ့၏။ ဘူးသီးကြော်ဆိုင်မှာ ဘူးသီးကြော်စားရင်း သူက နဝရတ်လက်စွပ်ကို ချွတ်၍ သူမ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို စာမေးပွဲစစ်လေ၏။

"ကဲ . . . သင်တန်းကပြီးတော့မှာဆိုတော့ ဒါ ဘာ ကျောက်တွေလဲ ပြောပါဦး။ အသက်ပဲ ကိုင်နော်။ လတ်ကို ပေး မကိုင်နဲ့။ တော်ကြာ ပျောက်သွားဦးမယ် . . . ယုံရတာ မဟုတ်ဘူး"

"အောင်မာ . . . ငါ့ကိုများ သူခိုးထင်နေလား။ နင်သာ အချိန်တန်ရင် ထားကို ခိုးမယ့် လူသူခိုး"

"ရှူး . . . ဟာ လတ်ကလည်း အချိန်တန်မှ နွားပိန်ကန် မယ့်ဟာကို ကြိုပြီး ကြေညာနေပြန်ပါပြီ။ တော်တော်ခက်တဲ့ ကလေးမပဲ"

သူမနှင့်အလတ် ခေါင်းချင်းဆိုင်၍ နဝရတ်လက်စွပ် လေးကို သေချာကြည့်လိုက်ကြ၏။

"ဟဲ့ . . . ဒါ နောက်တစ်မျိုးပါလား"

"ဒါပေါ့"

"ရပါတယ်နော် . . . ဒါက ပတ္တမြား"

"ဒါတော့ လတ်ပြောမှလား။ တော်တော့်ကို တော်တာ ပဲ"

"ဟင်းဟင်း . . . ဒါက စိန်၊ ဒါက နီလာ၊ ဒါက မြ၊ ဒါက



သန္တာ၊ ပုလဲ၊ ဂေါမိတ်၊ ကြောင်၊ ဥဿဖယား"

"တော်လိုက်တာနော်။ ဒါကြောင့် မောင့်အသက်ဖြစ်နေ တာ"

"ဘာမှလဲမဆိုင်ဘူး"

"နာလိုစမ်းပါ လတ်ရာ။ အင်း . . . အသက်ကို မောင် စေ့စပ်လက်စွပ်လုပ်ပေးရဦးမယ်။ မောင် မှာထားပြီးပြီ သိလား"

"မလိုချင်ပါဘူး မောင်ရယ်။ ထားကို အဖိုးတန်ပစ္စည်း တွေနဲ့ မချည်နှောင်ပါနဲ့။ ထားက မောင့်မျက်နှာလေးကို နေ့စဉ် မြင်ရပြီး မောင့်အသံလေးကို အမြဲကြားနေရရင် ကျေနပ်ပြီ။ အရာ အားလုံး ပြည့်စုံတယ်"

"အား . . . ကြည့်စမ်း . . . သိပ်စကားတတ်တဲ့ ချစ်သူ လေးပဲ"

"ဟဲ့ . . . လူတွေနဲ့နော်"

သူက သူမလက်ကို ဖျတ်ခနဲ ယူနမ်းလိုက်သဖြင့် အလတ်က အမြန် ဟန့်တားလိုက်လေ၏။ သူမ မျက်နှာလေး ရဲ ခနဲဖြစ်သွားသော်လည်း အပြုံးကတော့ မပျက်ပါချေ။

"မောင် ညက အိပ်မက်မက်တယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com



"လာပြီ . . . လာပြီ . . . ပေါက်ကရချောက်ဆယ်"

"လေးဆယ်ပါ လတ်ကလည်း"

"ချောက်ဆယ်ပါ . . .နင်က ပိုကိုပြောတတ်တော့ နှစ်ဆယ် ပိုတယ်၊ ချောက်ဆယ်ပဲ"

"တော်တော်ရှုပ်တဲ့ ဆေးရိုးသည်ပဲ၊ အဲဒါလေ . . . အိပ်မက်ထဲမှာ မောင်နဲ့အသက် မင်္ဂလာဆောင်ရတယ်တဲ့၊ အသက်က ဇာအဖြူဝတ်စုံလေးနဲ့ အရမ်းလှနေတာပဲ သိလား၊ မောင့်လက်ကို ချိတ်ပြီး လူတွေကြားထဲ ဆင်းလျှောက်နေတုန်း ဖြုန်းဆို ကလေးတစ်ယောက်က မောင့်လက်ကို အတင်းလာဆွဲဖြုတ်ပါလေရော၊ သားမေမေကို ခုချက်ချင်းလွှတ်ပေးတဲ့ . . . ကဲ ဘယ်လိုအိပ်မက်လဲ"

သူမနှင့်အလတ် တဟားဟား အော်ရယ်လိုက်မိကြသည်၊ သူက နာခေါင်းရှုံ့လိုက်ရင်း သူမ လက်ဖျားလေးကို အသာဆုပ်ကိုင်ထားလိုက်လေ၏။

"ရာရာဖွေဖွေ ရဲရင့်ရယ်"

"အဲဒါပြောတာပေါ့၊ အပြင်မှာတင် အနှောင့်အယှက်ရှိလှပြီ မှတ်နေတာ၊ အိပ်မက်ထဲမှာ မင်္ဂလာဆောင်တာတောင်မှ



အနှောင့်အယှက်က ရှိတုန်း။ အသက်မှာ ဘယ်တုံးကတည်းက ကလေးတစ်ယောက်ရှိနေတာပါလိမ့်နော်"

"အဲဒါ နင်နဲ့တိတ်တိတ်ပုန်း ရထားတာလေ . . . ကဲ . . ."

"ဟာ . . . လတ်ကလည်း ပေါက်ကရတွေ၊ ဖွ . . . လွဲစေဖယ်စေ . . . အသက်နဲ့ကျွန်တော်က သန့်သန့်လေးပါနော်၊ ဘာစည်း ဘာဘောင်မှ မကျော်ပါဘူး၊ မဦးမချွတ်"

အယူတွေသိပ်သည်းနေသည့် သူ့ကို ဝိုင်းစရင်း တစ်ညနေလေးက အကုန်မြန်သွားလေ၏၊ အိမ်ကိုပြန်ပို့တော့ သူမက ရှေ့ခန်းမှာထိုင်ပြီး အလတ်က နောက်ခန်းမှာ ထိုင်လိုက်လာ၏၊ လမ်းထိပ်မှာ ကားရပ်ပေးတော့ သူက အနောက်ကို လှည့်၍ပြောလိုက်လေသည်။

"လတ် . . . ခဏလောက် မျက်စိမှိတ်ပေးပါလား"

"ဟယ် . . . ဘာဖြစ်လို့လဲ"

"မပိတ်ချင်လည်းနေ၊ နောက်မှ ရှက်ပြီး ထမအော်နဲ့၊ ဒါပဲ"

သူမ ပါးပြင်ထက် နွေးခနဲဖြစ်သွားစဉ် အလတ်ထံမှ အာမေဋိတ်သံ ထွက်လာပြီး ထိုင်ခုံကိုကျော်၍ သူ့ကျောကို အုန်း

www.burmeseclassic.com

www.burmeseclassic.com



ခနဲ လှမ်းထုလေ၏။

"အား . . . အသက်ကိုချစ်ရတာ မောင်တော့ ကြာရင် ဘီလူးမလက်ချက်နဲ့ အသက်ထွက်လိမ့်မယ်။ အသက်က ဘီလူးမ စောင့်တဲ့ အာသာဝတီနတ်ပန်းဖြစ်နေတာကိုး"

"ဟင် . . . နင်သာ ဘီလူး . . . သရဲ . . . ထားကို ဝှတ်ဝှတ် ဝါးစားမယ့်အကောင်"

သူမပြုံးလျက် ကားပေါ်မှဆင်းကာ သူ့ကို လက်ပြနှုတ်ဆက်လိုက်ပါ၏။ ဩော် . . . အချစ်ဆိုတာ ပျော်ရွှင်ခြင်းတွေကိုသာ ဖန်တီးပေးတာမှန်ရင် အဲဒီပျော်ရွှင်ခြင်းအိပ်မက်တွေထဲမှာပဲ သူမ အိပ်မောကျနေပါရစေလား။

လမ်းထဲဝင်လာခဲ့စဉ် ခြံရှေ့မှာ ရပ်ထားသည့် ကားတစ်စီးကြောင့် တံခါးပွင့်နေသည့်အိမ်ထဲသို့ အပြေးအလွှားတက်လိုက်လေသည်။ ဘုရားရေ . . .ဖေဖေ ဘာများ ဖြစ်ပြီလဲ။

"ဖေဖေ"

"ဟော . . . သမီးပြန်လာပြီလား"

ပက်လက်ကုလားထိုင်မှာ ထိုင်နေသည့် ဖေဖေ့ကို တွေ့မှ သူမ စိတ်အေးသွားရ၏။ ဖေဖေ့ဘေးခုံမှာထိုင်နေသည့် လူရည်



သန့်တစ်ဦးက သူမကို တအံ့တသြ လှမ်းကြည့်လိုက်လေသည်။

"ကျွန်တော့်သမီးလေးပါ သူဌေးမင်း။ သမီးက မိတ်ဆိုးလေးလေ"

"ဩော် . . . ကျွန်တော်က ဦးကျော်ဇင်သမီးကို ပိစိလေး ထင်နေတာ"

"သမီးက နောက်ဆုံးနှစ်ဖြေတော့မှာပါ။ အခု ကျောက်မျက်သင်တန်းတက်နေတာလေ"

"ကောင်းတာပေါ့ဗျာ။ ကဲ . . .ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဧည့်သည်က ပြန်ရန်ထရပ်လိုက်သဖြင့် ဘာမှဖျော်မတိုက်လိုက်ရသည်မို့ သူမ အားနာမိလျက် အပေါက်ဝမှာ အသာရပ်နေမိ၏။ သူက သူမအနီးမှာ ခဏမျှရပ်လိုက်ပါသည်။

"ကိုယ့်နာမည် ကျော်ခေါင်ပါ"

"ဟုတ်ကဲ့ရှင်"

"မင်းနာမည် ကိုယ်သိခွင့်ရှိမလား"

"ဟုတ်ကဲ့ . . . ထားနာမည်က သက်ထားရွှေစင်ပါ သူဌေးမင်း"

သူ ဟက်ခနဲရယ်လိုက်မိ၏။ ကြည့်ပါဦး . . . သူမအဖေ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သည့်အတိုင်း လိုက်ခေါ်နေသည့်မိန်းကလေးကို ကြည့်၍ ရင်ထဲမှာ ငြိမ်းချမ်းမှုရှိနေသည်မှာ အမှန်။

"ကိုယ့်ကို ကိုကျော်လို့ပဲ ခေါ်ပါလား ထား။ ဦးလေးက အလုပ်ထဲမှာ ခေါ်နေကျအတိုင်း လိုက်ခေါ်ပြီး နှုတ်ကျိုးနေတာပါ"

"ဟုတ်"

မျက်လွှာလေးအသာချလျက် ခေါင်းညိတ်လိုက်ဟန်လေးက သူ့နှလုံးသားကို ဆတ်ခနဲ လှုပ်ခါလိုက်စေလေ၏။ အို . . ထားရယ် တစ်သက်တာ တည်ငြိမ်ခဲ့တဲ့နှလုံးသားကို ထားက လှုပ်နှိုးလိုက်စေတာပါလား။

"ကိုယ် ပြန်ဦးမယ် ထား။ နောက်မှ ဆုံကြတာပေါ့နော်"

သူမ လှေကားထိပ်ထိ လိုက်ရပ်၍ သူ့ကျောပြင်ကို ငေးမောနေမိသည်။ ရင်ထဲမှာ တစ်မျိုးကြီးပါပဲလား။ သူ့မျက်ဝန်းတွေထဲက ဘာမှန်းမသိသည့် အရိပ်အယောင်တွေကို သူမ ဘာသာမပြန်တတ်မိခဲ့။ ဦးကျော်ခေါင်ဆိုတာ ဖေဖေပြောပြောနေတုန်းက အသက်ကြီးကြီး လူကြီးတစ်ဦးလို့ ထင်ခဲ့မိတာလေ။ အခုတော့ သူမထက် ခြောက်နှစ်ခန့်သာကြီးနေသည့် လူရွယ်တစ်ဦး ဖြစ်နေပါရောလား။



ထိုနေ့မှစ၍ သူမ၏ဘဝထဲကို မောင်ကဲ့သို့ပင် ကိုကျော်ခေါင်သည်လည်း ချဉ်းနင်းဝင်ရောက်လာနေမှန်း သူမ မရိပ်မိ မသိရှိခဲ့ပါချေ။ ခြော် . . . ငယ်ရွယ်လွန်းသူမို့ အချစ်၏ဖျားယောင်းခြင်းထဲမှာ လွင့်မျောနေလျက် . . . အန္တရာယ်မှန်သမျှကို မမြင်တတ်ခဲ့မိတာ အဆန်းတကြယ်မှ မဟုတ်တာဘဲလေ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ကိုယ် ဒီစကားကို မပြောမဖြစ်လို့ ထားကို ဖွင့်ပြောလိုက်ရတာပဲ။ ဦးကတော့ ထားကို ဘယ်သိစေချင်ပါ့မလဲ။ ဒါပေမဲ့ ဒီကိစ္စကို ထား သိမထားရင် ကြိုတင်ပြင်ဆင်စရာရှိတာတွေကို ထား မပြင်တတ်မှာစိုးလို့ပါ"

"ဖေဖေရယ် . . . ဖြစ်မှဖြစ်ရလေ"

သူမ မျက်နှာကိုအုပ်လျက် ငိုချလိုက်မိ၏။ အသည်းကင်ဆာတဲ့လား။ ကံကြမ္မာရယ် . . . ပြေးကြည့်မှ ဒီအဖေနဲ့ဒီသမီးပဲရှိနေတာကို ဒီလိုမျိုး ခွဲရက်ရတယ်လို့။

"မငိုပါနဲ့ထားရယ်။ ထားက အရင်စိတ်ဓာတ်ကျနေရင် ဝေဒနာသည်က ဘယ်လိုနေမလဲ။ စိတ်ဆောင်လို့သာ ဦးက လု

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတစ်ယောက်လို မတ်မတ်ရပ်နေနိုင်တာပါ။ အလုပ်ထဲမှာလည်း သူ့သမီးလေးကို စိတ်မချဘူးလို့ တဖွဖွပြောနေတာ ကြာပြီ။ အင်းပေါ့လေ . . . သူ့မှာက ဒီသမီးလေးတစ်ယောက်တည်းရှားရှားပါးပါးရှိနေတာကိုး"

"ဒါဖြင့်ရင် . . . ဒါဖြင့်ရင် . . . ဖေဖေ့အတွက် အချိန်သိပ်မရှိတော့ဘူးပေါ့နော်"

"ဟုတ်တယ် ထား။ ကင်ဆာဆိုတဲ့ရောဂါက နာမည်တပ်ခွင့်ရတာနဲ့ သေဖို့ရက် သိပ်နီးကပ်သွားပြီကွယ့်"

"အို . . . ဖေဖေရယ် သနားဖို့ကောင်းလိုက်တာ။ ထားမှာထားမှာ အားကိုးရာ ဖေဖေပဲရှိတာပါ။ ဖေဖေသာမရှိတော့ရင်ထားတော့ . . . ထားတော့ . . ."

"စိတ်ကိုထိန်းပါ ထားရယ်။ သတ္တဝါတစ်ခု ကံတစ်ခုပဲဟာ။ ခုချိန်မှာ ထားကို ဒီလိုနည်းနဲ့ပဲ ဖြေသိမ့်ခွင့် ကိုယ့်မှာရှိတယ်။ နောင်တစ်ချိန်မှာ ထားအတွက် စီစဉ်ထားတာတွေကို ကိုယ် ပြောပြပါ့မယ်။ အခု . . . ထား . . . သင်တန်းကထွက်ပါ။ အနီးကပ်ကိုတက်ဖြစ်အောင်တက်ပြီး စာမေးပွဲဖြေပါ။ ပြီးရင် ဦးကိုပြ ု့ဖို့သာစဉ်းစားပါတော့"



သူမ ကြမ်းပြင်ပေါ်မှာ ထိုင်နေလျက်က မျက်ရည်တွေပိုးပိုးပေါက်ပေါက် ကျလာပြန်၏။ ဖေဖေကတော့ ဒီလကုန်အထိအလုပ်ဆင်းနေတာမို့ အိမ်မှာရှိမနေပါ။ ခြံရှေ့မှာ ကားရပ်သံကြားလိုက်ရပြီး အိမ်ပေါ်သို့တက်လာသည့်ခြေသံကို ကြားလိုက်ရသဖြင့် သူမ လှမ်းကြည့်လိုက်မိသည်။ ဟင် . . .မောင့်မေမေပါလား။

"အန်တီ"

"ခဏထိုင်မယ်နော် . . . သမီး"

"ဟုတ် . . . ဟုတ်ကဲ့"

ကုလားထိုင်မှာထိုင်နေသည့် သူ့ကို တစ်ချက် ကြည့်လိုက်ပြီး ဒေါ်မေမီက ခုံမှာဝင်ထိုင်လိုက်လေ၏။ မျက်နှာက အရင်လို မချိုဘဲ တည်နေမှန်း သူမ အလိုလိုသိနေပါသည်။ ဩော် . . . သူမတို့အကြောင်းကို သိသွားပြီထင်ပါရဲ့။

"သားနဲ့ပတ်သက်ပြီး ပြောစရာရှိလို့ လာခဲ့တာပဲ သမီး။ အန်တီပြောလို့ဖြစ်ရဲ့လား"

"ဟုတ်ကဲ့ . . .ပြောပါ အန်တီ"

"သမီးက ကတိတစ်လုံးကို လွယ်လွယ်ပေးပြီး လွယ်

www.burmeseclassic.com

www.burmeseclassic.com



လွယ်နဲ့ဖျက်ပစ်တာပဲနော်။ အန်တီ ထင်တောင်ထင်မထားဘူး။ သိပ်အံ့ဩဖို့ ကောင်းတာပဲ"

"အန်တီ"

"သားနဲ့ဝတ်မှုန်ကို စေ့စပ်ဖို့လုပ်တာ သားက ဝုန်းဒိုင်းကျဲပြီး ကန့်ကွက်နေပြီ။ အန်တီတို့ ဘာမှဆက်လုပ်လို့ မရဘူး ဒီတော့ သမီးဆီကို နောက်တစ်ခေါက်ထပ်လာရတာပဲ။ ကိုယ့်လုပ်အားနဲ့ ရတဲ့ငွေကိုပဲ တန်ဖိုးထားတယ်ဆိုလို့ သမီးကို အထင်ကြီးခဲ့တာတွေ သဲထဲ ရေသွန်ချသလို အလဟဿမဖြစ်ပါစေနဲ့လား သမီးရယ်။ အန်တီ သမီးအတွက် ဘာလုပ်ပေးမှ သမီးရဲ့ခြေလှမ်းတွေကို ရပ်ပေးနိုင်မှာလဲ"

"ထား . . . ထား . . . မထင်မှတ်ဘဲ သူနဲ့ပတ်သက်ခဲ့ရတာပါ အန်တီ။ အန်တီတို့လုပ်ပေးတဲ့ပွဲကို ထားကြောင့်တော့ မပျက်စေရပါဘူး"

"အန်တီမယုံရဲတော့ဘူး သမီး၊ တစ်ခါ အလိမ်ခံရရင် လိမ်တဲ့သူရဲ့အပြစ်ပါ။ နောက်ထပ်တစ်ခါ အလိမ်ခံရရင်တော့ အလိမ်ခံရသူရဲ့ အပြစ်တဲ့။ သမီးက ပြောတဲ့အတိုင်းလုပ်  ဘ်တာမှ မဟုတ်ဘဲ"



သူမ မျက်ရည်တွေ ပေါက်ခနဲကျလာပြန်၏။ မောင်ရယ် ရင်ထဲက သောကအပူမီး ငြိမ်းမယ်မှ မကြံသေးဘူး။ မောင့်မေမေက ထားကို ဖိအားတွေလာပေးမနေပြန်ပါရောလား။ ထားတော့ . . ထားတော့ . . . ထိုင်နေရင်းက အငွေ့သာပျံသွားချင်တော့တာပါပဲ။

"ပြောပါ သမီး။ အားမနာပါနဲ့ . . . ရွှေလား၊ ငွေလား၊ ကားလား၊ သမီးလိုချင်တာ ပြောပါ"

သူမ ရှိုက်သံက ပိုကျယ်လာသဖြင့် သူ မနေနိုင်တော့ဘဲ ဝင်ပြောရလေတော့သည်။ .

"Excuse me အန်တီ။ ကျွန်တော့်ကို စကားနည်းနည်း ပြောခွင့်ပြုပါ"

ဒေါ်မေမီက သူ့ကို ဖျတ်ခနဲလှည့်ကြည့်လိုက်လေ၏။ သူက ရုပ်အပေါ်ဆုံးကြယ်သီးတစ်လုံးကို ဖြုတ်၍ ခန္ဓာကိုယ်ကို အနည်းငယ် ဖျော့လိုက်ပါသည်။ ထားနှင့်အတူ စိတ်သောကရောက်နေချိန်မှာ ထားကို အခုလို ေ ာအေးအေးနှင့် စော်ကားနေတာကို သူ လက်ပိုက်ကြည့်မနေရက်ပါချေ။

"ကျွန်တော်က Moon & Star ကုမ္ပဏီပိုင်ရှင် ကျော်ခေါင်ပါ အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . အန်တီက အသက်ကြီးကြီးထင်နေတာ။ သားက အတော်ငယ်သေးတာပဲ"

"ဟုတ်ကဲ့ . . . ကျွန်တော်က အလုပ်တွေ အများကြီး လုပ်တာမို့ အလုပ်သမားတွေနဲ့ ထိတွေ့ရင်းနှီးမှု ပိုရှိပါတယ် အန်တီ။ ကိုယ့်ကိုယ်ကို သူဌေးဆိုပြီး မာန်ကြီးတစ်ခွဲသားနဲ့ မနေတတ်ပါဘူး။ ဒီလိုပြောလို့ ကျွန်တော် မကျွာပ်တိုင်တက်ပြနေပြီလို့ မထင်ပါနဲ့ အန်တီ။ အကြောင်းရှိနေလို့ပါ"

"ဆက်ပြောပါကွယ်"

"ဟုတ်ကဲ့ . . . ကျွန်တော်လုပ်တဲ့ ဆောက်လုပ်ရေးရုံး တစ်ခုမှာ ထားအဖေ တာဝန်ယူရပါတယ်။ အလုပ်လုပ်နေရင်း ကျန်းမာရေး ထိခိုက်လာလို့ ဦးကို ကျွန်တော် မကြာခဏ ခေါ်တွေ့ ရင်း ဒီလိုပါလာတတ်ပါတယ် အန်တီ။ နားနဲ့မနာ ဖဝါးနဲ့ နာပါ ခင်ဗျာ။ ဦးက ကျွန်တော်နဲ့ထားကို စိတ်ချ သဘောတူထားပါ တယ်"

"ဟင်"

"ဒီတော့ အန်တီ့သားရဲ့မင်္ဂလာကိစ္စကို ထားကြောင့် မပျက်စေရဘူးဆိုတဲ့ ကတိကို ထားကိုယ်စား ကျွန်တော် ပေးပါရ



စေ အန်တီ။ ဆိုခဲ့စေ မြဲစေ တစ်ခွန်းတည်းသော အာမခံကတိမို့ ယုံကြည်စေချင်ပါတယ် ခင်ဗျာ"

"သိပ်ကျေးဇူးတင်ပါတယ် မောင်ကျော်ခေါင်။ အန်တီ စိတ်အေးရပါပြီ။ အန်တီ့ဘက်က ပြောတာတွေ လွန်သမျှကို နား လည်ခွင့်လွှတ်ပေးပါကွယ်။ ဘယ်မိဘမဆို သားသမီးတွေကို ဆင်စီးပြီး မြင်းရံစေချင်တဲ့အတ္တတွေကြောင့်ပါ"

"ဟုတ်ကဲ့ပါ"

"ဒါဆိုရင် အန်တီပြန်ပါဦးမယ် မောင်ကျော်ခေါင်။ အန်တီ့သားနဲ့ ပတ်သက်သမျှ ဘာသတင်း ဘာအနံ့မှ အန်တီ ထပ် မရပါစေနဲ့ကွယ်။ မောင်ကျော်ခေါင်ရဲ့ ဂုဏ်သိက္ခာကြောင့် အန်တီ ယုံကြည်စိတ်ချလိုက်တာပါ"

"ဟုတ်ကဲ့ . . . စိတ်ချပါ အန်တီ။ ထားနဲ့ပတ်သက်သမျှ ကိစ္စအဝဝကို ကျွန်တော် တာဝန်ယူပါတယ်"

မောင့်မေမေ အိမ်ပေါ်မှ ညင်သာစွာဆင်းသွားချိန်အထိ အရုပ်လေးတစ်ရုပ်လို သူမ ထိုင်နေဆဲပင်။ သူက သူမအနီးသို့ လျှောက်လာပြီး နံဘေးမှာ ထိုင်ချလိုက်လေ၏။

"ကိုယ်ပြောသမျှ အမှန်တွေချည်းပါပဲ ထား။ ဘာတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



မှ လိမ်ညာတာ မပါဝင်ပါဘူး။ ဒါတွေကို နောက်အေးအေးဆေးဆေးမှ ကိုယ် ထားကို ဖွင့်ပြောမလို့ပါ။ ဒါပေမဲ့ အခြေအနေအရ ဖွင့်မပြောလို့ မဖြစ်လို့"

"ထားက . . . ထားက . . . အညတရ မိန်းကလေးတစ်ယောက်ပါ ကိုကျော်။ ထားမှာ ဘာဆိုဘာမှ မပိုင်ဆိုင်ပါဘူး။ ဥစ္စာ ဓန၊ ပညာ၊ ရုပ်ရည်"

"အချစ်က အရာရာကို မေ့ထားပေးနိုင်ပါတယ် ထားရယ်"

သူက သူမလက်ဖျားလေးကို ဆုပ်ကိုင်၍ ပြောလိုက်သဖြင့် သူမ တအံ့တသြဖြင့် မော့ကြည့်လိုက်လေ၏။ ဘုရားရေ . . . မောင့်အပေါ်မှာသာ ချစ်ခြင်းတို့ဖြင့် အာရုံစူးစိုက်နေမိခဲ့တဲ့ သူမအပေါ် ဒီလိုကြင်နာတဲ့အမျိုးသားတစ်ဦးက ရှိနေပြန်သတဲ့လား။

"တကယ်တမ်း ပြစ်ချက်ရှိနေတာက ကိုယ်ပါ ထားရယ်။ ကိုယ်က မိဘပေးစားတဲ့အမျိုးသမီးတစ်ဦးနဲ့ လက်ထပ်ခဲ့ဖူးသူပါ။ အခု ကိုယ့်ဇနီး ဆုံးပါးသွားတာ သုံးနှစ်ကျော်ပါပြီ။ ကိုယ့်မှာ ညီမ တစ်ယောက်နဲ့ (၇)နှစ်အရွယ် သားလေးတစ်ယောက် ရှိတယ်။ ဒီတော့ ထား ကိုယ့်ကိုစဉ်းစားမယ်ဆိုရင် ဒါတွေကိုပါ ထည့်စဉ်းစား



ပါ။ ထားရဲ့ဘဝတစ်ခုလုံးကို ငွေနဲ့ပေါက်ပြီး သိမ်းပိုက်တဲ့လူစားမျိုးတော့ ကိုယ် အဖြစ်မခံနိုင်ပါဘူး။ ကိုယ် . . . ထားဆီက ချစ်ခြင်းတွေကိုပဲ အလိုရှိနေတာပါ"

"ထားမှာ . . . ထားမှာ . . . မောင်ရှိနေပါတယ်"

"ချစ်တိုင်းလည်း ညားကြတာမှ မဟုတ်ဘဲထားရယ်။ ဖူးစာဆိုတာ သူ့ဟာသူ ရှာလည်ပြီးရောက်လာတတ်တာလေ။ ကိုယ့်လို ကလေးတစ်ယောက်အဖေ မုဆိုးဖိုက ဒီလို နုနုရွရွစကားတွေ ဘယ်လိုကနေ ဘယ်လို ထွက်လာမိတာပါလိမ့်။ အင်း . . . အချစ်က အရာရာကို ပြောင်းလဲစေတာကိုး။ ကိုယ် ထားကို ကတိပေးနိုင်တာကတော့ ထားကို ကြင်ကြင်နာနာနဲ့ ရိုးမြေကျပေါင်းသင်းသွားမှာဆိုတာပါပဲ။ ကိုယ် ပြန်ဦးမယ် ထား"

သူက သူမလက်ကို အသာလွှတ်ပေးပြီး အိမ်ပေါ်မှ ဆင်းသွားလေတော့သည်။ လောကကြီးက ဘယ်လိုတွေဖန်တီးပေးလိုက်တာပါလဲ။ ထားချစ်တဲ့ချစ်သူကိုတော့ ချစ်ခွင့်သာပေးပြီး ပိုင်ဆိုင်ပေါင်းစည်းခွင့် မပေးခဲ့ပါလား။ ထားချစ်သူ မဟုတ်တဲ့လူကိုကျတော့ ထားကို ချစ်ခွင့်ပေးနေပြန်ပါရော။ တစ်ဖက်အိမ်မှ ကက်စက်သံက ပြတင်းဝမှ ခုန်ပေါက်လွင့်ပျံလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သစ်ရွက်လေးတွေလည်း ××× မြေမှာခလို့လွင့်ကြွေမြဲ ××× အဖော်မဲ့နှုတ်ခမ်းများလည်း ××× ညင်သာတီးတိုးရွတ်ဆိုဆဲ ××× အနွမ်းပန်းများသည်လည်း ××× ကြွေကာခန်းခြောက်ရစ်ပြီကွယ် ××× အချစ်ရဲ့လိပ်ပြာလေး ××× ဘယ်မှာပုန်းလို့နားပြီလဲ ×××

အဖော်ကွဲတဲ့ ငှက်ကလေးများ ××× အပေါ်ကိုသာငေးငေးကြည့်ရင်းနဲ့သာ ××× နှလုံးသားမျက်ရည်များ ××× ကျဆင်းလာ ××× သူပေးခဲ့ ချစ်အနမ်းများ ××× ပြန်လည်ကာတွေးတောစိတ်မောမိတာ ××× အေးမြပါးပြင်လည်း ပူနွေးလာ

ကတိစကားများကိုလည်း ××× မြေလှန်ပြန်ရှာရင်း ××× ဘဝသစ်များကိုလည်း ××× ညင်သာစွာလျှောက်လှမ်းရင်း ××× ချစ်တိုင်းလည်း မညား ××× စကားကိုသာ တီးတိုးရေရွတ်မိတာ ××× ကိုယ့်နှလုံးသားအသည်းအိမ်မှ ××× အချစ်များစွာ ×××

သူပေးတဲ့အချစ် ××× များကိုသာ ××× တွေးပိုက်နေတုန်းအခိုက်မှာ ××× ကိုယ့်နှလုံးသားအသည်းတစ်နေရာ ××× သူ ပေးတဲ့ဒဏ်ရာများ ××× အို ××× အချစ် ×××"



တကယ်ပဲ ဆုံဆည်းခွင့်မရှိတော့ပါလား မောင်ရယ်။ ကွယ်ရာမှာ စီးကျနေတဲ့ ထားရဲ့မျက်ရည်တွေကို မောင့်ကို မမြင်စေချင်ပါဘူး။ သောကဆိုတာ ဘာလဲလို့မသိခဲ့တဲ့ မောင်ဘဝမှာ အမုန်းတရားတွေနဲ့သာ ထားတို့ ဇာတ်လမ်းကို ရုပ်သိမ်းလိုက်ကြပါစို့လား။

×××

www.burmeseclassic.com



အိမ်ရှေ့မှာ သော့ခတ်ထားတာမို့ အိမ်ဘေးမှ ပတ်လာပြီး နောက်ဖေးပေါက်မှ တက်လာသည့် အလတ်နှင့် မီးဖိုခန်းဝမှာ ဆုံလေ၏။ အလတ်က သက်ပြင်းတစ်ချက်ကို ဆောင့်ချလိုက်ပြီး သူမလက်ကို လှမ်းကိုင်လိုက်လေသည်။

"နှင် ဒီလိုပဲရှောင်နေလို့ မပြီးဘူးနော် ထား။ ရဲရင့်အကြောင်းလည်း သိရဲ့သားနဲ့။ ဟိုက နဂိုကတည်းက စိတ်လက်တစ်ဆစ်ရယ်။ နှင်နဲ့ဒီကိစ္စ အကျေအလည်ဆွေးနွေးခွင့်မရရင် သူ့စာမေးပွဲမဖြေတော့ဘူးဆိုပြီး အိမ်မှာ သောင်းကျန်းနေတာတဲ့"

"ပြီးတာတွေ ပြီးပါစေတော့လား အလတ်ရယ်"

"ငါတို့ဆိုင်ကို ဝတ်မှုန်လာသွားတယ် ထား"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးက . အေးရှာပါတယ်။ သူ့ကိုလည်း အတော်ချစ်ပုံရတယ်။ သူ သဘောမတူရင် ဝတ်မှုန်က မင်္ဂလာပွဲကို အရက်ကွဲခံပြီး မလုပ်ဘူးတဲ့"

"အို . . . ဘယ်ဖြစ်မှာလဲ"

"သူ စိတ်ကြီးတာကို ဝတ်မှုန်က ပိုသိတာပေါ့။ နင် မပြတ်သားရင် နင့်ကို သူ ကားတင်ပြေးမှာနော် ထား။ အဲဒါမှ ပိုရှုပ်ကုန်လိမ့်မယ်။ သူက ပြောတဲ့အတိုင်းလုပ်တာနော်"

"ထား . . . ထား . . . သူနဲ့တစ်ရက် သွားတွေ့မှာပါ။ ထားအားမွေးရဦးမယ်"

"မြန်မြန်တွေ့ဖြစ်အောင် ကြိုးစားပါ ထားရယ်။ ငါ့ကိုပဲ သူ လာလာရမ်းနေတာ။ ကြာလာတာနဲ့အမျှ ငါ သူ့ကိုကြောက်လာပြီဟဲ့။ ငါလည်း ဘာမှမတတ်နိုင်တော့ဘူး။ နင် စိတ်မနိုင်ရင်လည်း သူ ခေါ်တဲ့နောက်ကို လိုက်သာသွားတော့ဟယ်။ နောက်ကိစ္စ နောက်မှပဲ ရှင်းတော့"

သူမ မဲ့ပြုံးလေးပြုံးလိုက်မိ၏။ ပြောတော့ဖြင့် လွယ်လိုက်တာ အလတ်ရယ်။ ထားလည်း ထားချစ်တဲ့သူရဲ့ရင်ခွင်မှာပဲ မှေးစက်ခိုဝင်ချင်တာပေါ့။ ဒါပေမဲ့ ဒီလို တဖွတ်ထိုးလုပ်လို့ ဘယ်



ဖြစ်မှာလဲ။ ထားမှာက ရောဂါသည် အဖေ့ကို ငဲ့ညှာရဦးမယ်လေ။

"နင် မြုံစိစိလုပ်မနေနဲ့နော်။ တော်ကြာ အနီးကပ် ဆယ်ရက်တောင် မတက်လိုက်ရဘဲဖြစ်နေဦးမယ်။ သူက နင့်ကို မျက်စိဒေါက်ထောက်ပြီး စောင့်ကြည့်နေတာ။ ငါ လုပ်တဲ့ဆိုင်ကို နေ့တိုင်းရောက်တယ်။ နင့်အိမ်ရှေ့ကလည်း ညနေတိုင်း ကားနဲ့ဖြတ်မောင်းနေတာပဲ။ နင်းအထဲမှာရှိမှန်း မရိပ်မိလို့တော်သေးတယ်"

"သူ့ကို ပြောလိုက်ပါ အလတ်ရယ်။ မနက်ဖြန် ညနေ ကန်ဘောင်မှာစောင့်နေပါလို့။ ထား လာခဲ့ပါ့မယ်"

သူမ အလတ်ကိုဖက်၍ မျက်ရည်တွေစီးကျလာတော့၏။ ရင်နာလိုက်တာမောင်ရယ်။ မောင် ထားကိုမုန်းတီးစက်ဆုပ်စေဖို့ စကားလုံးတွေကို ထား ရွေးရတော့မယ်။ ပြောရတော့မှာလေ။ မောင့်ဘက်က သစ္စာတွေရှိနေပါလျက် ထားက မမိုက်ရဲပဲ့ဘူး။

"ထားရယ် . . . နင့်ကိုကြည့်ရတာ ငါ အားမရလိုက်တာ။ နင်တို့နှစ်ယောက် ဘယ်လောက်ချစ်ကြသလဲဆိုတာ ငါ အသိဆုံးဆိုတော့ ပိုဆိုးတာပေါ့"

"အလတ်ရယ် . . . ထားလည်း အလတ်ပြောသလို မောင့်နောက်ကို ကြည်ကြည်ဖြူဖြူနဲ့ လိုက်သွားချင်တာပေါ့။ ဖြစ်နိုင်ရင်

www.burmeseclassic.com

www.burmeseclassic.com



မောင့်လက်ကိုဆွဲပြီး ဘယ်သူမှ မသိမမြင်နိုင်တဲ့ ဟိုးအဝေးဆုံး အထိ ထွက်ပြေးသွားလိုက်ချင်တာပါ။ ဒါပေမဲ့ . . . ထားမှာက လိုက်လို့မဖြစ်တဲ့အကြောင်းတွေက ရှိနေလို့ပါ"

"ဘာတွေလဲ ထားရယ်။ ငါ ရင်ထိတ်လိုက်တာ"

"ဖေဖေ့မှာ . . . ဖေဖေ့မှာ ရောဂါဖြစ်နေပြီ အလတ်ရဲ့။ ဒီရောဂါကိုကုသဖို့ အချိန်တွေ၊ ငွေတွေ အများကြီး ရင်းနှီးရဦးမှာ"

"ဟင် . . . ဦးက ဘာရောဂါဖြစ်နေလို့လဲ"

"အသည်းကင်ဆာ"

"ဘာ"

"ဟုတ်တယ် . . . ဒီရောဂါသည်အဖေကြီးကို ပစ်ပြီး ထားက ချစ်သူနဲ့ပျော်ရာကို လိုက်သင့်သလား။ ငယ်ငယ်ကတည်းက ပင်ပင်ပန်းပန်းနဲ့ ရှာဖွေကျွေးမွေးပြုစုခဲ့တဲ့ ဖေဖေ့ကို သမီးမိုက်ဘဝနဲ့တော့ ပစ်မထားခဲ့ရက်ပါဘူး။ သိပ်မကျန်တော့တဲ့အချိန်လေးမှာ ဖေဖေ စိတ်ချမ်းသာရအောင်လို့ ဖေဖေ့ဆန္ဒမှန်သမျှကို ထား လိုက်လျှောပေးချင်ပါတယ်။ ဖေဖေ ဘဝကူးကောင်းအောင်လည်း အတတ်နိုင်ဆုံး ထား ပြုစုပေးချင်ပါတယ်။ မောင့်ဘဝမှာ သစ္စာမရှိတဲ့ချစ်သူအဖြစ် သတ်မှတ်ခံရပါစေဦးတော့။ ဖေဖေ့ဘဝမှာ မိဘကိုသိတတ်တဲ့ သမီးအဖြစ်နဲ့သာ . . ."



"ထားရယ်"

အလတ်က သူမကို တင်းကျပ်စွာ ပွေ့ပိုက်လျက် မျက်ရည်ကျလာလေ၏။ ခံစားရသည့်ဝေဒနာ တနင့်တပိုးကြီးက လူနဲ့တောင်မှ မမျှတပါလားလေ။

"နှလုံးသားစစ်ပွဲကို မနိုင်မှန်းသိလျက်နဲ့ ထား ဆက်မတိုက်ဝံ့တော့ပါဘူး အလတ်ရယ်။ ဘဝတိုက်ပွဲထဲမှာပဲ ထား ဆင်နွှဲလိုက်ပါရစေ။ ဘဝမှာ တစ်ကြိမ်တစ်ခါလေးတော့ အချစ်ကို တွေ့ရှိခဲ့ဖူးပြီးပြီ။ အဲဒီအချစ်ကြောင့် ပျော်ရွှင်ကြည်နူးခဲ့ပြီးပြီ။ ဝမ်းနည်းငိုကွေးခဲ့ရပြီးပြီ။ ပြီးတော့ . . . နာကျင်ခံစားခဲ့ရပြီးပါပြီ။ ဒီလောက်နဲ့ပဲ ထားကျေနပ်လိုက်ပါတော့မယ်။ အလတ် . . . ထားဘဝမှာ မောင်သာ တစ်ဦးတည်းရှိခဲ့တာပါ။ မောင့်ကို ထားသိပ်ချစ်တယ်။ မောင့်အတွက်ဆိုရင် ထား ဘာကိုပဲ စွန့်လွှတ်ရ စွန့်လွှတ်ရ၊ အရာရာကို ပေးဆပ်ခြင်းနဲ့ မြတ်မြတ်နိုးနိုး ချစ်ခဲ့တာပါ။ မောင့်အပြင် ဘယ်သူစိမ်းတစ်ယောက်ကိုမှ ထား ထပ်မချစ်တော့ဘူး။ မောင့်ထံမှာ ပေးအပ်ထားတဲ့ ထားရဲ့ချစ်ခြင်းတွေက အစအဆုံးအကုန်ပါပဲ။ မောင့်ရင်ထဲမှာ ထားရဲ့နှလုံးသားကို အပြီးတိုင် ပေးအပ်ခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပါပြီကွယ်"

အလတ်က သူမ ကျောပြင်လေးကို အသာပွတ်သပ်လျက် နှစ်သိမ့်ပေးလေ၏။ ကြော် . . .ချစ်ကံခေတယ်ဆိုတာ ဒါမျိုးကို ခေါ်တာထင်ပါရဲ့။ ချစ်ခွင့်ရှိခဲ့သော်လည်း အဲဒီချစ်ခွင့်က အပိုင်စား မဟုတ်ခဲ့ပါလား။ ရေစက်က ဒီနေရာမှာ အဆုံးတိုင်ခဲ့ပြီပေါ့လေ။

"ငါ ပြန်တော့မယ် ထား။ မနက်ဖြန် သူလာရင် ငါ ပြောလိုက်ပါ့မယ်။ ငါ တကယ်စိတ်မကောင်းပါဘူး ထားရယ်။ ချစ်သူတိုင်းကို ပေါင်းစည်းနိုင်ပါစေလို့ ငါ ဆုတောင်းပေးပေမယ့် နင်နဲ့သူ့ကို ဒီဆုတောင်းမျိုး ပေးခွင့်မရတာ ငါ ရင်နာလို့ မဆုံးပါဘူး။ ငါ သွားတော့မယ်"

အလတ် ပြန်သွားတော့ နောက်ဖေးလှေကားထစ်မှာ ခပ်ငိုင်ငိုင် ထိုင်နေမိသည်။ အာရုံမှာ မောင့်မျက်နှာလေးကိုပဲ မြင်ယောင်နေမိ၏။ သူမကို ကစိမ့်စိမ့်ကြည့်လေ့ရှိသည့် မောင်က သူ့ကို သေချာပြန်ကြည့်လိုက်လျှင်ဖြင့် ရှက်တတ်သည့်ဟန်လေးက ချစ်စဖွယ်၊ သူမကို အမြဲစိတ်ပျော်ရွှင်အောင် ထား. ပးခဲ့သည့် ချစ်သူကို လမ်းခွဲစကားပြောရမှာလောက် ခက်ခဲတဲ့အရာ မရှိ



တော့ပါဘူး။

မောင်ရယ် . . . အချစ်ဆိုတာ လူနှစ်ယောက် ပွင့်ပွင့်လင်းလင်းမဟုတ်ဘဲ တိတ်တိတ်လေး သိရှိနားလည်ခံစားရုံနဲ့ မပြီးပြည့်စုံနိုင်ဘူးလား။ အတူတူနေရမှ အချစ်ပီသမယ်ဆိုရင် ထားနဲ့မောင်ဟာ ဆန့်ကျင်ဘက် ဝင်ရိုးစွန်းတစ်ဖက်စီကို လွင့်စင်သွားရုံသာရှိပါတော့တယ်။ ရတာမလို၊ လိုတာမရနိုင်တဲ့ဘဝမှာ တောင့်တခြင်းမဲ့နေတဲ့ အဖြူရောင်ချစ်ခြင်းတွေနဲ့သာ ထားတို့ရဲ့ ချစ်ခြင်းတွေကို ပြတိုက်သွင်း ဗိတ်ဆို့ သော့ခတ်ထားလိုက်ပါတော့လား။

အပေးအယူမျှတခဲ့တဲ့ နှစ်ကိုယ်တူ ချစ်သူဘဝလေးကို အိပ်မက်တစ်ခုအဖြစ်နဲ့သာ ထား ထာဝရသိမ်းဆည်းထားလိုက်ပါမယ် မောင်။ အချစ်ဦးဆိုတာ အရင်ဆုံးပေါက်ဖွားရှင်သန်လာခဲ့တဲ့ ချစ်ခြင်းရဲ့ အမြုတေလေး ခိုအောင်းရာဌာနေ ါ။ မောင်ဟာ ထားရဲ့ အချစ်ဦးဖြစ်သလို၊ ထားဘဝမှာ ဘယ်တော့မှ မေ့မသွားမယ့် အဆုံးသတ်ချစ်ခြင်းတွေရဲ့ အချစ်ဆုံးပါပဲ။ ဒါတွေကို မောင် သိအောင် ထားမှာ ပြောပြခွင့်မရှိတော့ပြီ။

ထားဘက်က စိတ်ပျော့သွားမိတာနဲ့ မောင် ဆက်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာမယ့် ခြေလှမ်းတွေကို ကြိုမြင်နေမိလို့ မောင့်အပေါ်မှာ ထား ရက်စက်ပါရစေ။ ဝေးတော့မယ့်ကာလအပိုင်းအခြားမှာ ထားကို လွမ်းဆွတ်တမ်းတနေတဲ့ အဖြစ်မျိုးနဲ့ ကင်းဝေးပြီး နာကြည်းမုန်းတီးနိုင်ပါစေ။ ကြင်နာယုယခဲ့တဲ့ ထားတို့အဖြစ်တွေကို တသသ ခံစားနေရမယ့်အစား နာကျင်စွာနဲ့ ခါးသည်းနေပါစေကွယ်။

အချစ်ဆိုတာ . . . အဆိပ်တစ်ခွက်ဖြစ်နေရင် အဲဒီအဆိပ်ခွက်ကို ကောက်ယူမော့သောက်ပြီး မောင့်ခြေဖဝါးအောက်မှာ ထားရဲ့ဝိညာဉ်လေး ကွယ်ပျောက်လွင့်စင်သွားချင်တာ အမှန်ပါကွယ်။

× × ×



# အခုံး . . .

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းတဲ့လား . . .

ဖူးရာမှ လွင့်ကြွေသွားတာ ကြာခဲ့ပြီ . . .

ကြင်နာခြင်းတဲ့လား . . .

ပေးသမျှ လွင့်ပစ်ခဲ့တာ ကြာခဲ့ပြီ . . .

ယုယခြင်းတဲ့လား . . .

ယုခဲ့သမျှ မလိုချင်တော့တာ ကြာခဲ့ပြီ . . .

နာကျင်ခြင်းတဲ့လား . . .

ကိုယ်ပေါ်မှာ စွဲကျန်ခဲ့တာ ကြာခဲ့ပြီ . . .

မုန်းတီးခြင်းတဲ့လား . . .

နှလုံးသားမှာ ပေါက်ဖွားခဲ့တာ ကြာခဲ့ပြီ . . .

အငြိုးတဲ့လား . . .

အသည်းထက် စူးဝင်ခဲ့တာ ကြာခဲ့ပြီ . . .

ကြာတော့လည်း ကြာခဲ့ပါပြီ . . .

မင်းကိုချစ်တဲ့ အချစ်

မင်းကို မုန်းတဲ့အမုန်း

မင်းကို ကြင်နာတဲ့ အကြင်နာ

မင်းကို နာကျင်စေမယ့်အငြိုး

နှစ်တွေ ဘယ်လိုပဲ ကြာညောင်းစေဦးတော့

ကမ္ဘာမကြေတဲ့ အမုန်းတွေနဲ့

ငြိုးသူ့ရင်မှာ . . .

www.burmeseclassic.com

www.burmeseclassic.com



သံတိုင်တွေကြားရောက်နေသည့် နေမင်းကျော်ဝေါင်က သူ့မကိုမြင်သည်နှင့် သံတိုင်တွေနား အပြေးထလာလေ၏။

"မာမီ . . . မာမီ"

"သား . . . မင်းမင်း"

"မာမီ . . . ကျွန်တော့်ကို ကယ်ပါဦး။ ကျွန်တော် ဒီမှာ မနေချင်ဘူး။ မာမီ ကျွန်တော့်ကို ချစ်တယ်ဆို။ ကျွန်တော့်ကို အပြင်ပြန်ထွက်လို့ရအောင် လုပ်ပေးပါ။ နော် . . . ခနော် . . ."

"သားရယ် . . . မာမီ အတန်တန်တားနေပါလျက်နဲ့ သားက ဒီအလုပ်တွေကို ဆက်လုပ်နေခဲ့တာကိုး"

"ကျွန်တော် လိမ္မာပါတော့မယ် မာမီ။ ဒီနေရာမှာမနေချင်လို့ပါ။ ကျွန်တော့်ကို မကယ်နိုင်တော့ဘူးလား မာမီရယ်"

www.burmeseclassic.com

www.burmeseclassic.com



"မာမီ သားကို ဆုံးမခဲ့တာတောင် သားက လိမ်မှ မလိမ္မာခဲ့ဘဲ။ အခုတော့ တရားဥပဒေရဲ့အဆုံးအမကို သား နာခံရတော့မယ်။ ဒါက ရှောင်လွှဲလို့မရဘူးလေ။ သား . . . သား . . . drug addict (မူးယစ်ဆေးစွဲသူ)ဖြစ်နေပြီလားဟင်။ အဲဒီအမှုက ပိုကြီးတယ် သားရယ်"

"ဟင့်အင်း မာမီ။ ကျွန်တော် သုံးလည်း မသုံးဘူး။ ထိုးလည်း မထိုးပါဘူး။ HIV ကို ကျွန်တော် ကြောက်တယ်။ ယုံပါ မာမီရယ်"

"တော်ပါသေးရဲ့ သားရယ်။ မာ့မီဖြင့် သတင်းကြားကတည်းက သားအတွက် စိုးရိမ်လွန်းလို့ နှလုံးရပ်မတတ်ဘဲ။ သားအမှုကို မာမီအတတ်နိုင်ဆုံး လုပ်ဆောင်ပေးပါ့မယ်။ ဒီကိစ္စတွေအားလုံးပြီးသွားရင် သား လိမ္မာပါ့မယ်ဆိုတဲ့ကတိ မာမီ့ကို ပေးပါ"

"ကျွန်တော် ပေးပါတယ် မာမီ။ တကယ်ပါ"

သူမ သားဖြစ်သူ၏လက်ကို နွေးထွေးစွာ ဆုပ်ကိုင်၍ အားပေးလိုက်မိ၏။ မိုက်မဲသူတို့ရဲ့သွားရာလမ်းဟာ ဒီနေရာမှာ အဆုံးသတ်စမြဲ မဟုတ်ပါလား။ နောက်တစ်ခန်းမှာရှိနေသည့် မြကို သူမ သွားကြည့်ရပြန်၏။ မြက အချုပ်ခန်းထောင့်မှာ ခပ်ငြိမ်



ငြိမ် ထိုင်နေလေသည်။

"မြ"

"..."

"ဘယ်လိုဖြစ်တာလဲ မြရယ်။ ထား ဒီလောက် အတန်တန်တားနေရဲ့သားနဲ့"

"ငါ့မိုက်ပြစ် ငါခံမယ် သက်ထားရွှေစင်။ နင် မိကျောင်းမင်း ရေခင်းလာပြစရာ မလိုပါဘူး"

"ဘယ်လိုပြောလိုက်တာလဲ မြရယ်။ ထားက မြအပေါ်ညီမအရင်းလို သဘောထားတာပါ။ ထားရဲ့စေတနာကို အသိအမှတ်မပြုရင်တောင်မှ . . ."

"သွားစမ်းပါ . . . ဘာစေတနာလဲ။ ငါ့ကို ဒီနေရာရောက်အောင် ပို့လိုက်တဲ့စေတနာလား။ ဟင်းဟင်း . . . ငါ အထဲမှာနေရလှ အများဆုံး (၃)နှစ်ပေါ့။ ငါ ဒီကထွက်တာနဲ့ နင်နဲ့ စာရင်းအပြတ်ရှင်းမယ်။ ငါ မရှိဘူးဆိုပြီး ငါပိုင်ဆိုင်တဲ့အရာတွေကို နင်အလွဲသုံးစားလုပ်မယ် မကြံနဲ့။ အခုကိစ္စနဲ့ပတ်သက်ပြီး နင့်ကိုလုံးဝ အစာမကြေဘူးမှတ်"

"မြတို့ကိစ္စတွေ ထား ဘာမှမသိတာ အမှန်ပါ။ စိတ်ချပါ

www.burmeseclassic.com

www.burmeseclassic.com



မြ . . . မြ လွတ်တာနဲ့ လေးလေးဆီမှာ ပိုင်ဆိုင်ခွင့်အားလုံး ရစေရပါမယ်။ မြအစ်ကိုပိုင်သမျှ အားလုံးကို ထား တရားဝင်လွှဲပေးမှာပါ"

"အခုတော့ ဒီလိုပဲ နင် ရွေးသိပ်ပေးမှာပေါ့။ နင့်စကားနင် တည်ပါစေ သက်ထားရွှေစင်။ နင်နဲ့ငါ့ဇာတ်လမ်း မပြီးသေးဘူး။ တော်ပြီ . . . ငါ့ဆီ နောက်ထပ်မလာနဲ့။ နင့်မျက်နှာကို ငါ မကြည့်ချင်ဘူး . . . ဒါပဲ"

မြရဲ့ယံ . . . ပြောရက်လိုက်တာ။ သားတောင်မှ နောင်တရနေရင် မြအရွယ်က ပိုပြီးသံဝေဂရသင့်တာပေါ့။ ခုတော့ဖြင့် အာဃာတတွေနဲ့ မြတစ်ကိုယ်လုံး ပူလောင်နေပါလားကွယ်။

× × ×



ဖုန်းသံမြည်လာသဖြင့် ကျော်စွာ ကိုင်လိုက်၏။ ခုချိန်ထိ ပြန်မလာသေးသည့် ဖေဖေ့ကို စိတ်ပူနေသည်မို့ မောင်နှမ နှစ်ယောက် ဖုန်းနားမှာ ထိုင်စောင့်နေတာ ည (၈)နာရီကျော်နေလေပြီ။

"ဟဲလို . . . ဦးရဲရင့်အိမ်ကပါလားခင်ဗျာ"

"ခြော် . . . ဟုတ်ပါတယ်ခင်ဗျာ"

"ဒါဆိုရင် Myaing Hay Wun Restaurant ကို လာခဲ့ပါ။ ဒီမှာ ဦးရဲရင့် ရေချိန်လွန်ပြီး မှောက်နေလို့ပါ"

"ဗျာ . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . အခုပဲလာပါပြီခင်ဗျာ။ ကျေးဇူးပါပဲ"

"ဘာတဲ့လဲ ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ စားသောက်ဆိုင်မှာ မှောက်နေပြီတဲ့၊ အဲဒါ လာခေါ်ဖို့အကြောင်းကြားတာ။ ကိုကို သွားခေါ်လိုက်ဦးမယ်၊ ဒါဒါ အိမ်ကပဲ စောင့်နော်"

"ကိုကိုတစ်ယောက်တည်း ဖြစ်ပါ့မလား။ ဒါဒါပါ လိုက်မယ်လေ"

"စားသောက်ဆိုင်ကြီးထဲသွားမှာလေ ဒါဒါရဲ့၊ ဘယ်ကောင်းပါ့မလဲ။ ကိုကို Taxi နဲ့သွားပြီး ဖေဖေ့ကား ပြန်မောင်းလာမှာပဲ"

ကျော်စွာ ရောက်သွားတော့ စားပွဲပေါ်မှာ ပုလင်းတွေ၊ ဖန်ခွက်တွေ မှောက်လဲ၍ ခေါင်းငိုက်စိုက်ဖြစ်နေသည့် ဖေဖေ့ကို မြင်လိုက်ရလေ၏။ ဖေဖေရယ် . . . ဘယ်လိုများဖြစ်တာပါလိမ့်။

"ဖေဖေ"

"အသက် . . . ငါ မင်းကို နိုင်တယ်"

"ပြန်ကြရအောင် ဖေဖေ . . . နော်"

"ဟင်းဟင်း . . . မင်း ငါ့ကို အနိုင်ပိုင်းခဲ့ပေမယ့် ငါ မင်းကို အော့ . . . အပုံကြီးနိုင်ပါတယ်ကွာ။ အော့ . . . မင်းနာကျင်အလှည့်ပေါ့။ ခံစားလိုက်ဦး . . . မင်း . . . အသည်းတွေကွဲလိုက်ပါစေဦး



ဟား . . .ဟား . . .ဟား"

ကျော်စွာ ဖေဖေ့ကိုတွဲထူ၍ ကားပေါ်တင်ကာ အိမ်ကို ပြန်ခဲ့လေ၏။ မောင်နှမနှစ်ယောက် ဖေဖေ့ကို ဝိုင်းကူတွဲလျက် လှေကားမှတစ်ဆင့် အိပ်ခန်းထဲထိ ခေါ်ခဲ့ရသည်။ အရက်နံ့တွေ မွှန်ထူလျက် ဗလုံးဗထွေးဖြင့် ထပ်တလဲလဲရေရွတ်နေသည့် ဖေဖေ့စကားတွေကို ဘာတစ်ခုမှ နားမလည်နိုင်ပေ။ အသက်တဲ့ ဘယ်သူလဲ ဖေဖေရယ်။ ဖေဖေ့ကို အသည်းကွဲစေခဲ့တဲ့ မိန်းမတစ်ယောက်ကို လက်စားချေနိုင်ခဲ့တာတောင်မှ ဖေဖေက မပျော်နိုင်ဘဲ ကြေကွဲနေရှာတာပါလား။

"အသည်းနှလုံးမရှိတဲ့ . . . မိန်းမ . . . သစ္စာ . . . မရှိတဲ့ မိန်းမ . . .အကြင်နာတရား . . . ကင်းမဲ့တဲ့ . . . မိန်း . . . မ . . . မာယာများတဲ့ . . . မိန်းမ . . . မင်းနဲ့တန်တာ . . . အဲဒီ . . . အသည်းကွဲ . . ခြင်းပဲ . . .ဟား ဟား ဟား ဟား . . . ငါ နိုင်တယ် . . . မင်းကို ငါ နိုင်တယ် . . . မင်းကို ဒီတစ်သက် . . . ငါ နိုင်တယ် . . . အင်း . . ."

တရှူးရှူးနှင့် အိပ်ပျော်သွားသည့်ဖေဖေ့ဖိနပ်နှင့် ခြေစွပ်ကို ချွတ်ပြီး အဝတ်အစားလဲကာ Night dress ဝတ်ပေးပြီး စောင်ပါးလေး ခြုံပေးလိုက်ပါသည်။ ဖေဖေ့နှလုံးသားကို ကိုင်လှုပ်စေခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည့် အသက်ဆိုသည့်အမျိုးသမီးကို ကျော်စွာ သိပ်သိချင်လာ၏။ ဖေဖေ့ခေါင်းအုံးအောက်မှ ထောင့်စွန်းလေးပေါ်နေသည့် အနက်ရောင် ဒိုင်ယာရီလေးကို တွေ့လိုက်ရ၍ အသာလေးဆွဲထုတ်ကာ ဖွင့်လိုက်သည်။ အထဲမှ ဓာတ်ပုံတစ်ပုံ ဒေါက်ခနဲကျလာသဖြင့် ဒါဒါက ကောက်ယူလိုက်လေ၏။

"ဟယ် . . . ဒါ . . . မမပုံပဲ"

"ဟင်"

ကျော်စွာ ဆတ်ခနဲယူကြည့်လိုက်တော့ "မ"အိမ်မှာ တွေ့ခဲ့ဖူးသည့် "မ"(၁၈)နှစ်တုန်းက ရိုက်ခဲ့သည့်ဓာတ်ပုံအသေးစားလေး ဖြစ်နေလေသည်။ အနောက်ကိုလှန်၍ ရေးထားသည့် စာသားကို နှစ်ဦးခေါင်းချင်းဆိုင်၍ ဖတ်လိုက်မိလေ၏။

"မောင့်အတွက်

ထာဝရ . . .

အသက်"

"ဘုရားရေ . . . ဖေဖေ့ချစ်သူဟာ မမဖြစ်နေပါရောလား။ ကိုကို ဘယ်လိုလုပ်ကြမလဲ ဟင်"

"မထင်မိဘူး . . . ထင်ကို မထင်ထားတာ။ "မ"က ဖေဖေ့



ချစ်သူဖြစ်ခဲ့တာတဲ့လား။ ဒါဆိုရင် ဖေဖေ မြတ်နိုးခဲ့ဖူးတဲ့မိန်းမ တစ်ယောက်ကိုမှ . . ."

"ကိုကို . . ."

မောင်နှမနှစ်ဦးစလုံး တစ်ယောက်ကို တစ်ယောက် ဖက်တွယ်လျက် ငိုချလိုက်မိလေသည်။ ကံကြမ္မာရယ် . . . ရက်စက်လိုက်တာ။ ဘယ်လိုများ လှည့်စားလိုက်တာတဲ့လဲ။ ဖေဖေ့ရင်ထဲက အမျိုးသမီးကိုမှ သားဖြစ်သူက မြတ်နိုးလျက်သားဖြစ်နေတာ ဘယ်လောက်များ ရက်စရာကောင်းလိုက်ပါသလဲ။ ဘုရားရေ . . . ကံသီပေလို့သာပဲ။ သိပ်မကြာခင်မှာ "မ"ကိုဖွင့်ပြောဖို့ ရည်ရွယ်ထားတာ။ အချိန်မီ သိလို့ ကံကောင်းခဲ့တာပါလား။ ဩော် "မ"ရယ် ဒီဘဝမှာတော့ ကျွန်တော်လိုချင်တဲ့နေရာမျိုးနဲ့ "မ"ကို တော်စပ်ခွင့် မရရှိတော့ပြီပဲ။

"ဖေဖေ . . . ဖေဖေ သနားပါတယ် ကိုကိုရယ်။ ဖေဖေ သိပ်မုန်းတီးနေပါတယ်ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ခုချိန်ထိ ဖေဖေ့ရင်ထဲမှာ ရှိနေတုန်းပါလား။ ဖေဖေ ဘာဖြစ်လို့ မမကို ဒီနေ့ထိ မေ့လို့မရနိုင်တာတဲ့လဲ"

"အချစ်ပေါ့ ဒါဒါ။ နှလုံးသားမှာ တစ်သက်တာ ကမ္ပည်း

www.burmeseclassic.com

www.burmeseclassic.com



တင်ရစ်တဲ့စစ်မှန်တဲ့ ချစ်ခြင်းတွေကြောင့်ပေါ့"

"ကိုကိုရယ် . . . မမကို . . ."

"ရှူး . . . တိုးတိုး . . . ကိုကိုတို့ အချိန်မီရဲ့လေးပါလား။ သိသိလေးပါ ဒါဒါရယ်။ "မ"ကို . . . "မ"ကို . . . ကိုကို အတတ်နိုင်ဆုံး မေ့လိုက်ပါတော့မယ်။ ဖေဖေနဲ့ "မ"တို့ကို ဒီဘဝမှာ ပြန်လည်ပေါင်းစည်းခွင့်ရစေချင်ပါတယ်။ အဲဒါ ကိုကို့ရင်ထဲက စေတနာအမှန်ပါ ဒါဒါ"

"ကိုကိုရယ် . . ."

"ဒီကိစ္စတွေကို ဖေဖေ ဘယ်တော့မှ မသိပါစေနဲ့ ဒါဒါ။ ကိုကို ရှက်လို့ပါ . . . ကိုကိုရှက်လွန်းလို့ပါကွာ"

ညီမလေး၏ပခုံးထက်မှာ ခေါင်းကို ငုံ့ချလိုက်ရင်း ကျော်စွာ မျက်ရည်တွေတွေကျနေမိ၏။ အချစ်ဟာ နာကျင်ခြင်းတဲ့လား။ စတင်ပေါက်ဖွားခါစအချစ်သစ်ပင်လေးက အရွယ်မတိုင်မီ အသတ်ခံလိုက်ရပါပေါ့လား "မ"ရယ်။ "မ"နဲ့စတင်ဆုံဆည်းခဲ့စဉ်က ရှူရှိုက်ခဲ့ရတဲ့ သနပ်ခါးနံ့၊ ထွေးဖက်ခဲ့ရတဲ့ နွေးထွေးမှုတွေကို ကျွန်တော် ဘယ်လိုမေ့ဖျောက်နိုင်ပါ့မလဲ။ ရှည်လျားကော့ပျံနေတဲ့ မျက်တောင်တွေအောက်က ကြင်နာနွေးထွေးတဲ့အကြည့်



တွေက ကျွန်တော့်ကို အိပ်မက်များစွာ ဖန်ဆင်းပေးခဲ့တာလေ။ "ကျော်"လို့ တစ်ခွန်းအခေါ်ခံလိုက်ရတိုင်း ဒုတ်ခနဲ မြည်သွားတဲ့ နှလုံးခုန်သံဟာ အချစ်လို့ အဓိပ္ပာယ်ကောက်ယူခဲ့မိတာ မှားခဲ့ပြီလား။ ရင့်ကျက်တည်ငြိမ်လှတဲ့ ဣန္ဒြေတွေနဲ့ တင့်တယ်လှပတဲ့ "မ"ရဲ့ဟန်ပန်တွေက ကျွန်တော့်အတွက်တော့ တစ်သက်မှာ တစ်ယောက်တည်းသာ ရှိခဲ့တာပါဗျာ။

နှစ်မြိုက်စွာ အိပ်မောကျနေသည့် ဖေဖေ့ကို ထိုင်ငေးကြည့်နေမိသည်။ မိဘသဘောတူသူနှင့် ပေါင်းသင်းခဲ့ရသည့် ဖေဖေ၊ ဇနီးအပေါ် ကြင်နာခဲ့သည့် ဖေဖေ၊ သားသမီးတွေကို အချစ်ပိုခဲ့သည့် ဖေဖေ့ဆီမှာ အသည်းကွဲဇာတ်လမ်းတစ်ပုဒ် ရှိနေခဲ့တာ အံ့သြစရာပါလား။ ချစ်သူကို ချစ်လျက်နှင့် စွန့်လွှတ်ခဲ့ရသည့် ဖေဖေ့နှလုံးသားဒဏ်ရာကို ဆေးကုသပေးနိုင်မည့်သူဟာ "မ"ကလွဲလို့ ဘယ်သူမှ မရှိနိုင်တော့ပါဘူးလေ။ ဩော် . . . ဖေဖေရယ် . . .။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ရှုံးချိန်းတွေချည်း ဆက်တိုက်သွားခဲ့ရသဖြင့် လှရော စိတ်ပါ ပင်ပန်းပြီး ကျန်းမာရေးပါ ထိခိုက်လာတော့ Drip ချိတ်ရသည်အထိ ဖြစ်လာတော့၏။ အဖော်ကင်းမဲ့နေ၍ အလတ်ကို တိုက်ခန်းပိုင်ရှင်ကြီးက သူမ ခေါ်ထားရသည်။ စိတ်မာတတ်ကျတယ်ဆိုတာ ဒါကိုခေါ်တာပဲထင်ပါရဲ့၊ လောကမှာ အသက်ဆက်ရှင်သန်နေလို့ရော ဘာအကြောင်းထူးတော့မှာလဲ။ လောကကြီးမှာ နေချင်စိတ် ကုန်ခန်းနေတာ ကြာခဲ့ပါပြီလေ။

"အန်တီထား . . . ဦးဂျင်မီ ရောက်နေပါတယ်"

"အေးအေး . . . သမီးနွယ်နီ။ အန်တီ အခုပဲ ဆင်းခဲ့မယ်"

ခုတင်ပေါ်မှ ထရပ်၍ လုံချည်ကိုပြင်ဝတ်၊ အင်္ကျီတွန့်ကျေနေတာကို ဆွဲဆန့်ကာ ဆံပင်ကို သုံးလေးချက်ဖြီး၍ ဘီးဆော

www.burmeseclassic.com

www.burmeseclassic.com



ပတ် ပတ်လိုက်သည်။ လှေကားမှ ဆင်းလာတော့ ကိုဂျင်မီနှင့် အလတ်က စကားပြောနေလေ၏။

"ထားရယ် . . . ကိုယ် ခရီးထွက်တာ နှစ်လလေးပဲကြာတာပါ။ ဒီနှစ်လအတွင်း ထား ဒီလောက်တောင် ပိန်သွားရတာတဲ့လား"

"ဘယ်တတ်နိုင်ပါ့မလဲ ကိုဂျင်မီရယ်။ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပဲဟာ"

"ဒီလိုတော့ မပြောပါနဲ့ ထားရယ်။ ထားကို ကြည့်ရတာ ပင်ပန်းလိုက်တာ။ ဝန်တွေပိနေတဲ့ ထားကို ကိုယ် မကြည့်ရက်တော့ဘူး။ ဒီဝန်တွေ ကိုယ်သာပခုံးပြောင်းပြီး ထမ်းလိုက်ချင်ပါတော့တယ်"

"ကျေးဇူးတင်ပါတယ် ကိုဂျင်မီ . . . ထားလည်း နိုင်သလောက်လေးပဲ ထမ်းတော့တာပါ။ ဒါတွေအားလုံး မြှလွတ်တာနဲ့ ထား လွှဲပေးလိုက်တော့မယ်။ သားကိုလည်း ပေးသင့်ပေးထိုက်တာတွေ ပေးလိုက်မှာပါ"

"ဟင် . . . ဒါဆိုရင် ထားက ဘယ်သူနဲ့နေမှာလဲ"

"လတ်နဲ့နေမှာပေါ့ ကိုဂျင်မီရဲ့။ အလန့်တကြား"



"ခြော် . . . တော်သေးတာပေါ့။ ကိုယ်ဖြင့် ရင်ကို ထိတ်သွားတာပဲ။ ထားကိစ္စတွေမှန်သမျှ ဦးမြတ်လှပဲ ဖြေရှင်းပေးခဲ့တာဆို။ ဒီလူကြီး လှုပ်ပုံအလယ်မှာ ပဏ္ဏာယူနေတာကို မြင်ခဲ့ကြားခဲ့တယ်"

သူမ မျက်နှာကွက်ခနဲပျက်သွားပါ၏။ သေချာလို့လား။ ကောက်ရိုးတစ်မျှင်ဆိုပြီး သူမ လှမ်းဆွဲမိခဲ့တာ။ အမှန်တော့ သူမကို ရေနက်ထဲ ပိုနစ်စေခဲ့သည့် ဝါးလုံးတစ်လုံးဖြစ်နေခဲ့တာပါပဲလေ။

"တကယ်တမ်း ကူညီခဲ့တာ အစ်ကိုကြီးမဟုတ်ပါဘူး ကိုဂျင်မီ"

"ဒါဖြင့် ဘယ်သူလဲ ထား။ ကိုယ် သိခွင့်ရှိပါတယ်နော်"

သူမ ခေါင်းကိုညိတ်ပြလိုက်ပါ၏။ ထား ထုတ်ပြောရတော့မှာလား မောင်။ ရင်ထဲမှာ နင့်နင့်သည်းသည်း မြတ်နိုးခဲ့တဲ့ ထားရဲ့ချစ်သူက ထားကို ရန်သူတစ်ယောက်လို အငြိုးကြီးစွာနဲ့ ဆက်ဆံခဲ့တာတွေကို ထား ပြန်မပြောချင်ပါဘူး။ ပြန်ပြီးတော့လည်း ဒါတိမရချင်တာ အမှန်ပါ။

"သူပါ"

www.burmeseclassic.com

www.burmeseclassic.com



"သူဆိုတာ"

"ထားရဲ့ . . . ထားရဲ့ တစ်ချိန်က မောင်ပါ"

"ဘယ်လို . . . အံ့သြစရာပဲ။ သူက ထားဘဝမှာ ကွယ်ပျောက်သွားခဲ့တာ ကြာခဲ့ပြီလေ။ ဘယ်ကနေ ဘယ်လို တစ်ကျော့ပြန်ပေါ်လာတာလဲ"

"သူက ပျောက်သွားတာမှ မဟုတ်တာဘဲ ကိုဂျင်မီ။ ထားကို . . . ထားကို ထိုးနှက်ဖို့ အချိန်ပြည့် စောင့်ဆိုင်းနေတဲ့လူပါ။ ကိုကျော်ရှိတုန်းက စီးပွားရေးကို ကျွမ်းကျင်တော့ ဘာမှမသိသာခဲ့ဘူး။ ကိုကျော်မရှိတဲ့နောက်ပိုင်း ထားရဲ့ စီးပွားရေးတွေ အကုန် ကမောက်ကမဖြစ်ခဲ့တာ ကိုဂျင်မီအသိပဲ"

"ဟင် . . . အဲဒါ သူ့စနက်တွေလား"

"ဟုတ်တယ် . . . အခု . . . ထားရှယ်ယာအများဆုံးစုထားတဲ့ ကုမ္ပဏီကို အစ်ကိုကြီးနဲ့ နှစ်ဦးပိုင် သိမ်းလိုက်တဲ့ မာန်ဆိုတာ"

"ဗုဒ္ဓေါ . . . စီးပွားရေးလောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်နေခဲ့တာ ထားရဲ့လူပေါ့။ ဟုတ်လား . . . အံ့သြစရာပဲ"

သူမ ခေါင်းကိုညိတ်ပြလိုက်စဉ် မျက်ရည်တစ်ပေါက်က



လွင့်ကျသွားလေ၏။

"ဟင် . . . ကိုယ် စိတ်မကောင်းပါဘူး ထားရယ်။ ထားဆိုင်သွားဖြစ်ရဲ့လား"

"ဟင့်အင်း . . . အလတ်ပဲ သွားတယ်"

"ကြည့်ပြောပေးပါဦး ကိုဂျင်မီရယ်။ ကိုဂျင်မီ့ညီမက စိတ်ဓာတ်တွေကျပြီး အိမ်ထဲမှာပဲ အောင်းနေတာ"

"ဟုတ်သားပဲ . . . အပြင်လေး ဘာလေးထွက်ဦးမှပေါ့ ထားရယ်။ ဒီလိုနေနေရင် ထား့ပိုဆိုးမှာပေါ့"

"ဘယ်ကိုမှလဲ သွားချင်စိတ်မရှိပါဘူး ကိုဂျင်မီရယ်"

"အဲဒါသာကြည့်တော့ ကိုဂျင်မီ၊ အစားလည်း ကောင်းကောင်း စားတာ မဟုတ်ဘူး။ ကြာရင် လေတိုက်တာနဲ့ လဲသွားလိမ့်မယ်"

"ဟုတ်တယ် ထားရဲ့၊ ဘုရားလေး ဘာလေး ဖူး၊ အပြင်ထွက်လည်၊ စားချင်တာလေး စား၊ လေကောင်းလေသန့် ရှူမှပေါ့။ မဖြစ်သေးပါဘူး။ ကိုယ်ပါလိုက်မှပါပဲ။ ကဲကဲ . . . လတ်ပါ တစ်ခါတည်းလိုက်ခဲ့ . . . အဝတ်အစား သွားလဲကြချေ"

"အာ . . . ထား မသွားချင်ပါဘူးဆိုနေမှ"

www.burmeseclassic.com

www.burmeseclassic.com



"လာပါ ထားရယ်။ စိတ်ပြေလက်ပျောက်ပေါ့"

"ထပါ ထားရယ်။ ဖိုးကျော်နဲ့တုန်းကလို ထား ကြိုက်တာတွေ ကိုယ်လိုက်ကျွေးချင်လို့ပါ။ ထားက လိမ္မာပါတယ် . . . နော်"

သူမ မသက်မသာပြုံးလိုက်မိပြီး အလတ်ဆွဲခေါ်ရာနောက် ပါလာခဲ့ရ၏။ ဝတ်နေကျ မြန်မာဆန်ဆန် အင်္ကျီတွေကို မထုတ်ပေးဘဲ ဘလောက်စ်အဖြူပွပွလေးနှင့် အနက်ခံမှ အဖြူပွင့်လေးတွေပါသည့် ပါတိတ်လုံချည်ကို ဝတ်စေပြီး ဆံပင်တွေကို ဆံညှပ်ဖြင့်သာ စည်းပေးသဖြင့် သူမပုံစံက ရှိရင်းစွဲအသက်ထက် ငယ်နသွားလေသည်။ အိမ်ပေါ်မှ ပြန်ဆင်းလာခဲ့တော့ ကိုဂျင်မီ့မျက်နှာက လန်းဆန်းသွားလေ၏။

"ဒီလိုမှပေါ့ . . . ကိုယ့်ညီမက ဒီလောက်အရွယ်တင်နေပါလျက်နဲ့ ဘယ့်နယ် အဘွားကြီးပုံစံနဲ့နေနေရတာလဲ"

"အသက်က မငယ်တော့ဘူး ကိုဂျင်မီရဲ့"

"အမလေး . . . သူများတွေ ဒီအရွယ် စကတ်အခွဲတွေ၊ Pents တွေ ဝတ်တုန်း။ နှုတ်ခမ်းနီရဲရဲဆိုးတုန်းပါကွ"

"ပြောတော့မယ် . . . ပေါက်ကရတွေ"

သုံးယောက်သား Mr. Guitor ကို ရောက်ခဲ့၏။ ထောင့်



ကျကျစားပွဲလေးမှာ ထိုင်လျက် ကော်ဖီမှာလိုက်စဉ် ဆိုင်ထဲသို့ ကောင်လေးတစ်ယောက် ဝင်လာလေ၏။ ထိုကောင်လေးက စားပွဲလွတ်ကို ရှာဖွေရင်း သူမတို့ထိုင်နေတာကို မြင်သွားသဖြင့် အနီးသို့လျှောက်လာလေ၏။

"မ"

"ကျော် . . . ဒါဒါရော မတွေ့ပါလား။ သမီးနေကောင်းရဲ့လား"

"လူတော့ နေကောင်းတယ်။ စိတ်ကတော့ နေမကောင်းဘူး"

"ဟင် . . . ဘာတွေဖြစ်နေလို့လဲ"

"ကျွန်တော်ပြောနေတာ ဒါဒါ့ကို မဟုတ်ဘူးနော် မ"

"ဟဲ့"

အလတ်ကအလန့်တကြားဝင်ဟန့်လိုက်ပါ၏။ ကျော်စွာက ကိုဂျင်မီ့ကို ဂျစ်ကန်ကန်ကြည့်လိုက်သဖြင့် သူမ ရင်ထိတ်သွားရသည်။ ခက်တော့တာပဲ။ ကျော်ဟာ မောင်နဲ့ လူပါမက စိတ်ပါ တစ်ထေရာတည်းတူတာ မဟုတ်လား။ မထင်ရင် မထင်သလို ထလုပ်တတ်တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



"သူလေးက ဘယ်သူလဲ ထား"

"ထားရဲ့တူလေးပါ ကိုဂျင်မီရဲ့ ကျော်စွာတဲ့ . . .ကျော့်မှာ ညီမလေးရှိသေးတယ်။ နန္ဒာတဲ့။ ကျော် . . . ဒါ ကိုယ့်ရဲ့အရင်းနှီးဆုံး မိတ်ဆွေ ကိုဂျင်မီပါ"

ကျော်စွာ့မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။ ဘုရားရေ အရင်းနှီးဆုံးမိတ်ဆွေတဲ့လား။ "မ"က ဒီလူကြီးကို မျှော်လင့်ချက်တွေ ပေးလိုက်ပြီထင်ပါရဲ့။ ဖေဖေတော့ နောက်ကျတော့မှာပဲ။

"ကျော် . . . ဘာသောက်မလဲဟင်။ ကိုယ်တို့ကော်ဖီ မှာထားပြီးပြီ"

"နေပါစေ "မ"၊ ကျွန်တော် မသောက်တော့ဘူး။ အသိ တစ်ယောက်နဲ့ချိန်းထားလို့ ဝင်လာခဲ့တာ။ ကျွန်တော် သွားတော့ မယ် . . . မလတ် . . . သွားပြီနော်"

"အေး . . . အေး . . . သား"

အခုပဲဝင်လာ အခုပဲထွက်သွားသည့် ကျော်စွာ့ကို ကိုဂျင်မီက တအံ့တသြကြည့်လိုက်ပြီး သူမဘက်သို့လှည့်ကြည့် လိုက်လေသည်။

"ကောင်လေးကြည့်ရတာ မရှိုးဘူးနော် ထား"



"အာ . . . ကိုဂျင်မီကလည်း . . . တွေ့သမျှ ထားနဲ့အထင် မှားနေ . . ."

"သူ့မျက်ဝန်းတွေက . . ."

"ရပ်လိုက်တော့ ကိုဂျင်မီ။ ရှေ့ဆက်မပြောပါနဲ့တော့။ ကျော်စွာဆိုတာ ရဲရင့်ရဲ့သားရှင့်"

"ဟောဗျာ"

"အဲဒါကြောင့် လတ်လည်း ရင်ထိတ်နေတာ။ ကျော်စွာ က သူ့အဖေနဲ့ စိတ်ရော ရုပ်ပါ တူတာ။ စိတ်လည်း တအားဆတ် တယ်။ အခုနေတော့ အေးပါတယ်။ ထားနဲ့ပတ်သက်ရင်သာ . . ."

"ဩော်"

အိမ်ထဲဝင်လာကတည်းက သူ့ကို လှည့်မကြည့်ဘဲ ညီမဖြစ်သူ၏ အခန်းထဲ တံခါးခေါက်ဝင်သွားသဖြင့် သူ မျက်မှောင် ကျုံ့သွားမိသည်။ ဒီကောင် မဟုတ်သေးပါဘူး။ သမီးအခန်းဝနား မှာ ကပ်၍ နားထောင်လိုက်သော်လည်း ဘာကိုမှ မကြားရ။ တိုးတိုး ကျိတ်ကျိတ်နှင့် ဒီမောင်နှမတွေ ဘာတွေကြံစည်နေလဲ မသိ။ သိချင်စိတ် ပြင်းထန်လာတာမို့ တံခါးကို ခေါက်လိုက်၏။

"ဒေါက် ဒေါက်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"ဖေဖေ"

ခြေသံရုပ်ခနဲကြားလိုက်ရပြီး ကျော်စွာက တံခါးဖွင့်ပေးလိုက်ပါ၏။ သမီးက ခုတင်ထက်ထိုင်၍ အပေါက်ဝကို ကျောပေးထားလေသည်။ သူ အခန်းထဲကို ဝင်လိုက်တော့ ကျော်စွာ့မျက်နှာ သိသိသာသာကြီး ပျက်သွားလေ၏။ သေချာပါပြီ။ ဒီနှစ်ယောက် ဘာမဟုတ်တာလုပ်ထားပြီးပြီလဲ။

"ကဲ . . . တိုးတိုးကျိတ်ကျိတ်လုပ်မနေနဲ့။ ဘာတွေဖြစ်နေလဲ။ ငါ့ကို ပြောကြဦး"

"အာ . . . ဖေဖေကလည်း ဘာမှမဖြစ်ပါဘူး"

"မဖြစ်ဘဲနဲ့ မောင်နှမနှစ်ယောက် အခန်းအောင်းနေမလားကွ။ ကြည့်စမ်း . . .သမီးကလည်း ငိုထားတာ မျက်နှာကို နီရဲလို့။ ပြောပါဦး . . . ဒါဒါနော် . . . အစစအရာရာ ပွင့်ပွင့်လင်းလင်း ရှိပါလို့ ဖေဖေ မှာထားရဲ့သားနဲ့ . . . တော်ကြာ အစ်ကိုနဲ့အဖေ မားဆွဲ တုတ်ဆွဲရကိန်း မဆိုက်ပါစေနဲ့"

"အာ . . .ဖေကလည်း . . . မဦးမချွတ်။ ဘာတွေ လျှောက်ပြောနေတာလဲ"



"သိနိုင်ဘူးလေ။ နင်တို့နှစ်ယောက် မဟုတ်တာတစ်ခုခုတော့ လုပ်ဖို့ ကြံစည်နေပုံရတယ်"

"ဘာမှ မကြံစည်ပါဘူး"

မှန်တင်ခုံပေါ်တင်ထားသည့် ဒါဒါ့ဒိုင်ယာရီစာအုပ်ကို သူယူလိုက်တော့ ဒါဒါက သူ့လက်ထဲမှ အတင်းပြန်လုလေ၏။

"ဖေ . . . အဲဒါ သမီးဟာ . . ."

"ဘာဖြစ်လဲ။ ခဏကြည့်တာပဲ"

"ဖေ . . . မFoulနဲ့လေ။ ဖအေနဲ့သမီး အတွင်းရေးတွေ ပြောစရာလား"

"ငါ့သံသယ ပိုခိုင်လာပြီဟေ့။ ဖယ် . . . ဒါဒါနော် . . . ငါ့ စိတ်ကို နင်တို့ သိတယ်မဟုတ်လား"

နှစ်ဦးသား ခုတင်ထက်မှာ ငုတ်တုတ်လေးထိုင်လိုက်တော့မှ သူ ဒိုင်ယာရီကို နောက်ဆုံးရေးထားသည့် စာရွက်ဆီ ကျော်၍ ဖတ်လိုက်ပါ၏။

"မမ . . .

မမကို ဒါဒါ သိပ်ချစ်ပါတယ်။ ကံကြမ္မာက မမကို နာမည်ပြောင်းခေါ်ဖို့ ပြောင်းလဲစေခဲ့ပြီပဲ။ ကိုကို့အတွက် ဒါဒါ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းမိပေမယ့် . . . ဒါဒါ ကျေနပ်ပါတယ်"

"ဘာတွေလဲ . . . မမဆိုတာ ဘယ်သူလဲ။ ပြောလေ ဒါဒါ"

ဒါဒါက ကျော်စွာ့ကို မော့ကြည့်လိုက်တော့ ကျော်စွာက ခေါင်းခါပြလိုက်လေ၏။ သူ ထောင်းခနဲ ဒေါသထွက်လာလေသည်။ တစ်ခုခုတော့ တစ်ခုခုပါပဲလား။

"ဗုန်း"

"အမေ့"

စာအုပ်ကို စုံပေါ်ပစ်ချလိုက်ပြီး သူ ခါးထောက်ရပ်လိုက်သဖြင့် ဒါဒါက မျက်လုံးဝိုင်းလေးတွေဖြင့် သူ့ကို တစ်ချက်မော့ကြည့်လိုက်ပါ၏။

"ငါ မေးနေတယ်နော်။ ငါ နင်တို့အဖေ . . . ဖအေကို မထီလေးစားလုပ်မယ် မကြံနဲ့"

"ဟိုဟာပါ ဖေရဲ့"

"ဘာဟိုဟာလဲ . . . မရှင်းမရှင်းမပြောနဲ့"

"ကိုကို"

"ဟာ . . . ညီမလေးကလည်း"

"တောက် . . . နှစ်ကောင်စလုံးတော့ ငါ့လက်နဲ့နီးနေပြီ



နော်။ ကိုကို့အတွက် ဝမ်းနည်းတယ်ဆိုတာကရော ဘာသဘောလဲ ကျော်စွာ။ မင်း ဘာတွေခြေရှုပ်နေတာလဲကွ . . . ဟေ"

"မဟုတ်ပါဘူး ဖေဖေရာ"

"မဟုတ်ရင် ဘယ်သူလဲ ပြောပေါ့။ စာအုပ်တစ်ခုလုံးလည်း မမ ဆိုတာတွေ ပွနေတာပဲ။ ဘယ်ကမိန်းမကိုများ သွားကြိုက်ခဲ့တာလဲ . . . ကျော်စွာ . . . ငါ မေးနေတယ်လေ"

"ဖေဖေ မသိပါဘူး"

"မသိလို့ရမလား။ မင်း မပြောရင် ငါက စုံစမ်းလိုက်ရုံပဲနော်။ ငါ့အကြောင်းသိတယ်မဟုတ်လား။ နောက်မှသိရင် ဒီထက်ပိုဆိုးမယ်"

"ဖေဖေ သိချင်ရင် ပြောပြပါ့မယ်။ ဒါပေမဲ့ . . . ဟိုဥစ္စာ ဖေဖေထင်နေသလိုမျိုးတော့ မဟုတ်ရပါဘူး"

"ဘာမဟုတ်ရမှာလဲ။ ဒီလောက်လေးရေးရုံနဲ့ ငါ သိနေပြီ။ ဟော့ကောင် . . . ငါ မင်းစာအုပ်ကို လှန်လိုက်ရင် အကုန် အစအဆုံး သိရမှာနော်။ မင်း . . . ပြောစမ်း . . . ဘယ်က မိန်းမလဲ"

"ဖေဖေ သူ့ကိုပြဿနာမရှာပါဘူးလို့ ကတိအရင်ပေးပါ"

"စဉ်းစားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖေကလည်း . . . ဒါဒါတို့က ရင်းနှီးပတ်သက်ရုံပဲ ရှိတာပါ။ ဖေ ထင်သလိုမျိုး မဟုတ်ရပါဘူး"

"မရှုည်နဲ့ . . . ဘယ်သူလဲသာ ပြော"

"ဟိုလေ . . . ဒေါ် . . . သက်ထား . . . သက်ထား . . ."

"ဘာ . . . ဒီမိန်းမကိုမှ မင်းက စိတ်ဝင်စားနေတာပေါ့။ ဟုတ်လား ကျော်စွာ။ အဲဒါ မင်းအမေအရွယ်ကွ။ ငါ လုံးဝသဘောမတူဘူး။ ကလေးတစ်ယောက်အမေ၊ မုဆိုးမကိုမှ သွားကြိုက်ရသတဲ့လား။ ဒီလောက် သစ္စာမဲ့တဲ့မိန်းမ။ မာယာများတဲ့မိန်းမကိုမှ ဘာသွားကြိုက်ရတာလဲ . . . တောက် . . . ကျော်စွာ . . . မင်းကွာ"

"ဖေဖေ . . . "မ" က ဘာမှမသိဘူးနော်"

"အံမာ . . . ခေါ်ပုံကိုက "မ" တဲ့။ တွေ့မယ် . . . ဒီမိန်းမတော့ ငါနဲ့ထိပ်တိုက်တွေ့ပြီမှတ်။ အသည်းစားဘီလူးမ၊ ငါ မွေးထားတဲ့ ငါ့သားနုနုထွတ်ထွတ်လေးကိုမှ ဖျားယောင်းသွေးဆောင်တဲ့ မိန်းမတော့လား"

"ဖေ . . ."

"ဖေဖေ . . ."

သူ အခန်းတံခါးကို ဒုန်းခနဲဆောင့်ပိတ်လိုက်ပြီး ကား



မောင်းထွက်လာခဲ့မိ၏။ ရင်နာလိုက်တာ . . . ရင်နာလိုက်တာ သားရယ်။ ဖေဖေ့အသည်းကို ခွဲပစ်ခဲ့တဲ့မိန်းမတစ်ယောက်ကိုမှ ငါ့သားက စိတ်ကစားမိခဲ့တာတဲ့လား။

× × ×

www.burmeseclassic.com

www.burmeseclassic.com



Escalator က အလိုအလျောက်တက်နေတာတောင် စိတ်မရှည်ဘဲ ခြေလှမ်းတက်လာခဲ့သဖြင့် နံဘေးမှ လူတွေက သူ့ကို အံ့ဩလျက်ကြည့်နေကြ၏။ အလယ်ထပ်ရွှေဆိုင်ထဲ ဝင်ခဲ့စဉ် ကောင်တာနောက်မှာ ထိုင်နေသည့် တင်မာလတ်က မျက်လုံးပြူး၍ ဝုန်းခနဲ ထရပ်လိုက်လေ၏။

"ရဲရင့် . . ."

"သူ . . . ဘယ်မှာလဲ"

"ဘာလုပ်ဖို့မေးတာလဲ"

"သူ ဘယ်မှာလဲ၊ ငါ ဒါပဲသိချင်တယ် လတ်"

"နင် . . . နင် . . . ထားကို ဘာဒုက္ခပေးဦးမလို့လဲ၊ ထားက . . . ထားက သိပ်ကျိန်းမာတာ မဟုတ်ဘူးနော် . . . နင်"

www.burmeseclassic.com

www.burmeseclassic.com



သူ နောက်ခန်းတံခါးကို ဇုန်းခနဲတွန်းဖွင့်၍ ဝင်လိုက်တော့ လတ်ထံမှ အော်သံစူးခနဲထွက်သွားလေ၏။ ပြတင်းပေါက်လိုက်ကာလေးကို အသာကိုင်၍ ပြင်ပသို့ ငေးနေသည့် အရိပ်ပါးပါးလေးက သူ့ရဲ့အသက်တဲ့လား။ သူ့ရင်ထဲက ခါးခါးသီးသီးမုန်းတီးနေတဲ့ သက်ထားရွှေစင်တဲ့လား။

"ဒီမှာ"

"ဟင်"

အသံကြောင့် အသိဝင်သွားပြီး ဆတ်ခနဲတုန်ယင်စွာဖြင့် လှည့်ကြည့်လိုက်တော့ သူ့မကို စူးစူးရဲရဲ စိုက်ကြည့်နေသည့် သူ့ကို မြင်လိုက်ရလေ၏။ ဘုရားရေ . . . သူ . . . သူ . . . ဘာတွေဖြစ်လာပြန်တာလဲ။

"မင်း . . . တော်တော် ဂြိုဟ်မွှေတဲ့မိန်းမပဲ။ မာယာများတဲ့မိန်းမ၊ သစ္စာမဲ့တဲ့မိန်းမ၊ အရှက်နည်းတဲ့မိန်းမ . . ."

"ရှင်"

အလတ်ထံမှ တားမြစ်သံထွက်လာသော်လည်း သူ့က စကားကိုမရပ်ဘဲ ဆက်ပြောလိုက်ပြန်၏။

"ငါ တော်တော်အံ့ဩတယ် သက်ထားရွှေစင်၊ ဖအေကို



မရလို့ သားကို အရချိုင်တာလောက် အောက်တန်းကျတဲ့စိတ်မျိုး မင်းမှာရှိနေတာ သိပ်ရှုံ့ဖို့ကောင်းတယ်"

"ဟင်"

"ငါ့သားက အခုမှ အညွန့်တလူလူတက်ခါစအရွယ်လေးပါ။ အချစ်ဆိုတာ ဘာမှန်းတောင် သူ သေချာသိသေးတာမဟုတ်ဘူး။ ဒါကို မင်းမို့ သွေးဆောင်ရက်တယ်။ မင်း သိပ်တော်တယ် သက်ထားရွှေစင်။ ငါက မင်းနလုံးသားကို ပစ်မှတ်ရွေးလိုက်တာ။ ငါ့အန္တရာယ်ကိုတော့ ငါ မရှောင်မိခဲ့ဘူး။ မကာကွယ်မိခဲ့ဘူး။ အခုတော့ မင်းက ငါ့သွေးကဖြစ်လာတဲ့ ငါ့သားကိုမှ တမင်ရည်ရွယ်ပြီး လုပ်ခဲ့တာပါလား။ သိပ်သေသပ်တဲ့ လှည့်ကွက်လေးပဲ သက်ထားရွှေစင်။ တစ်ချက်တည်းနဲ့ ငှက်နှစ်ကောင်ကို ထိအောင် မင်း ပစ်ခွင်းနိုင်ခဲ့ပါတယ်"

"မဟုတ်ဘူး . . . မဟုတ်ရပါဘူး"

"ဟင်းဟင်း . . . မာယာတွေ သိပ်များနေတဲ့နှုတ်ခမ်းနဲ့ ငါ့ကို ထပ်ညာဖို့ မကြိုးစားနဲ့ သက်ထားရွှေစင်။ လောကမှာ ငါ အမုန်းဆုံးမိန်းမတစ်ယောက်ကို ပြပါဆိုရင် မင်းကို ငါ လက်ညှိုးထိုးပြလိုက်ရုံပဲ။ မင်းကို ငါ သိပ်မုန်းတယ်။ ခါးခါးသီးသီးကို မုန်း

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မင်းနဲ့ စပတ်သက်မိခဲ့တဲ့ ငါ့အတိတ်ကို ဖျောက်ဖျက်ပစ်လို့ ရရင် ငါ အပြီးတိုင် ဖျောက်လိုက်ချင်တာ အမှန်ပဲကွ"

Handphone မှ သံစုံမြည်လာသဖြင့် သူ ဖုန်းကို ဖွင့်လိုက်ရ၏။ တစ်ဖက်မှစကားသံကို နားထောင်အပြီးမှာ သူ့ရင် တစ်ခုလုံး ပူလောင်သွားလေတော့သည်။

"ဘာ . . . ဆေးရုံမှာ . . . ဟုတ်လား။ အေး . . . ဖေဖေ လာပြီ သမီး"

သူ ဖုန်းကိုပိတ်ပြီး သူမကို လက်ညှိုးထိုး၍ စကားမပြောဘဲ ရပ်နေလေသည်။ ပြီးမှ သက်ပြင်းတစ်ချက်ကို ဆောင့်ချ၍ ဆက်ပြောလေ၏။

"ငါ့သားသာ တစ်စုံတစ်ခု ဖြစ်ရဲဖြစ်ကြည့် မင်းကို ငါ့လက်နဲ့ ငါ ကိုယ်တိုင်သတ်မယ်"

အခန်းထဲမှ ဒေါသတကြီးထွက်သွားသည့် သူ့နောက်ကျောကို ငေးကြည့်နေရင်း သူမ ငိုဖို့ပင် သတိမရနိုင်ဘဲ ကြောင်နေမိ၏။ အလတ်က သူမကိုယ်လုံးလေးကို စိုးရိမ်တကြီး ကိုင်လှုပ်လိုက်လေသည်။

"ထား . . . ထား . . . သတိထားလေ . . . ထားရေ"



သူမ မျက်လုံးအစုံကိုမှိတ်ချလိုက်စဉ် မျက်ရည်စီးကြောင်းနှစ်သွယ်က စီးကျသွားလေ၏။ ဒီမျက်ရည်တွေ မကုန်ခန်းနိုင်သေးပါလား။ ထားကို ဘယ်အချိန်, ဘယ်အရွယ်ထိ တိုက်ခိုက်နေဦးမှာလဲ။ လောကခံရယ် . . . ဒီလိုမသေမရှင်တိုက်ခိုက်နေမယ့်အစား ထားရဲ့ဝိညာဉ်ကို တစ်ခါတည်း နှုတ်ယူသွားပါတော့လား။

"ထား . . ."

"ထား . . . ဘာမှမဖြစ်ပါဘူး အလတ်ရယ်"

"ထားရယ် . . . ရဲရင့်တော့ ဘီလူးစီးလာသလား မှတ်ရတယ်။ ကြောက်စရာကြီး"

"သွေးပေါ့ အလတ်ရယ်။ သွေးကြောင့်ပေါ့။ ထားတောင်မှ ထားရဲ့သွေးသားမဟုတ်ဘဲနဲ့ မင်းမင်းကို အသက်တမျှ ချစ်ရှာသေးတာ။ သူက သူ့သွေးသားနဲ့ဖွဲ့စည်းထားတဲ့ သူ့သားကို ထိတော့ ဒီလောက်တော့ရှိမှာပေါ့။ ထား နားလည်ပါတယ်။ ထားလိုပူလောင်တဲ့ဝေဒနာတွေနဲ့ သူ့ကို ဒဏ်ရာတွေမရစေချင်ပါဘူး။ ထားကို မုန်းတီးစိတ်နဲ့ သူ့ရင်ထဲမှာ အမြဲပူပြင်းနေခဲ့တာ နှစ်နှစ်ဆယ်ကျော်လာခဲ့ပြီ။ ထားက . . . ထားက သူ့ထားကို မေ့ဖျောက်လိုက်စေချင်တာ။ ဥပေက္ခာပြုလိုက်စေချင်တာပါ။ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရအောင်လည်း ဟိုး . . . လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကတည်းက လုပ်ဆောင်ပေးခဲ့တာ။ အခုတော့ . . . သူက . . . ထားကို မုန်းဖို့ မေ့ဖို့ထက် တသသနာကျင်ခံစားနေခဲ့ရရှာတာပါလား"

"ထားရယ် . . . ထားကိုယ်ထားလည်း ပြန်ငုံ့ကြည့်ဦး။ လူက ပါးပါးလေးပဲ ကျန်တော့တယ်"

"ဒီလောကနဲ့ ထား မသေနိုင်သေးပါဘူး အလတ်ရယ်။ ထားကို ဘယ်လောက်ထိ နာကျင်စေဦးမလဲ။ ထား ငြိမ်ငြိမ်လေး ခံယူသွားမှာပါ။ သေနေ့မစေ့သေးသရွေ့ပေါ့။ ထား . . . နေခွင့်ရှိသေးရင် နောက်ထပ်နှစ်နှစ်လောက်တော့ ရှင်သန်ချင်ပါသေးတယ်။ မြနဲ့သားကို နောက်ဆုံးအနေနဲ့ တွေ့သွားပြောသွားချင်ပါသေးတယ်။ ပြီးရင်တော့ . . ."

အလတ်ထံမှ ငိုချလိုက်သံကို ကြားလိုက်ရ၏။ ပြတင်းဝမှတစ်ဆင့် တလွင့်လွင့်ပျံနေသည့် တိမ်တိုက်တို့ကို ငေးမောနေမိသည်။ ထားလည်း တိမ်လေးတွေလို လွင့်မျောသွားရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။

× × ×



ဆေးရုံပေါ်အပြေးတက်၍ Special Room ထဲဝင်ခဲ့စဉ် လက်မှာ ပိုက်တန်းလန်းဖြစ်နေသည့် ကျော်စွာက ရှန်းထလိုက်လေ၏။

"သား . . . သား . . . မထနဲ့လေ"

"မ . . . မ . . . ဖေဖေ "မ"ကို ဘာလုပ်ခဲ့ပြီလဲ။ ဖေဖေ "မ" ကို ဘာတွေသွားပြောလိုက်တာလဲ။ အကုန်မှားကုန်ပြီဗျာ"

"ကိုကို"

"သား"

"မက ဘာမှသိရှာတာမဟုတ်ပါဘူး ဖေဖေရာ။ မိသားစုအပူ၊ စီးပွားရေးကိစ္စတွေနဲ့လောင်မြိုက်နေတဲ့ အမျိုးသမီးတစ်ယောက်ကို ကိုယ်ချင်းစာစိတ်နဲ့ ကျွန်တော် စိတ်ကစားမိခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံပါတယ်။ ဒါပေမဲ့ အဲဒါတွေ ပြီးဆုံးခဲ့ပါပြီ။ "မ"က ကျွန်တော့် အပေါ် တူလိုသားလိုဖြူစင်စွာ သဘောထားပြီး ဆက်ဆံခဲ့တာပါ။ ဖေဖေထင်သလိုမျိုး မဟုတ်ပါဘူး။ ဖေဖေရာ . . . ဖေဖေ့ရင်ထဲမှာ နှစ်ပေါင်းများစွာရှိနေခဲ့တဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ ခုချိန်ထိ ဒုက္ခပေးနေရတာလဲ။ "မ"ဒုက္ခခံစားနေရတော့ရော ဖေဖေ ပျော်လို့လား၊ စိတ်ချမ်းသာလို့လား။ "မ"ကိုအနိုင်ရခဲ့တိုင်း ဖေဖေမှူးခဲ့တဲ့ညတွေ အကြိမ်ပေါင်း မနည်းတော့ဘူး။ ဒီလောက်ထိ အငြိုးတွေ၊ အာဃာတတွေဖွဲ့နေတာ ဖေဖေ "မ"ကို မုန်းနေတာမှ မဟုတ်ဘဲ။ အဲဒါ ဖေဖေ ခုချိန်ထိ သူ့ကိုစွဲလမ်းနေတာ၊ ချစ်မြတ်နိုးနေဆဲပါ"

"သားရာ"

"ဖေဖေ သူ့ကိုသွားတောင်းပန်ပေးပါ။ ကျွန်တော်တို့ မျက်နှာချင်းမဆိုင်ရဲတော့အောင် ဖေဖေ မလုပ်ပါနဲ့။ သူ့ကို ဒီလောက်အထိ လက်စားချေရရင် ကျေအေးပေးလိုက်ပါတော့ ဖေဖေရယ်"

သူ သားဖြစ်သူ၏လက်ကို ဆုပ်ကိုင်လျက် မျက်ရည် ကျသွားရလေသည်။ ကြည့်စမ်း . . . သူမှာတော့ သောကအပူမီးတွေ



ဝိုင်းနေလိုက်တာ။ ကိုယ့်ရင်ထဲကိုတောင်မှ ပြန်မမြင်မိခဲ့ပါလား။ ခုတော့ သူမွေးထားတဲ့သားက သူ့ရင်ထဲကို ထွင်းဖောက်မြင်တတ်နေပါရောလား။ ရဲရင့်ရေ . . . မင်း . . . ဘာဆက်လုပ်မလဲ၊

အိမ်အပြန်လမ်းတစ်လျှောက်လုံး သမီးပြောသည့် ဖုန်းနံပါတ်ကို တစ်ယောက်တစ်လှည့် နှိပ်၍ ခေါ်နေခဲ့ပါသော်လည်း ဖုန်းက ခေါ်၍မရခဲ့။ သူမနေသည့်အိမ်ကို လိုက်သွားတော့ မီးရောင်မရှိဘဲ မည်းမှောင်နေသဖြင့် သူတို့သားအဖ အိမ်ကိုသာ ပြန်ခဲ့ရလေတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးဘေးမှ Handphone မြည်လာသဖြင့် ကျော်စွာ ဖွင့်လိုက်မိ၏။ နံပါတ်တွေကို ဖတ်လိုက်စဉ် ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွားလေတော့သည်။ ဘုရားရေ . . . "မ" ရဲ့ဖုန်းနံပါတ်ပါလား။

"ဟဲလို"

"သား . . . ကျော်"

"မ"

"သက်သာရဲ့လား သား။ ဘာတွေများ ပြင်းပြင်းထန်ထန် ဖြစ်သွားသေးလဲ"

"ဟင့်အင်း . . . ခြေထောက်တစ်ဖက် ကျောက်ပတ်တီး စည်းထားရုံပါပဲ"

"တော်ပါသေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မ . . . ဖေဖေ့ကိုယ်စား ကျွန်တော်"

"အဲဒါတွေအားလုံး အန်တီမေ့ထားလိုက်ပြီ သား။ ပြီးတာတွေ ပြီးပါစေတော့ သားရယ်။ သူ စိတ်ကျေနပ်ရင်ပြီးတာပါပဲ။ ဖြစ်ပျက်ခဲ့သမျှအရာရာတိုင်းဟာ အန်တီဝဋ်ပါလာလို့ပဲလို့ မှတ်ယူထားပါတယ်။ ကဲပါလေ . . . သားမှာ ဝေဒနာခံစားနေရတဲ့ကြားထဲက အန်တီ့ကြောင့် ထပ်မခံစားစေချင်ပါဘူး။ အန်တီ သားကို ပြောစရာရှိလို့ ဆက်လိုက်တာပါ။ အန်တီ အားလုံးကို ဥပေက္ခာပြုနိုင်ပါပြီ၊ ခွင့်လွှတ်နိုင်ခဲ့ပါပြီ။ သားတို့နဲ့ပတ်သက်ပြီး အန်တီ့ဘက်က လွန်တာ မှားတာတွေရှိခဲ့ရင် ခွင့်လွှတ်ပေးပါကွယ်၊ အန်တီ တောင်းပန်ခဲ့ပါတယ်၊ လောကမှာ ချစ်ရင်ပဲဖြစ်ဖြစ်၊ မုန်းရင်ပဲဖြစ်ဖြစ် အကုန်မီးလိုပူလောင်ရတာပဲ၊ အထူးသဖြင့် အငြိုးထားသူအတွက် အဲဒီမီးတောက်က ပိုပြီးပူလောင်ပြင်းပြစေတယ်လေ။ ဒီတော့ သားရဲ့ဖေဖေ အန်တီ့အပေါ်မှာထားခဲ့သမျှ အငြိုးတွေ ပြေပျောက်နိုင်ပါစေလို့ အန်တီဆုတောင်းပေးခဲ့ပါတယ်၊ သံသရာမှာ ဘယ်သောအခါမျှ ပြန်လည်မဆုံဆည်းလိုတော့တာ အမှန်ပါကွယ်၊ သူ မုန်းတီးနာကြည်းခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ အမှန်တရားတွေကို တစ်နေ့သိခဲ့ရင် သူ့ကို နောင်တတွေ မရစေချင်



တော့ပါဘူး၊ အားလုံးကို ပြည့်ဖုံးကားချလိုက်ပါပြီ၊ သား . . . ကျော်ကျန်းမာရေးကို ဂရုစိုက်ပါ။ သားဆိုတာ ဆိုးရင် ကျား၊ လိမ္မာရင် အားတဲ့၊ အန်တီ့သားက ကျားတစ်ကောင်ဖြစ်ခဲ့ပေမယ့် သားကိုတော့ ကျားမဖြစ်စေချင်ဘူး၊ မိဘအားကိုးရတဲ့ အားတစ်ခုသာ ဖြစ်စေချင်ပါတယ်၊ လိမ္မာပါ။ မိသားစုကို ဦးဆောင်နိုင်တဲ့ သားဖြစ်အောင် ကြိုးစားပါ။ အစ်ကိုကြီး အဖအရာဆိုသလို ညီမလေးကို လမ်းပြသွန်သင်ပါ။ ကံမကုန်သေးရင်တော့ သားတို့နဲ့ အန်တီ ပြန်ဆုံကောင်း ဆုံနိုင်ပေမယ့် . . ."

"မ . . . ဟဲလို . . . မ"

ဖုန်းကိုကိုင်၍ ကျော်စွာ ငိုင်နေမိတော့သည်၊ "မ"ရယ် တစ်သက်တာအတွက် နှုတ်ဆက်စကားတွေဆိုခဲ့တာလေလား။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ရွှေဆိုင်ထဲဝင်လိုက်စဉ် လတ်ထံမှ စူးခနဲလှမ်းကြည့်တာကို ခံလိုက်ရ၏။ နောက်မှပါလာသည့် သားနှင့်သမီးတို့ကြောင့် ဒေါသကို မျိုချလိုက်ပုံရလေသည်။

"နင် . . . ဘာလာလုပ်ပြန်တာလဲ"

"ငါ . . . သူ့ကို . . ."

"ငြိုးတာတွေ ငြိုးပါစေတော့လား ရဲရင့်"

"ငါ ပြောစရာတွေရှိနေလို့ပါ လတ်ရာ"

လတ်က နောက်ဘက်နားနေခန်းတံခါးကို ဖွင့်ဝင်သွားသဖြင့် သူတို့သားအဖ လိုက်ဝင်ခဲ့၏။ သူ မျှော်လင့်ထားသလို အခန်း ထဲမှာ သူမ ရှိမနေပါချေ။

"သူ . . . ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း . . . နင် မတွေ့ချင်တော့တဲ့ မိန်းမတစ်ယောက်ကို ခုလိုမေးဖော်တော့ရသားပဲ"

"လတ် . . . ငါ သူ့ကို တောင်းပန်ချင်လို့ပါ။ ကျေးဇူးပြု၍"

"တော်ပါပြီ ရဲရင့်ရယ်။ နင် ဘယ်လိုပဲပြောပြော နင့်ကို ငါ မယုံတော့ဘူး။ သူက ပိုဆိုးတာပေါ့။ နင့်ကို သူ သိပ်ကြောက်သွားခဲ့တာပါ။ ငါ အံ့ဩလို့ မဆုံးဘူး ရဲရင့်။ နင် သူ့အပေါ်မှာ ဒီလောက်အထိ နှစ်ပေါင်းများစွာ အငြိုးအတေးထားနိုင်ခဲ့တာပါလား။ ငါ ပြောပြမယ်။ ငါတို့နောက်ဆုံးနှစ်ဖြေခါနီး နင့်ကို သူ ရှောင်ခဲ့စဉ်က စကြတာပေါ့"

လတ်က သူမရပ်နေခဲ့ဖူးသည့် ပြတင်းပေါက်လိုက်ကာလေးကို ဆွဲဖွင့်၍ စကားဆက်ရန် အရှိန်ယူလိုက်ပါသည်။

"အဲဒီတုန်းက နင်က တအားကိုသွေးပူနေတာလေ။ တစ်ဖက်မှာ သူ ဘာတွေဖြစ်နေလဲ နင် ဘာမှသိခဲ့တာမဟုတ်ပါဘူး။ အဲဒီအချိန်မှာ သူ့အဖေက အသည်းရောဂါခံစားနေရပြီ။ အချိန်က သိပ်ကျန်တော့တာ မဟုတ်ဘူး"

"ဟင်"

"အဲဒီလိုအချိန်မှာ နင့်အမေက နင်နဲ့သူ့ကိစ္စကို အပြတ်



လာဖြတ်ခဲ့တယ်။ သူ ဘယ်လောက်ခံစားရမလဲ။ နောက်ဆုံးအချိန်ရောက်နေပြီဖြစ်တဲ့ ဖအေအတွက် သောကတွေ ခံစားနေရချိန်မှာ နင့်အမေက နောက်ထပ်အပူတွေနဲ့ လာထပ်ရှို့ပေးခဲ့တာလေ။ ငါလည်း ဒါကိုမသိသေးတော့ နင်ခေါ်ရာကို လိုက်သွားဖို့ သူ့ကို တိုက်တွန်းမိခဲ့ပါသေးတယ်။ သူ ဘာပြောခဲ့တယ်ထင်လဲ။ ငါပြောသလို နင့်နောက်ကို ကြည်ကြည်ဖြူဖြူနဲ့လိုက်သွားချင်တာပေါ့တဲ့။ ဖြစ်နိုင်ရင် နင့်လက်ကိုဆွဲပြီး ဘယ်သူမှမသိမမြင်နိုင်တဲ့ ဟိုးအဝေးဆုံးအထိ ထွက်ပြေးသွားလိုက်ချင်တာပါတဲ့။ ဒါပေမဲ့ သူ့ကို ရှာဖွေကျွေးမွေးပြုစုပေးခဲ့တဲ့ ဖခင်ရဲ့ကျေးဇူးကို ဆပ်ခွင့်ကြုံတုန်းလေး သူ ဆပ်ပါရစေတဲ့။ ဘဝမှာ သစ္စာမရှိတဲ့ချစ်သူအဖြစ် နင် သတ်မှတ်ရင်လည်း သူ ခံလိုက်ပါ့မယ်။ မိဘကို သိတတ်တဲ့ သမီးအဖြစ်နဲ့ပဲ သူ ရင်ကွဲခံပါရစေဆိုပြီး နင့်ကို ချစ်လွန်းလို့ စွန့်လွှတ်ခဲ့တာ။ သူ ရင်ကွဲခံပြီး နင် စိတ်နာတတ်အောင် လုပ်ပစ်ခဲ့တာပါဟာ။ သူ့ဘဝမှာ နင်တစ်ယောက်တည်းသာ အချစ်ဦးနဲ့ အချစ်ဆုံးပါပဲ။ သူ့ချစ်ခြင်းတွေအားလုံး နင့်ကို အပြီးအပိုင်ပေးခဲ့တာပါလို့ ပြောခဲ့တဲ့ သူပါ။ အဲဒီလို နင့်ကို နင့်နင့်သည်းသည်းချစ်မြတ်နိုးခဲ့တဲ့မိန်းမတစ်ယောက်ကိုမှ နင် လက်စားချေရက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပစ်ပစ်ခါခါ ပြောရက်တယ်။ လောကမှာ ရက်စက်တတ်တဲ့ ယောက်ျား၊ အမျက်ကြီးတဲ့ယောက်ျားဆိုလို့ နှင့်အပြင် ဘယ်သူမှ မရှိတော့ဘူး။ ထားမပြောနဲ့ ငါပ်၊ နှင့်ကို စိတ်နာတယ်ဟဲ့ ရဲရင့်ရဲ့"

လတ်က ပြောပြီးပြီးချင်း ထိုင်ခုံပေါ်ထိုင်ချလိုက်ပြီး ချုံးပွဲချငိုကျွေးလိုက်လေ၏။ သူ နံရံကိုမှီ၍ငိုင်နေစဉ် သားနှင့်သမီးထံမှ တရှုပ်ရှုပ်အသံတွေကို အတိုင်းသားကြားနေရသည်။ အသက်ရယ် . . . မောင် . . . မောင်မှားပါတယ်။ မောင် အမှားကြီးမှားခဲ့တာပါလားကွယ်။ မောင့်ကို ခွင့်မလွှတ်နိုင်တော့ဘူးလား။ စိတ်ထဲမှာ အနာကြီးနာခဲ့ပြီလားကွယ်။

"ဖအေသဘောတူခဲ့တဲ့လူကို မျက်စိစုံမှိတ်ယူခဲ့ပေမယ့် သူ တစ်ရက်မှ ပျော်ခဲ့တာ မဟုတ်ဘူး။ သူ့ယောက်ျား သူ့အပေါ် ကြင်နာလို့သာ သူ သည်းခံပေးခဲ့တာ။ ယောက်မနဲ့ လင်ပါသားပေါင်းပြီး ဗိုင်းနှိပ်စက်ခဲ့တဲ့ဒဏ်ကို အနှစ်နှစ်ဆယ်လုံးလုံး သူ ခါးစည်းခံနေခဲ့ရတာပါ။ ဒါတွေကို ငါပဲသိခဲ့ပါတယ်။ နှင့်သားနဲ့သမီးကိုတွေ့တော့ မြင်တာနဲ့ သူ သိခဲ့တယ်။ သေချာအောင်လည်း သူ စုံစမ်းခဲ့တာပါ။ ကလေးတွေကို သံယောဇဉ်ထားမိတာတောင် နှင်သိရင် သူ့ကို ပြဿနာရှာမှာစိုးလို့ အမြဲ အထိတ်တလန့်ရှိနေခဲ့တဲ့



သူပါ။ ကောင်းပါတယ်။ ခုတော့ သူသွားချင်တဲ့နေရာ၊ သူ စိတ်ချမ်းသာမယ့်နေရာကို သူ သွားပြီလေ။ ငါက နှင့်ထက် ထားကို ပိုချစ်တယ် ရဲရင့်ရဲ့။ ငါတို့က ငယ်ငယ်ကတည်းက ကျောင်းအတူတက်ခဲ့ကြတဲ့ သူငယ်ချင်းတွေပါ။ သူ့ရင်ထဲကို နှင့်ထက်ပိုပြီး ငါ မြင်တတ်တယ်။ ငါ သူ့အပေါ်မှာထားတဲ့ မေတ္တာက ဖြူစင်တယ်၊ သန့်ရှင်းတယ်။ နှင့်လို မည်းညစ်ပုတ်သိုးနေတဲ့ ချစ်ခြင်းမျိုးမဟုတ်ဘူး။ နှင့်အတွက်ဆို ဘာမဆို အရာရာစွန့်လွှတ်ပြီး ပေးဆပ်ခြင်းတွေနဲ့ မြတ်မြတ်နိုးနိုးချစ်ခဲ့တဲ့မိန်းမတစ်ယောက်ရဲ့ ချစ်ခြင်းတွေနဲ့ နှင်တန်ကိုမတန်ဘူး"

"လတ် . . . ငါ . . ."

"နှင့်ကို ချစ်မိခဲ့တာ ထားဘက်ကပဲ အများကြီးနစ်နာတယ်။ ဒီလောက် သူ့ကို အကြိမ်ကြိမ်ဒုက္ခတွေပေးခဲ့တာတောင်မှ နှင့်အပေါ် ခွင့်လွှတ်သည်းခံနိုင်တဲ့ သူ့မေတ္တာတွေ နှင် တစ်နေ့ ရှုံးမှာ သေချာတယ် ရဲရင့်"

"တော်ပါတော့ . . . တော်ပါတော့ လတ်ရယ် . . . ငါ . . ငါ . . . ရင်ကွဲပါပြီဟာ။ ငါ မကြားပါရစေနဲ့တော့"

သူ နံရံကို ကျောမှီထားလျက်မှ လက်သီးဖြင့်ထိုးချလိုက်

www.burmeseclassic.com

www.burmeseclassic.com



မိ၏။ သွေးတွေ ဖြာခနဲကျလာစဉ် သားနှင့်သမီးထံမှ အော်သံတွေကို ကြားလိုက်ရလေသည်။

"ဟာ . . . ဖေဖေ"

"ဖေ . . . မလုပ်ပါနဲ့ ဖေရယ်။ မမကို ဒါဒါတို့ တွေ့အောင် ဝိုင်းရှာပေးပါ့မယ်။ မလုပ်ပါနဲ့ ဖေရယ်"

သူ မျက်နှာကို လက်ဝါးဖြင့်အုပ်လိုက်ပြီး ကလေးတစ်ယောက်လိုပင် ငိုလိုက်မိ၏။ အသက်ရယ် . . . အနှစ်နှစ်ဆယ်လုံး သိမ်းဆည်းထားခဲ့တဲ့ မောင့်ရင်ထဲက အငြိုးတွေဟာ အသက်အပေါ်မှာ အရက်စက်ကြီး ရက်စက်ရာကျခဲ့ပေမယ့် တမြေ့မြေ့ခံစားနေရတဲ့ မောင့်နှလုံးသားကို မောင် သတ်နေသလိုပါပဲ။ လောကမှာ ကိုယ့်ကိုယ်ကို ညာမိတဲ့လူဆိုတာ မောင် တစ်ယောက်သာ ရှိမှာပါကွာ။

"မ ဘယ်ကိုထွက်သွားတာလဲဟင် မလတ်"

"ထားက သူ့ဘဝအကျိုးပေးမကောင်းလို့ သူကိုယ်သူ ပြန်စိတ်နာပြီးထွက်သွားတာပါ။ သူ ဘယ်သွားလဲဆိုတာ ငါ့ကို လုံးဝပြောသွားတာ မဟုတ်ဘူး။ ငါသိရင် တားမယ်မှန်း သူ ကြိုမြင်လို့ ဘယ်သူ့ကိုမှ အသိမပေးဘဲ ထွက်သွားခဲ့တာ"



"အသက်ရယ်"

"အေး . . . နင်တို့တွေ့ချင်ရင် နောက်နှစ်နှစ်ကုန်အောင် စောင့်ပေတော့။ မြဲတို့ တူအရီးလွှတ်လာရင် လေးလေးဦးမြင့်သိန်း ရှေ့မှာ ရပိုင်ခွင့်မှန်သမျှအားလုံးကို သူ လွှဲပေးလိမ့်မယ်။ ငါ ပေးနိုင်တဲ့သတင်းက ဒါ အကုန်ပဲ"

လတ်က ထိုင်နေရာမှ ထရပ်လိုက်ပြီး အခန်းထဲမှ ထွက်ရန်ပြင်လိုက်စဉ် သူ့ထံမှ ခြောက်သွေ့အက်ကွဲသည့် အသံတိုးတိုး ထွက်လာလေတော့သည်။

"အသက်ရယ် . . . မောင့်ကို . . . မောင့်ကို ခွင့်မလွှတ်ပါနဲ့တော့။ မောင်က အသက်ရဲ့ ခွင့်လွှတ်ခြင်းနဲ့လုံးဝမတန်တော့တဲ့လူပါ။ ဒါပေမဲ့ မောင် မသေခင်အချိန်လေးအတွင်းမှာတော့ အသက်ရဲ့မျက်နှာလေးကို နောက်ဆုံးအနေနဲ့ ကြည့်သွားချင်ပါတယ်။ အသက်ဆီက အမုန်းတရားပဲဖြစ်ဖြစ်၊ နာကျင်မှုပဲဖြစ်ဖြစ် ဘာကိုပဲရရ မောင် လက်ခံချင်ပါတယ်ကွယ်"

အခန်းတွင်း၌ ငြိမ်သက်တိတ်ဆိတ်သွားလေ၏။ သားနှင့်သမီးက သူ့ကို တစ်ဖက်တစ်ချက်ဆီ တွဲခေါ်လျက် ကားပေါ်အထိ ကြိုးစားခေါ်ဆောင်လာခဲ့သည်။ ကားနောက်ခန်းမှာ အရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးပြတ် မှီထိုင်လိုက်တော့ သမီးက သူ့လက်မောင်းကို ဆုပ်ကိုင်လျက် မျက်ရည်တွေတွေကျနေလေ၏။

အသက်ရယ် . . . မောင့်ကလေးတွေကို သားသမီးတွေလို သဘောထားခဲ့တာတဲ့လား။ အသက်ချစ်ခဲ့တာ တကယ်ပေါ့နော်။ မောင်ကတော့ ပူလောင်တဲ့သောကတွေနဲ့ အသက်အပေါ်မှာ အပြစ်တွေမြင်ပြီး တစ်ရက်မှ စိတ်မချမ်းမသာဖြစ်နေခဲ့တာလေ။ ဪ . . .အချစ်ကြီးခဲ့သူမို့ အမျက်ကြီးခဲ့မိတယ်။ အမျက်ကြီးပြန်တော့ အငြိုးတရားတွေပါ ကြီးမိခဲ့တာကိုး။

အိမ်ကိုပြန်ရောက်တော့ သားက ဆရာဝန်ခေါ်၍ သူ့ကို ဆေးထိုးဆေးတိုက်ကာ အိပ်ရာထဲ ဝင်စေ၏။ မျက်လုံးတွေကြောင်လျက် အိပ်ရာထက်လှဲနေတော့ သားနှင့်သမီးက တစ်ညလုံး မအိပ်ဘဲ ထိုင်စောင့်နေလေသည်။ ဪ . . . ဖအေကို စိုးရိမ်ရှာပါလား။ အခုလို မောင့်အပေါ်မှာ ပြုစုယုယတဲ့သားသမီးတွေ ရှိနေချိန်မှာ အသက်နားမှာ ဘယ်သူရှိမလဲ။ အသက်ကို ဘယ်သူပြုစုယုယမှာလဲ။ အသက် အားငယ်နေချိန်မှာ ဘယ်သူက အားပေးမှာလဲကွယ်။

အတွေးတို့ ပျံ့နှံ့လျက်ရှိစဉ်မှာ မျက်ရည်ပူတွေက ပါးပြင်



ထက် ဖြတ်သန်းစီးဆင်းသွားလေ၏။ ဘဝကို ငြီးငြည့်စုံစွာနဲ့ လျှောက်လှမ်းခဲ့တဲ့ယောက်ျား၊ ဘာမဆို လိုတရပြည့်စုံခဲ့တဲ့ ယောက်ျား၊ လိုချင်တာမှန်သမျှ မရတာမရှိခဲ့လေတဲ့ ယောက်ျား တစ်ယောက်ရဲ့ဘဝမှာ မျက်ရည်ဆိုတာ ထူးဆန်းအံ့ဩဖွယ်ရာ အရာတစ်ခုပါ အသက်ရယ်။

ဒါပေမဲ့ . . . အခုတော့ မောင် မျက်ရည်ကျနေပါတယ်။ အဲဒီမျက်ရည်တွေဟာ အသက်ကိုချစ်တဲ့မျက်ရည်၊ အသက်ကို မြတ်နိုးတဲ့မျက်ရည်၊ အသက်ကို စိုးရိမ်နေတဲ့ နောင်တမျက်ရည်တွေဆိုတာ အသက် သိစေချင်လိုက်တာကွယ်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြီးခဲ့သူမို့
အမျက်ကြီးမိခဲ့တယ် မေ . . .
ရင်မှာအမြစ်တွယ်ခဲ့တဲ့
တွယ်တာခြင်းသစ်ပင်က
ရှင်သန်ကြီးထွားလာခဲ့တာကြာပြီမို့
အသီးအပွင့်တွေဝေဆာစွာနဲ့
ပျော်စရာဘုံလေးဆောက်ခဲ့တယ် . . .
ကံကြမ္မာက
အခြေအနေတွေ ဖန်တီးပေးလာတော့
မှားယွင်းမှုများစွာနဲ့
ရင်ခွင်မှာ လောင်တိုက်သွင်းခံခဲ့ရတာမို့
နာကြည်းမုန်းတီးခဲ့တယ် မေ . . .
အမျက်ကြီးခဲ့ရာမှ
အငြိုးတွေ တစ်ဖန် ထပ်ကြီးလာပြန်တော့
နှလုံးသားက မီးလောင်
အသည်းက ပြာကျ
နောင်တရတဲ့လူသား
အမှားများစွာထွေးပိုက်ရင်း
ငြိုးသူ့ရင်မှာ . . .
ဝေဒနာတွေ ပြည့်နှက်နေလို့ပေါ့ . . .

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီရုံးခန်းထဲ ဝင်လိုက်စဉ် ဦးမြတ်လှက လက်တစ်ဖက်ထောင်ပြလျက် သူ့ကို နှုတ်ဆက်လိုက်လေ၏။ သူ လက်ပြန်ထောင်ပြရင်း ခေါင်းညိတ်လိုက်ပါသည်။

"ဘယ်လိုလဲ ဦးရဲရင့်ရဲ့ သားတော်မောင်တစ်ယောက်ပဲ ကုမ္ပဏီကို ရောက်ရောက်လာတာ ကြာပြီ။ ခင်ဗျား ဘာဖြစ်လို့ ဒီလောက်အကြာကြီး အခန်းအောင်းနေရတာလဲ"

"ဒီလိုပဲပေါ့ . . . စိတ်ကို ကုစားနေရတာ ဒီလောက်တော့ ရှိမှာပေါ့ဗျာ"

"တယ်ဆိုတဲ့စာပါလား။ ခင်ဗျားကို ကြည့်လိုက်တိုင်း အမြဲ Proactive ဖြစ်နေတာ။ ခု . . . ဆရာဝန်ခေါ်ရတယ်ဆိုတော့ ဘယ်အခြေအနေရောက်နေပြီမို့လို့လဲ . . . ဟင်း . . .ဟင်း . . .ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြားဖူးမှာပေါ့။ ပထမအရွယ်က အစပြုခဲ့တဲ့ ဝေဒနာက ဒုတိယအရွယ်မှာ ပြန်ပေါ်လာလို့ပါ"

"ဟော . . . ကျားသားမိုးကြိုး . . . ဘာလဲ . . . အဆက် ဟောင်းနဲ့ပြန်ဆုံဖြစ်ပြီဆိုပါတော့လေ"

"မှန်လိုက်လေဗျာ . . . ကွက်တိပဲ"

သူက တစ်ချက်ရယ်မောလိုက်ပြီး ဆုံလည်ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပါ၏။ နားထဲမှာ ပဲ့တင်ထပ်နေသည့်စကားတွေကို ပျောက်အောင် မနည်းဖျောက်နေရသည်။ အသက်ကို အပိုင်သိမ်းဖို့ကြိုးစားနေသူတွေထဲမှာ ဒီလူက ရှေ့ဆုံးက မဟုတ်လား။

"အချစ်က ဘယ်ကစသလဲ ကိုရဲရင့်ရေ"

"ဒါတော့ ကျွန်တော် အတိအကျမပြောနိုင်ပါဘူး။ သေချာတာကတော့ အသက် (၁၈)နှစ်က အစပျိုးခဲ့တဲ့ ရေသောက်မြစ်က ဒီအရွယ်ထိ ခိုင်မာနေတာတော့ အမှန်ပဲ"

"ဟ . . . ညွှန်းလှချည်လား။ ပြောစမ်းပါဦး . . . ခင်ဗျားလေဒီကို ဘယ်မှာဆုံလာခဲ့တာလဲ။ ကျုပ်လည်း ဝမျှခံစားပေးမှာပေါ့။ အမြဲတမ်း ငွေကြေးတွေနဲ့ နပန်းလုံးနေခဲ့ရတာ၊ တစ်ခါတလေ ခေါင်းရှင်းချင်တာလည်း ပါပါတယ်"



"ကျွန်တော့်အချစ်က အရွယ်မလွန်သေးပါဘူးဗျ။ ဘဝဆိုတာ အသက်(၄၀)မှ စရိုးမှန်ရင် ကျွန်တော်တို့ အခုမှ ဘဝကို အစပျိုးကြမှာလေ"

ဦးမြတ်လှက သဘောကျပြီး တဟားဟားအော်ရယ်နေလေ၏။ သူ့ ထိုင်ခုံကို ကျောမှီချရင်း ဦးမြတ်လှကို စူးစိုက်ကြည့်လိုက်ပါသည်။ နဖူးပြောင်ပြောင်၊ ဗိုက်မှာ အဆီပိုတွေထွက်နေတဲ့လူကိုမှ အသက်က အစ်ကိုကြီးခေါ်ပြီး အားကိုးခဲ့ရတာတဲ့လား။ ဂျင်မီကတော့ ထားပါတော့။ Propose လုပ်ထားပေမယ့် အသက်ခေါင်းခါတာနှင့် နေရာမှာရပ်မြဲရပ်နေပြီး အသက်ကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ခဲ့တာလေ။ အခုတော့ . . . ဒီလူက သူ့ အသက်ကို ကောင်းကောင်းဒုက္ခပေးနေချိန်မှာ စွင်ကောင်းဆင်ပြီး အသက်ကို ထောင်ဖမ်းခဲ့တာပါလား။ တော်သေးတာပေါ့ အသက်က ကိုယ့်ကိုယ်ကို တန်ဖိုးထားပြီး မာနတံခွန်ထူနိုင်လို့သာ ဒီလူကြီးရင်ခွင်ထဲ မရောက်ခဲ့တာလေ။

"ခင်ဗျားပြောပုံအရဆိုရင် လေဒီက တော်တော်ချောပုံပါပဲလား။ လင်းစမ်းပါဦး . . . ကျွန်တော့်မှာလည်း စိတ်ဝင်စားနေတဲ့သူ အဆင်သင့်ရှိနေပါတယ်ဗျာ။ သမီးကအစ သဘောတူထား

www.burmeseclassic.com

www.burmeseclassic.com



တော့ OK ပဲ။ သူ မှုနေလို့သာ အချိန်တွေ ဒီလောက်ဆွဲနေတာ။ သိတယ် မဟုတ်လား။ အပျိုရှုံးအောင်လုလွန်းတော့လည်း သူ ကိုယ်သူ နမြောတွန့်တိုနေတာပေါ့ဗျာ ... ဟင်း ... ဟင်း ... ဟင်း ဟင်း"

အရင်တုန်းကစိတ်မျိုးနှင့်သာဆို ဒီလူ့မျက်နှာကို လက်သီးဖြင့် တေပြီးနေလောက်ပြီ။ လက်တွေ့အကောင်အထည် မဖော်နိုင်ဘဲနဲ့များ ကွယ်ရာမှာ မစားရ ဝခမန်းပြောနေလိုက်တာ။ အသက်အတွက် ဘယ်လောက်ထိ သိက္ခာကျလိုက်ပါသလဲ။ သူ့အင်္ကျီအိတ်ကပ်ထဲ ထည့်လာခဲ့သည့်ဓာတ်ပုံကို ဦးမြတ်လှရှေ့မှာ အသာချပေးလိုက်ပါ၏။

"ခင်ဗျားမြင်ဖူးမှာပါဗျာ။ တရင်းတနှီးသိပြီးသားသူပဲ။ အဲဒါ ကျွန်တော့်ရဲ့နှလုံးသား ... ကျွန်တော့်အချစ်ဦးပါပဲ"

"ဟင် ... ဒါ ... ဒါ ... ထားပုံပါလား"

"ဟုတ်တယ်။ နာမည်အပြည့်အစုံက သက်ထားရွှေစင်တဲ့။ ကျွန်တော်ကတော့ ဒီနေ့ဒီအချိန်ထိ သူ့ကို အသက်လို့ ချစ်စနိုးလေးခေါ်တယ်။ တကယ်လည်း ကျွန်တော့်အသက်နဲ့ထပ်တူ မြတ်နိုးမိတဲ့ အမျိုးသမီးကိုဗျ။ ခင်ဗျားလိုပဲ ကျွန်တော့်သားနဲ့သမီး



က သဘောတူလိုက်တာမှ ကမ်းကိုလွန်ရော။ အသက်ကလည်း ကျွန်တော့်သားနဲ့သမီးကို သူ့သားသမီးတွေလို သဘောထားပြီး ချစ်ရင်းစွဲရှိနေတာ ကြာပေါ့။ ရေစက်ဆိုတာ ဒါကိုခေါ်တယ် ထင်တာပါပဲ ကိုမြတ်လှရယ်"

ဦးမြတ်လှ တရှူးရှူးတရှဲရှဲဖြင့် ဣန္ဒြေပျက်နေလေတော့သည်။ သူက မသိချင်ယောင်ဆောင်၍ Handphone ခလုတ်တွေကို နှိပ်လိုက်ပါ၏။

"သမီး ဒါဒါလား။ အေး ... ဖေဖေပါ။ အိမ်မှာ Decoration လုပ်တာ သေချာကြည့်နော် သမီး။ အေး ... ဖေဖေတို့အတွက် မင်္ဂလာအခန်းကို အိပ်ရာဖုံးလိုက်ကာကအစ Sky Blue နော် သမီး။ မမေ့နဲ့ဦး ... တော်ကြာ သမီးက သမီးအကြိုက် canary yellow တပ်မိမှာစိုးလို့။ သမီး ကိုကိုရော။ ဘယ်သွားနေတာလဲ။ ဩော် ... ခုတင်သွားရွေးနေတာလား။ ဖေဖေ့အကြိုက် သေချာမှာလိုက်ရဲ့လား။ အေးအေး ... သိပ်တော်တဲ့ သားနဲ့သမီး။ ဝယ်ပေးမှာပေါ့။ သမီးမေမေသက်နဲ့ဆင်တူ ရတနာရော အဝတ်အစားကအစ ဆင်မှာ။ မပူနဲ့ စိတ်ချ။ သမီးအကြိုက်အရောင်သာ ရွေး။ ဖေဖေက စင်္ကာပူကမှာပြီးသား။ မကြာဘူး ရောက်လာတော့

www.burmeseclassic.com

www.burmeseclassic.com



မှာ။ အေး . . . ဒါပဲနော် သမီး"

သူ ဖုန်းကိုပိတ်လိုက်ပြီး ပြုံးလိုက်ပါ၏။ ဦးမြတ်လှ မျက်နှာက ပျက်ယွင်းညှိုးမည်းနေလေတော့သည်။

"အဲဒါတွေပဲ ကိုမြတ်လှရေ။ သားနဲ့သမီးက အစစအရာရာ သူတို့ခြေ သူတို့လက်နဲ့ လုပ်နေကြတော့တာပဲ။ ကျွန်တော်တို့ ပင်ပန်းမှာစိုးလို့တဲ့။ အင်းပေါ့ဗျာ . . . ဒီအရွယ်ထိ ရင်အုပ်မကွာစောင့်ရှောက်လာခဲ့တဲ့ ဖအေကို အလှည့်တော့ တစ်ခါပြန်ပေးတာပါ။ သူတို့လည်း အရွယ်ရောက်ပြီဆိုတော့ အချိန်တန် အိမ်ထောင်ပြုကြမှာလေ။ ကျွန်တော့်အတွက် ဆေးပေးမီးယူပဲပြောပြော၊ ဆောင်းတွင်းမီးဖိုလေးပဲဆိုဆို အသက်ဟာ မရှိမဖြစ်လိုကို လိုအပ်နေတာ သေချာပါတယ်။ တော်သေးတာပေါ့ဗျာ . . . ကလေးတွေနားလည်မှုရှိလို့သာပေါ့။ နို့မို့မလွယ်ပါဘူး။ ဖူးစာဆိုတာ ကြုံဖန်ပြီးပြန်ဆုံရတာပါပဲ၊ နစ်ယောက်စလုံး မိဘတွေသဘောကျ အိမ်ထောင်အသီးသီး ပြုခဲ့ကြပေမယ့် ချစ်လက်စက ကုန်ခဲ့တာမှမဟုတ်ဘဲ။ ငယ်တုန်းကတော့ ရူးရူးမိုက်မိုက်နဲ့ချစ်ခဲ့ကြတာ မှန်ပေမယ့် အရွယ်ရောက်လာလေ အချစ်တွေ ပိုတိုးလာ ပ မဟုတ်လား။ ငွေရတုတွေ ရွှေရတုတွေထိတိုင်အောင် ပျော်ပျော်ကြီး ချစ်



လိုက်ဦးမယ်ဗျာ"

ဦးမြတ်လှမျက်နှာကြီး မြင်မကောင်းအောင်ကို ရှုံ့တွသွားလေ၏။ လျှာအရသာရှိလိုက်တာနော်။ မှတ်ထားလိုက် ဦးမြတ်လှရေ၊ ရဲရင့်က မပိုင်ရင် ဘာတစ်ခုမှမလုပ်ဘူး။ ခင်ဗျားလောက်ကတော့ ပျင်းတောင်ပျင်းသေးတယ်။

"ဩော် . . .ကျုပ်သွားစရာရှိသေးလို့ ခွင့်ပြုပါဦး"

"သွားပါဗျာ . . . သွားပါ . . . ဩော် . . . ဒါနဲ့ . . . ဟိုဘက်က ကြယ်တံခွန်ကုမ္ပဏီက ကျွန်တော်တို့ကို အပြိုင်လိုက်နှဟ်နေတယ်ဗျ။ ဒါကြောင့် လုပ်ငန်းသေးဖွေအားလုံးဖြုတ်ပြီး ဒီမှာအကုန်စုပုံထည့်ပြီး Fight မယ်ဗျာ"

"ဟင် . . . ဘယ်လောက်တောင် ထပ်ထည့်မှာလဲ"

"အနည်းဆုံး (၂၀၀၀)ဖြစ်ဖြစ် (၃၀၀၀)ဖြစ်ဖြစ်ပေါ့ဗျ။ Export တင်မယ့်ကိစ္စတွေ ဒီလောက်မြတ်နေတာ ရင်းသင့်ရင်းရမှာပဲ။ ခင်ဗျားရော . . . ဘယ်လိုလဲ"

"ဟာ . . . ကျုပ် အဲဒီလောက်တော့ မတတ်နိုင်ဘူးဗျ။ ငွေတွေ ဖြန့်ထားတာ ပြန်စုရဦးမှာ"

"လုပ်လေဗျာ။ ကျွန်တော်က ခုဆို ခုဗျ။ အချိန်စောင့်

www.burmeseclassic.com

www.burmeseclassic.com



တာလောက် စိတ်မရှည်တာ မရှိတော့ဘူး။ Do or die ပဲ။ ဒါကြောင့် ဘယ်တော့မှ ရှယ်ယာခေါ်လေ့မရှိတာ။ ဆုံးဖြတ်ချက်ချရင် ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ခပ်မြန်မြန်ပဲ လုပ်လေ့ရှိတယ်"

"ဘာသဘောလဲ ဦးရဲရင့်။ ခင်ဗျားက ကျုပ်နဲ့လက်မတွဲချင်တော့တဲ့ သဘောလား"

"ဟာ . . . ဒီလိုတော့ မထင်ပါနဲ့။ ကျွန်တော်က စိတ်ထဲရှိတဲ့အတိုင်း ပြောချလေ့ရှိတာလေ"

"ရပါတယ် . . . ခင်ဗျားတစ်ဦးတည်းပိုင်ချင်လည်း ကျုပ်ထွက်ပေးပါ့မယ်။ ကျုပ်သိလိုက်ပြီ ဦးရဲရင့် ခင်ဗျားဟာ ငွေမှုဆိုးပဲ။ စီးပွားရေးလောကထဲမှာ လျင်သလို လုပ်စားနေတာ တော်တော်ကြာနေပြီ။ ကြည့်လည်းစားဦးပေါ့ဗျာ။ တော်ကြာ အရှုံးစူးနေပါဦးမယ်"

"ရှုံးခဲ့ရင်လည်း အဲဒီဆူးကို ကျွန်တော့်ချစ်ချစ်က ယုယုယယနဲ့ နှုတ်ပေးမှာပေါ့ဗျ"

"တောက်"

ဦးမြတ်လှ တက်တစ်ချက်ခေါက်လိုက်ပြီး ထိုင်ခုံမှ ထထွက်သွားတော့ သူက တဟက်ဟက်ရယ်ချကာ နောက်ကျောမှ



လှမ်းအော်လိုက်ပြန်ပါသည်။

"ကိုမြတ်လှရေ . . .ရှယ်ယာကို ဘယ်အချိန်မဆို လာထုတ်လိုက်လို့ဖြစ်တယ် သိလား။ As you wish နော် . . . ဟင်း ဟင်း . . .ဟင်း"

အသက်ရယ် . . . အသက်နဲ့ပတ်သက်လာရင် အသက်အနီးအနားမှာရှိနေတဲ့ ယောက်ျားမှန်သမျှကို မောင် ကြည့်မရတာ ဝန်တိုခြင်းတဲ့လား။ ဒါဆိုရင် အသက်အပေါ်မှာ မောင့်ရဲ့ချစ်ခြင်းတွေက တစ်စက်ကလေးမှ လျော့ပါးမသွားတာ သေချာတာပေါ့နော်။

မောင့်ကို မကြည့်ချင်မမြင်ချင်လောက်အောင် အသက်စိတ်နာနေပြီလားကွယ်။ မောင် အသက်ကို နေ့စဉ်နှင့်အမျှ မျှော်လင့်တကြီး လိုက်ရှာနေခဲ့တာ ကြာပါပြီ။ သေသောသူ ကြာရင်မေ့၊ ပျောက်သောသူ ရှာရင်တွေ့ဆိုပေမယ့် အသက်က မောင့်ကိုရင်မဆိုင်ချင်လို့ ရှောင်ပုန်းနေတာဆိုတော့ ခက်သားလား။ ဪ . . . မောင့်အသက်ရယ် . . .။

× × ×

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှ ပြန်ရောက်လာသည့်ကျော်စွာက လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး အိမ်ဝမှာထိုင်ချ၍ ဖိနပ်ကိုချွတ်နေ၏။ ဧည့်ခန်းမှာ သတင်းစာဖတ်နေသည့် သူ့က သားဖြစ်သူကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

"ဘယ့်နယ်လဲ သား"

"မတွေ့ခဲ့ပါဘူး ဖေဖေရာ။ သွားနေကျနေရာတွေ အကုန်လိုက်ရှာတာပါပဲ။ သူ့ အင်မတန်ရင်းနှီးတဲ့ ဦးဂျင်မီလည်း သူ့ကို လိုက်ရှာနေတာ သိခဲ့ရတယ်"

"ဟင် . . .အဲဒါ ဒုက္ခ။ မမက သူ့ ရင်တွေအရမ်းပူနေလို့ ရိပ်သာတွေ ဘာတွေများ ဝင်သွားပြီလား မသိ။ သီလရှင်သာ အပြီးဝတ်သွားရင်တော့ ပြီးရောပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . သမီးကလည်း ဖေဖေ စိတ်ပူအောင် မလုပ်ပါနဲ့ကွ"

"ဖြစ်နိုင်ချေတော့ ရှိတယ်။ မနက်ဖြန် ဘုန်းကြီးကျောင်းတွေနဲ့ သီလရှင်ကျောင်းတွေ ရိပ်သာတွေကို လိုက်စုံစမ်းပေးပါ့မယ် ဖေဖေ"

"ဘာဖြစ်နိုင်ချေလဲ သားရ"

"ဟား . . . ဟား . . . ဟား . . . ဖေဖေက "မ" သီလရှင်ဝတ်သွားမှာကို စိုးရိမ်နေတာ မဟုတ်လား။ မဖြစ်နိုင်ပါဘူးဗျာ။ အမွေလွှဲစာရာကိစ္စတွေ မပြီးပြတ်သေးဘဲနဲ့တော့ ဒီလိုမျိုးလုပ်လိမ့်မယ် မထင်ပါဘူး။ ကျွန်တော့်စိတ်ထင် မော်ဘီတို့ ရှမ်းပြည်နယ်တို့စတဲ့တစ်နေရာရာမှာ ကိုယ်ရောင်ဖျောက်နေတာပဲဖြစ်မှာ"

"ဒါဆို ကိုရင်မီကို မျက်ခြေမပြတ်စေနဲ့ပေါ့ သားရ။ ဒီလိုကူညီနေတာပဲဖြစ်မှာပဲ။ သားတို့ကို ယုံလွယ်အောင် ရာကြောင်းသက်သေပြတာ ဖြစ်ချင်ဖြစ်နိုင်တာပဲ မဟုတ်လား"

သားနှင့်သမီးက သူထိုင်နေသည့်ခုံမှာ ပူးပူးကပ်ကပ်ညှပ်ထိုင်လိုက်လေ၏။

"ဟာ . . . ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ"



"အခုပဲ ဖေ့ကိုကပ်ခွင့်ရှိတာလေ ဖေရဲ့။ တော်ကြာ မမရောက်လာရင် ဖေက မမအနားက ခွာတော့မှာမဟုတ်ဘူး"

"ကပ်သီးကပ်သပ်တွေးပြန်ပြီ။ အသက်က အင်း . . ."

"ပြောပါဖေဖေရ။ သားအဖတွေပဲ ရှက်မနေပါနဲ့"

"ဟင်းဟင်း . . . အသက်က သားနဲ့သမီးကို ချစ်ရင်းစွဲလည်းရှိ နားလည်မှုလည်းရှိပါတယ်ကွာ။ စိုးရိမ်စရာမရှိပါဘူး။ ကြံဖန်တွေးပူမနေနဲ့"

"အိမ်ကို မမ ရောက်ရင်ပျော်စရာကြီးနော်။ မိသားစုလေးယောက်သား လက်ချိတ်ပြီး လျှောက်လည်ပစ်လိုက်မယ်ဖေနော်။ ဖေတို့ Honey moon ထွက်ရင်လည်း ဒါဒါတို့ မောင်နှမလိုက်မှာပဲနော် ကိုကို"

"ကိုကိုတို့ဘက်ကပဲ သေချာနေတာလေဒါဒါရဲ့၊ တစ်ဖက်မှာ နေမင်းကျော်ခေါင်ရှိသေးတယ်။ သူ သဘောတူမှဖြစ်မှာ"

"အံမယ် . . . သူ သဘောမတူလည်း ဖေ့ကိုယ်စား ကိုကိုနဲ့ဒါဒါ မမကို သွားခိုးကြတာပေါ့။ ဟုတ်ဘူးလား"

ဒါဒါ့စကားကြောင့် သူတို့အော်ရယ်မိကြ၏။ ပြော် . . . အသက်ရယ် မောင့်ဘက်ကတော့ အသက်အပေါ်မှာ မေတ္တာမိုး

www.burmeseclassic.com

www.burmeseclassic.com



ရေပက်ဖျန်းဖို့ ရှာရန်ရာနှန်းပြည့်ပါကွယ်။ အသက်ကသာ ခေါင်းညိတ်လိုက်မယ်ဆိုရင် ဒီကမ္ဘာမှာ မောင့်လောက် ပျော်နိုင်တဲ့သူတစ်ယောက်မှ ရှိမယ် မထင်တော့ပါဘူး။

"သမီးတို့ အသက်ကို ဒီလိုပဲ တစ်သက်လုံးခေါ်ကြတော့မယ်ထင်ပါရဲ့"

"ဟာ . . . အဲဒါ ဘယ်လောက်ကောင်းသလဲ ဖေရ"

"မနိုင်ပါဘူးကွာ။ တော်ကြာ သူများတွေက အသက်ကို ဖေဖေ့ သမီးကြီးထင်နေမှ ခက်ကရောပဲ"

"မထင်ပါဘူး ဖေဖေရာ။ ကျွန်တော်တို့ ဖေဖေက ဒီလောက်နရော်အရွယ်တင်နေတာ။ နေနဲ့လ ရွှေနဲ့မြပါပဲ"

"အင်းနော်။ ဟို . . . ဦးမြတ်လှဆိုတဲ့ ဗိုက်ပူကြီးကများ မမကို ကြံရတယ်လို့ သူ့အရွယ်ကြီးမှ အားမနာ"

"အဖေကသာ ပုံဆိုးပန်းဆိုးပါ ဒါဒါရဲ့။ သူ့သမီး ဆရာဝန်မလေးကျတော့ အချောသား"

"ကြည့်စမ်း ကိုကိုနော်။ အဲဒီလူကြီးကိုတော့ ဖေနဲ့ ခမည်းခမက် မတော်နိုင်ပါဘူး။ အစောကြီးကတည်းက ပြောထားပါရဲ့"



သူက လွန်ခဲ့သည့် အနှစ်နှစ်ဆယ်လောက်တုန်းက မက်ခဲ့ဖူးသည့် အိပ်မက်ကို ပြန်သတိရမိရင်း ပြုံးလိုက်မိ၏။ အဲဒီတုန်းက အသက်နှင့်သူ မင်္ဂလာဆောင်နေစဉ် ကလေးတစ်ယောက်က သူတို့တွဲထားသည့်လက်ကို ဆွဲဖြုတ်ခဲ့တာလေ။ သိပ်မကြာခင်မှာ အသက်နှင့်သူ တကယ်ပဲလက်တွဲဖြုတ်ခဲ့ရတာ အမှန်ပါပဲ။ အသက်ရယ် . . . ဒီတစ်ခါတော့ အသက်ကိုတွဲမယ့် မောင့်လက်တွေက တစ်သက်တာ ရှိုးမြေကျနိုင်မြဲဖို့ပါကွယ်။

ရောင်စုံမီးလုံးများ ထိုး၍ သွားလာနေသည့် ကားတန်းတွေကို ငေးကြည့်နေမိ၏။ ပြင်ပလေက သူမဆီ တိုးဝှေ့၍ တိုက်ခတ်လာလေသည်။ အေးစိမ့်လာမှုကြောင့် ဝတ်ထားသည့်အနွေးထည်အကျႌကို ရင်ဘတ်ဆွဲစေ့လိုက်စဉ် အလတ်က ကော်ဖီပန်းနှင့်အတူ ရောက်လာလေ၏။

"အေးတယ်နော် ထား . . . ကော်ဖီပူပူလေးသောက်ကြစို့"

အာရုံက လူနှင့်မကပ်သဖြင့် အလတ်ပြောလိုက်တာကို မကြားလိုက်ပေ။ တိုက်ရှေ့အောက်ထပ်မှ မှန်ကာထားသည့် ကော်ဖီဆိုင်ကို ခပ်ငေးငေးကြည့်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထား"

"ဟင်"

"ရော့"

အလတ်ကမ်းပေးသည့် ကော်ဖီခွက်ကို လှမ်းယူ၍ တစ်ငုံမျှ မှုတ်သောက်လိုက်မှ ရင်ထဲမှာ နွေးခနဲဆင်းသွားလေ၏။

"သူတို့သားအဖတွေ နင့်ကို မြေလှန်ရှာနေကြတယ်။ ဒါဒါဆို သိပ်သနားဖို့ကောင်းတာပဲ။ ငါ့ဆီ ခဏခဏလာပြီး မေးတယ်။ မေးတိုင်းလည်း မျက်ရည်ကျရှာတယ်။ ကျော်စွာ ကိုဂျင်မီနောက် ရှဲဒိုးလိုက်နေလို့ ကိုဂျင်မီ ငါ့ကို ဖုန်းဆက်ပြောတယ်။ ဟောင်ကောင်ကားကျနေတာပဲတဲ့။ သူ့နောက်ကို ရဲလိုက်သလို လိုက်နေလို့တဲ့။ ရဲရင့်ကတော့ ငါကောထားလို့ နောက်ထပ်မလာရဲတော့ဘူး။ ဒါပေမဲ့ နင်နဲ့ပတ်သက်တဲ့ကုမ္ပဏီတွေကို စေ့အောင်သွားပြီး စုံစမ်းနေတယ်"

သူမ မသက်မသာပြုံးလိုက်မိပါ၏။ ပြီးလက်စ ဇာတ်သိမ်းက အဆုံးသတ်ပါစေတော့လား မောင်ရယ်။ ထား မောင်နဲ့ပတ်သက်ပြီး နောက်ထပ်မခံစားနိုင်တော့ဘူး။ ထားရင်ထဲမှာ မောင်ပေးလိုက်တဲ့ ဒဏ်ရာတွေက ပြည့်နှက်နေပါပြီကွယ်။



"ကန်ဘောင်မှာ ဘူးသီးကြော်စားပြီး သူပြောခဲ့တဲ့စကားကို ငါ ပြန်သတိရမိသေးတယ် ထားရဲ့။ သူနဲ့နင် မင်္ဂလာဆောင်တုန်းကလေးတစ်ယောက်က နင်တို့လက်တွေကို လာဆွဲဖြုတ်တယ်ဆိုတာလေ။ အဲဒါ နိမိတ်ပြခဲ့တာပါပဲ။ တကယ်လည်း နင်မင်္ဂလာဆောင်တော့ နင်တို့နှစ်ယောက်ကို ကလေးတစ်ယောက်အတင်းလိုက်ဖြုတ်ခဲ့တယ် မဟုတ်လား။ ဒါပေမဲ့ သတို့သားကတော့ သူ မဟုတ်ခဲ့ဘူးလေ"

"ဟုတ်တယ် . . . သူ့အိပ်မက် တကယ်မှန်ခဲ့တာပါ အလတ်ရယ်"

"နင် သူ့ကို သတိရနေလားဟင် ထား"

သူမ ခေါင်းကို ဖြည်းညင်းစွာခါယမ်းပြလိုက်မိ၏။ အင်အား ဆုတ်ယုတ်လာသည့်ခန္ဓာကိုယ်က လေတိုက်လိုက်သည်နှင့် ယိုင်လဲချင်ချင် . . .

"ထား သတိမရချင်ပါဘူး။ ဖြစ်နိုင်ရင် ထားလေ . . . အားလုံးကို တစ်သက်တာ မေ့ပစ်လိုက်ချင်တာပါ"

"ထားရယ်"

"ထား . . . နောက်နှစ်နှစ်ပြည့်အောင်တော့ ရှင်သန်နေရ

www.burmeseclassic.com

www.burmeseclassic.com



ဦးမှာပဲ။ ကိစ္စတွေက မပြီးပြတ်သေးဘူးလေ။ မြနဲ့သားကို ပေးသင့်တာ မှန်သမျှ ထား အကုန်လွှဲပေးခဲ့မယ်။ ပြီးတော့ ရွှေဆိုင်ကိုလည်း အလတ်ကို အပြီးလွှဲပေးခဲ့မှာပါ"

"ဟင် . . . ဒါဖြင့် ထားမှာ ဘာကျန်တော့မှာလဲ။ နောက်အိမ်ထောင်ပြုလို့ ဒါတွေမမက်တော့ရင် ထားပါတော့"

"ဟင့်အင်း . . . ထား . . . အိမ်ထောင်ရေးကို စိတ်ကုန်ခဲ့တာ ကြာပါပြီ။ ကိုကျော့်ကိုတောင်မှ ဖေဖေ့စကားကို ခေါင်းညိတ်ပြီး အားကိုးလိုစိတ်နဲ့ လက်ထပ်ခဲ့မိတာ။ ထားဘဝကြီးတစ်ခုလုံး အမှောင်ကျခဲ့တာ ဆယ့်ငါးနှစ်လုံးလုံးပါ အလတ်ရယ်"

"ဘာပဲဖြစ်ဖြစ် ငါကတော့ နင်နဲ့ရဲရင့်ကို ပြန်ဆုံဆည်းစေချင်ပါတယ်။ ချစ်ကြသူတိုင်းကို ကံကြမ္မာက အခွင့်သင့်ချိန်လေးတော့ ပေါင်းစည်းခွင့်ပေးမှာပါ ထားရယ်"

သူမ တီးတိုးရယ်လိုက်ပါ၏။ စိတ်ကူးနဲ့လက်တွေ့ဟာ ဘယ်တုန်းကများ တစ်ထပ်တည်းကျခဲ့လို့လဲ အလတ်ရယ်။ ထားက မောင်နဲ့အိပ်မက်ထဲမှာတောင် ဆုံဆည်းခွင့်ရခဲ့တာမှ မဟုတ်တာပဲ။

"ပြတ်လက်စနဲ့ ပြတ်ပါစေတော့ အလတ်ရယ်။ ဤဘဝ



ဤမျှသာပါပဲ"

"ရဲရင့် နင့်အပေါ်မှာ တော်တော့်ကိုချစ်ရှာတာပါ။ ငါ သိတယ်ထားရဲ့။ အနှစ်နှစ်ဆယ်လုံးလုံး နင့်သတင်းတွေကို အမြဲမပြတ်စုံစမ်းနိုင်ခဲ့တာ နည်းတဲ့သံယောဇဉ်လား။ သူ့နှုတ်က ဘယ်လိုပဲ မုန်းတယ်ပြောပြော၊ အငြိုးထားတယ်ပဲဆိုဆို နင့်ကို တစ်ရက်မှ မမေ့နိုင်ခဲ့တာ သိသာလွန်းပါတယ်။ အင်းပေ့ါလေ . . . သူက အချစ်ကြီးချစ်ခဲ့မိသူဆိုတော့လည်း နာရှာမှာပေါ့"

"ကြာတော့လည်း လွမ်းဖို့တောင်မှ မေ့သွားမှာပါ အလတ်ရယ်။ အသက်ဆိုတာ သူ့ဘဝမှာ အိပ်မက်ဆန်ဆန် အတိတ်လေးပဲ ဖြစ်ကျန်ရစ်ပါစေတော့။ ထားအပေါ် ချစ်စိတ်တွေနဲ့ သူ လွန်ခဲ့သမျှတွေကို ယူကျုံးမရဖြစ်ပြီး နောင်တတွေရနေမှာကို ထား မလိုချင်ပါဘူး"

"ငါ သိနေတယ်ထား။ နင့်ရင်ထဲမှာ သူ ရှိနေတုန်းပဲ"

သူမမျက်ဝန်းမှ မျက်ရည်တစ်ပေါက် စီးကျသွားလေ၏။ မောင်ရယ် . . . ထားရင်ထဲက ချစ်ခြင်းတွေကို မောင်မသိ၊ မောင်မမြင်နိုင်တဲ့နေရာမှာပဲ ထား သိမ်းဆည်းလိုက်ပါတော့မယ်နော်။

"ထားပြောခဲ့ဖူးပါတယ် အလတ်ရယ်။ ထားရင်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းတွေကို သူ့ဆီမှာ အပြီးတိုင်ပေးအပ်ခဲ့တာပါ။ သူ့အပြင် ထားဆီမှာ ဘယ်သူမှမရှိသလို၊ သူကလွဲပြီး ဘယ်သူ့ကိုမှ ထားထပ်ပြီးချစ်ခဲ့တာမှ မဟုတ်ဘဲ။ ထားဘဝရဲ့နောက်ဆုံးထွက်သက်အထိ မောင့်ကို တိတ်တိတ်လေး ချစ်သွားမှာပါ"

အလတ်ထံမှ သက်ပြင်းချလိုက်သံကို ခပ်တိုးတိုးလေး ကြားလိုက်ရ၏။ အကြည့်ကို မိုးထက်သို့မော့ကြည့်လိုက်စဉ် ဆန်းသစ်စလကလေးက မှုန်ပျပျသာနေလေသည်။ ရင်ထဲမှာတော့ တနုံ့နုံ့နှင့်ခံစားနေရဆဲ။

× × ×



ပြင်မရနိုင်တော့တဲ့
အမှားလေးတစ်ခုအတွက်နဲ့
နောင်တ တရား
ရမနေချင်ပါဘူး . . .
အကြည့်တစ်ချက်နဲ့
ငြိတွယ်ခဲ့တဲ့ ငါ
မနာနိုင်တဲ့အသည်း
ထက်ဝက်ကွဲလည်း ကွဲစေတော့
သူတစ်ယောက်တည်းကိုပဲ
ငါ့ဘဝတစ်သက်တာရဲ့
နောက်ဆုံးအချိန်ထိ
ရူးရူးမူးမူးချစ်နေမည် . . .

www.burmeseclassic.com

www.burmeseclassic.com



ရွှေဆိုင်ထဲဝင်လိုက်သည်နှင့် တင်မာလတ်မျက်နှာက ရှုံ့တွသွားသည်ကို မြင်လိုက်ရ၏။ သူက ကောင်တာရှေ့နံမြင့်မှာ အသာဝင်ထိုင်လိုက်လေသည်။

"ကဲ . . . ငါ့ကို ဘာပြဿနာရှာဦးမလို့လဲ။ သားအဖတွေ တစ်ယောက်တစ်လှည့်စီ ရောက်ရောက်လာတာ ငါ အလုပ် ပျက်တယ်ဟဲ့။ လူကို အကျယ်ချုပ် အချုပ်ခံထားရတဲ့ တရားခံများ မှတ်နေလား"

"မတတ်နိုင်ဘူးလေ လတ်ရဲ့၊ ငါတို့စုံစမ်းခဲ့တာ နှစ်လ ကျော်နေပြီ။ သူနဲ့ပတ်သက်တဲ့သတင်းဆိုလို့ အစအနလေး တောင်မှ ကြားခဲ့ရတာမှ မရှိဘဲ။ ဒီတော့ နင့်ဆီမှာ နောက်ဆုံး ပစ်မှတ်အဖြစ် ရပ်သွားရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ဆိုလိုတာက . . ."

"သူ ဘယ်မှာရှိသလဲဆိုတာကို နင် သိကိုသိရမယ် လတ်"

တင်မာလတ်က သူ့ကို ဂရုမစိုက်လေဟန်အပြည့်ဖြင့် ပခုံးတွန့်လိုက်ပြီး တစ်ချက်ရယ်လိုက်လေ၏။

"စကားလာမအစ်နဲ့ ရဲရင့်။ နင် ဘယ်လိုပဲစုံစမ်းစုံစမ်း ငါ့ဆီက ဘာတစ်ခုမှ ထွက်လာမှာမဟုတ်ဘူး။ စိတ်လျှော့လိုက်ပါတော့ဟာ။ သူက မတွေ့ချင် မဆုံချင်တော့လို့ တမင်ရှောင်ပြေးတဲ့သူပဲ"

"ငါ့မှာ နည်းလမ်းတွေအများကြီးရှိနေတယ်နော် လတ်။ ရဲရင့်ရဲ့ဘဝမှာ ဖြစ်ချင်တာမှန်သမျှ ဖြစ်အောင်လုပ်ခဲ့တာချည်းပဲ။ မဖြစ်နိုင်တာ ဘာမှမရှိဘူး။ ဒီစီမံကိန်းကို အဆင့်သုံးဆင့်ဆွဲပြီးမှ ငါ လာခဲ့တာ"

"ဘယ်လို . . . လူတစ်ယောက်ပျောက်နေတဲ့ကိစ္စကိုများ ရေးကြီးခွင်ကျယ်လုပ်လိုလုပ်၊ အချိန်ကုန် လူပင်ပန်းနဲ့ ရဲရင့်ရယ်။ နင် သိပ်တန်ဖိုးထားတဲ့အချိန်တွေကို နမြောရင် နင့်လုပ်ရပ်တွေကို ရပ်တန်းက ရပ်ပစ်လိုက်တာ ကောင်းပါတယ်။ ငါ ဒီလိုပဲ အကြံ



ပေးချင်တယ်"

သူက ခနဲ့သလို တစ်ချက်ရယ်မောလိုက်ပြီး တင်မာလတ်ကို စူးစိုက်ကြည့်လိုက်မိသည်။ လိမ်ခွင့်ရတုန်း လိမ်ထားဦးပေါ့ လတ်ရာ။ နောက်ဆုံးမှာ ငါ့ရဲ့အသက်ကို ငါ အပိုင်ပြန်ရမှာသေချာပြီးသားပါ။

"တစ် . . . နင့်ဆီက ချိုသာသောနည်းနဲ့ သတင်းရဖို့"

"နှစ် . . . ဒီလိုမှမရရင် နင့်နောက်မှာ အချိန်ပြည့် ရှဲဒိုးချထားဖို့"

"သုံး . . . သက်ဆိုင်ရာကို တိုင်ပြီး လူတစ်ယောက်ကို ဖမ်းဆီးဝှက်ထားမှုနဲ့ တရားစွဲဖို့ပဲ"

"ဘာ . . . နင် . . . နင် . . . ငါ့ကို ဘာများမှတ်နေလဲ"

"ငါပြောပြီးပြီလေ။ ငါ ဒီသုံးဆင့်အတိုင်း မရရအောင်ကို လုပ်မှာ။ မလုပ်ရဲဘူး မထင်နဲ့။ နင် စောင့်ကြည့်လိုက်ပေါ့။ ကဲ . . ငါ နင့်ကို တစ်ပတ်အချိန်ပေးမယ်။ ဒီလိုမှမရရင်တော့ နောက်နည်းလမ်းတွေ လာမှာအမှန်ပဲ . . . ငါ သွားပြီ"

"တောက်"

သူ လှည့်ထွက်ခဲ့တော့ တင်မာလတ်ထံမှ တက်ခေါ

www.burmeseclassic.com

www.burmeseclassic.com



သံကျယ်ကျယ်ကို ကြားလိုက်ရပါ၏။ အိမ်ကိုပြန်ရောက်တော့ သူ့အစီအစဉ်တွေကို သားနှင့်သမီးက သဘောကျရယ်မောလိုက်လေသည်။

"ဟာ . . အဲဒီလိုလုပ်လို့ရရဲ့လား ဖေဖေရဲ့၊ ဥပဒေနဲ့ ညီလို့လား"

"ဘယ်ညီပါ့မလဲ သားရဲ့၊ ဒီလိုပဲ ခြိမ်းခြောက်ရတာပေါ့။ ဒါမှ လက်လွှတ်ရှားပြီး သူနေတဲ့နေရာကို ရှာတွေ့မှာလေ။ တကယ်ဆို ဖေဖေကသာ လူတစ်ဖက်သားကို ခြိမ်းခြောက်မှုမြောက်နေတာ။ လက်ကတောင် တရားပြန်စွဲလို့ရတယ်"

"ဟင်းဟင်းဟင်း . . . ဖေကတော့ ဇာတ်လိုက်ကြီးပါပဲလား"

"ဒီလိုပဲပေါ့ သမီးရဲ့၊ လျှင်သူ စားစတမ်းပေါ့"

"ဒါကြောင့်လည်း စီးပွားရေးလောကမှာ ဖေဖေ့ကို ယှဉ်နိုင်တဲ့သူမရှိတာကိုး။ ဖေဖေ့တစ်ခေါင်းလုံး ညက်နီညက်နက်တွေချည်းပဲ"

"အဲဒါ သားတို့ ဖေဖေလေကွာ"

သားအဖတွေ အုန်းခနဲရယ်မောလိုက်မိကြ၏။ အသက်



ရေ . . . အသက်နဲ့ နီးရဖို့ မောင်က လူဆိုးတွေနဲ့ တိုင်ပင်တာမဟုတ်ပါဘူး။ မောင့်သားသမီးတွေနဲ့ တိုင်ပင်တာပါကွာ။

"ဖေ . . . ဦးမြတ်လှကြီးကို ရှယ်ယာထုတ်ပေးလိုက်ပြီလား"

"ပြီးပြီ . . . မြန်မြန်ပြတ်မှပဲ။ နို့မို့ ဒီလူ့မျက်နှာကို ဖြတ်ရိုက်ချင်စိတ်ပေါက်တယ်"

"ဒီလူကြီးကို လျှော့တော့မတွက်နဲ့နော် ဖေ။ ဟိုနေ့က ဒါဒါ့ကားနောက်မှာ သူ့လူလို့ထင်တာပဲ တစ်ယောက်ကပ်ပါလာတယ်"

"ဟုတ်တယ် ဖေဖေ။ ကျွန်တော့်ကားနောက်ကလည်း ပါလာတယ်"

"ဖေဖေတို့ အစီအစဉ်ပြောင်းကြတာပေါ့။ ဒီလိုလုပ် သားက အိမ်မှာပဲ ပြန်နေ၊ ဘယ်မှမသွားနဲ့။ သမီးက သင်တန်းကို ပုံမှန်တက်၊ ငြိမ်ငြိမ်သာနေတော့၊ ဘာမှ မလှုပ်ရှားနဲ့"

"ဟင် . . . ဖေတစ်ယောက်ပဲ လှုပ်ရှားရင် သူတို့က လူစုနဲ့နော်"

"ခြော် . . . ဖေဖေလည်း ကုမ္ပဏီကို သွားမြဲသွားနေမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ လတ်ကို တစ်ပတ်အချိန်ပေးထားတာ အလကားမှမဟုတ်ဘဲ။ ဖေဖေ ကြည့်လုပ်လိုက်ပါ့မယ်။ ဖုန်းကိုတော့ ဖွင့်ထားကြနော်။ တော်ကြာ အသက်လစ်ရင် ဗိတ်ဖမ်းလို့ရအောင်"

"အင်းပါ ဖေရဲ့ . . . ဟင်း ဟင်း . . . စုံထောက်ကားတွေလို သည်းထိတ်ရင်ဖိုပါပဲလား"

× × ×



တံခါးကို တစ်ချက်နှင့်တစ်ချက် ခြား၍ ခေါက်လိုက်သဖြင့် သူမ တံခါးဖွင့်ပေးလိုက်၏။ အလတ်က ရင်ဘတ်လေး ဖိပြီး အထဲကို အမြန်ဝင်လိုက်လေသည်။

"ဟယ် . . . ဘာဖြစ်လာတာလဲ အလတ်ရဲ့"

"ရင်တုန်လို့ဟ . . . ရင်တုန်လို့ . . . နင် ဝရန်တာ ထွက်ရပ်နေသေးလား"

"မထွက်ပါဘူး။ ညဥ့်နက်မှ အလတ်နဲ့အတူတူ ရပ်ကြတာလေ"

"ဒါဆိုရင် မရပ်နဲ့တော့။ မထွက်တာ အကောင်းဆုံးပဲ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ ငါ အခုခြိမ်းခြောက်ခံနေရပြီဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရဲကိုတိုင်လိုက်လေ"

"ဟဲ့ . . . ရဲကိုတိုင်ရင် နင့်လူတစ်ခါတည်း အောင်းသွားမှာပေါ့"

"ဘယ်က ငါ့လူလဲ အလတ်ရဲ့၊ အရင်းမရှိ အဖျားမရှိ"

"နင့်ရဲရဲရင့်ပေါ့။ အမလေး . . . ငါ့မှာ မနည်းခြေရာဖျောက်ခဲ့ရတယ်။ သင်းက ရှဲဒိုးလိုက်တာ ကိုယ်တိုင်မလိုက်ဘဲ တခြားလူတွေကားသုံးလေးစီးနဲ့ လွှတ်တာဟဲ့"

"ဟင် . . . ဟုတ်လို့လား"

"မဟုတ်ဘဲနဲ့ ငါ ပြောပါ့မလား"

အလတ်က ပြတင်းလိုက်ကာကို အသာဟ၍ အောက်ကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး လိုက်ကာကို ပြန်ဆွဲစေ့ပိတ်လိုက်ပါသည်။

"သင်းက အလာကြီးဟဲ့၊ ငါ့ကို တစ်ပတ်တိတိမှ နင် ရှိတဲ့နေရာကိုဖွင့်မပြောရင် ရှဲဒိုးချမယ်၊ အဲဒါမှမရရင် တရားစွဲမယ်တဲ့"

"အို . . . ဒီလိုလုပ်လို့ ရမလား။ ဥပဒေကရှိသေးတယ်။ ဘာမှမကြောက်နဲ့"

"ငါ မကြောက်ပါဘူး။ ခက်တာက ငါ့ကို တစ်ပတ်အချိန်



ပေးမယ်ပြောပြီး ဒီညနေပဲ ကားနှစ်စီးသုံးစီး ပါလာတာ။ ငါ့မှာ Taxi ကို သုံးစီးတောင်ပြောင်းစီးလာခဲ့ရတယ်"

"ဟင် . . . ဒါဖြင့် သူလွှတ်တာ ဘယ်ဖြစ်နိုင်တော့မှာလဲ။ သူက ပြောတဲ့အတိုင်း တစ်ပတ်ကြာမှ လှုပ်ရှားမှာပေါ့ အလတ်ရဲ့"

"ဟယ် . . အဲဒါမှဒုက္ခ။ ငါ . . . ငါ . . . ကြောက်လာပြီနော် ထားရဲ့၊ ဘယ်ကလူတွေ ငါ့နောက်ကို လိုက်နေကြတာလဲ။ ဒီမှာ နင်နဲ့ငါ နှစ်ယောက်တည်းနော်၊ တစ်ခုခုဆို ငါ ဘာမှမလုပ်ရဲဘူးဟဲ့"

"စိတ်ကို အေးအေးထားပါ အလတ်ရယ်။ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ။ သူတို့လုပ်ချင်တိုင်း လုပ်လို့ ဘယ်ရပါ့မလဲ။ တစ်ခုတော့ သတိထားရလိမ့်မယ်။ နင့်နောက်ကိုလိုက်တာ သူ့လူတွေမဟုတ်ရင်တော့ အန္တရာယ်ရှိနိုင်တယ်ဟဲ့။ နင် ပြန်လာရင် မိုးမချုပ်စေနဲ့။ ရွှေတွေ ဘာတွေလဲ မဝင်နဲ့တော့။ ဝယ်စရာရှိရင် ထား ဟိုဘက်ခန်းက အန်တီဆွေ့တူမလေးကိုပဲ မှာလိုက်မယ်။ သူတို့ကူညီကြမှာပါ"

စိတ်လှုပ်ရှားလွန်း၍ အလတ် ထမင်းတောင်မှ စားမဝင်တော့။ ညဘက်အိပ်ရာထဲလှဲနေစဉ် နားထဲမှာ တံခါးဖွင့်သံလိုလို

www.burmeseclassic.com

www.burmeseclassic.com



အသံဗလံတွေကြားနေရသဖြင့် နားစွင့်နေရသည်။

"ဒီမှာနေရတာ မလုံခြုံသလိုပဲဟယ်"

"တစ်နေရာရာပြောင်းချင်လို့လား။ ဒါဖြင့် ထားအိမ်မှာပဲ ပြန်နေကြရအောင်လေ"

"ဟယ် . . . ဘယ်ဖြစ်မှာလဲ။ ကိုဂျင်မီက နေ့တိုင်းလာနေတာ"

"ဒါဖြင့် . . . တခြားနေရာတစ်ခုခုရော"

"အင်း . . . အဲဒါကျပြန်တော့လည်း ငါ အလုပ်ဆင်းရတာ ခက်ခဲဦးမယ်"

"မကြောက်ပါနဲ့ အလတ်ရယ်။ အခန်းနားက လူတွေကို မှာထားမှာပေါ့။ တစ်ခုခုဆိုရင် ကူညီကြမှာပါ"

"ဟော"

တံခါးခေါက်သံကြားရသဖြင့် အလတ်က ဆတ်ခနဲ ထ ထိုင်လိုက်၏။ ဧည့်ခန်းကိုထွက်လာစဉ် အပြင်မှ အသံတို့ကို ကြား လိုက်ရသည်။

"အန်တီလတ်ရေ . . . ဖုန်းလာနေတယ်"

"အမလေးဟဲ့ . . . ည(၉)နာရီကြီး ဘယ်က ဖုန်းက လာ



ရပြန်လဲ မသိ"

တံခါးကို သော့မအတွင်းမှ လော့ခ်ချလိုက်ပြီး ထိုင်စောင့်နေ လိုက်၏။ အလတ် တစ်ဘက်ခန်းသို့ လိုက်ဝင်ခဲ့လေသည်။

"ဟဲလို . . . တင်မာလတ်ပါရှင်"

"လတ် . . . ငါပါ"

"ဟယ် . . . နင် ငါ့ကို ဒီအချိန်ထိ ဒုက္ခပေးတုန်းလား ရဲရင့်ရယ်။ အိပ်ကောင်းခြင်း မအိပ်ရ၊ နားကောင်းခြင်း မနားရပါလား"

"လတ် . . . ငါ အရေးကြီးလို့ဆက်တာပါ"

"ဘာလဲ"

"နင် အသက်နေတဲ့နေရာကို အမြန်ဆုံးပြောင်းသင့်ပြီ။ နင့်နောက်မှာ ရှဲဒိုးတွေလိုက်နေတာ ငါ့လူတွေမဟုတ်ဘူးနော်။ အသက်အတွက် အန္တရာယ်ရှိနေပြီ။ ဦးမြတ်လှက ငါ့ကို မကြည်တာနဲ့ အသက်ကို ငါ့ဆီက မရမကလုတော့မှာ"

"ဟင် . . .ဘာတွေလဲဟယ်။ စိတ်ရှုပ်လိုက်တာ။ ငါ့မှာ ဒီနေ့လည်း ဟိုရှောင်ဒီပုန်းနဲ့ ပြန်လာခဲ့ရတာ"

"အဲဒါကြောင့်ပြောတာပေါ့။ ငါ့အသက်ကို ငါ့ကိုပဲ ပြန်ပေးပါ လတ်ရာ။ နင် မတရားမလုပ်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . နှင့်အကြံ အကုန်ပဲလား ရဲရင့်။ ငါ ဘယ်သူ့ကိုမှ မကြောက်ဘူး။ ဒီလိုနည်းနဲ့တော့ ငါ့ဆီက ဘာသတင်းမှ မရဘူး မှတ် . . . ဒါပဲ"

ဖုန်းကို ငွက်ခနဲချလိုက်ပြီး အခန်းသို့ တင်မာလတ် ပြန်လာခဲ့လေ၏။ တစ်ညလုံး ပူပန်စိတ်တို့ဖြင့် သူမ ကောင်းကောင်း အိပ်မပျော်တော့ပေ။ အလတ်ကတော့ အလုပ်ပင်ပန်းခဲ့သူမို့ တအောင့်အကြာမှာ တရှူးရှူးဖြင့် အိပ်မောကျသွားလေ၏။ ဘာ ဆက်လုပ်ရမလဲ၊ အလတ်နောက်ကို လိုက်နေတာ ဦးမြတ်လှလူ တွေဆိုတာ သေချာရင် . . .

သူမ ခေါင်းကိုခါယမ်းလိုက်ပြီး လှဲနေရာမှ ထလိုက်ပါ၏။ ဝရန်တာကိုထွက်ရပ်လိုက်တော့ ည(၁)နာရီထိုးနေလေပြီ။ လမ်း ပေါ်မှာ ကားအသွားအလာမရှိတော့ဘဲ ပကတိ တိတ်ဆိတ်ငြိမ် သက်နေ၏။ လေတဟူးဟူး တိုက်နေသဖြင့် သူမ၏ညအိပ်ဝတ်စုံ နှင့်အတူ ဆံနွယ်ရှည်တို့က လွင့်မျောနေလေသည်။ ညအလှကို တောင်မှ ကြည်နူးခွင့်မရနိုင်တော့ဘူးလား။

× × ×



Revenge is as sweet as love.

အချစ်ကြီးက အမျက်ကြီး၏ . . .

www.burmeseclassic.com

www.burmeseclassic.com



သားကို ဦးမြတ်လှရှုထားသည့်ရှုဒိုးတွေရှေ့ အရောင်ပြ ထားနိုင်းကာ သမီးကို သင်တန်းအံ့တက်ပြုပြီး လတ်ရှိရာ ရွှေဆိုင် ထဲမှာ ဝင်ထိုင်နိုင်းထား၏။ အားလုံးကို ခြေရာဖျောက်ပြီးမှ ကုမ္ပဏီ ပေါ်မှ သူ ဆင်းလာခဲ့သည်။ နောက်ဘက်မှ မသက်ဘဖွယ်ရာ မည် သည့်ကားမှ မပါတော့မှ လမ်းကြောကို ပြောင်းယူလိုက်၏။

လမ်းကြားထဲကို ကားကို ရှိုးကွေ့ဝင်ကာ ကော်ဖီဆိုင်ရှေ့ ၌ ရပ်လိုက်သည်။ ကော်ဖီနှင့်မုန့်မှာအပြီးမှာ ဖျတ်ခနဲ သတိရမိ သွား၏။ ဟာ . . . ဒါ . . . အသက် ဟိုတစ်ခါလာခဲ့တဲ့လမ်းပဲ။ ဒီရှေ့ တိုက်အပေါ်က ဆင်းလာတာလေ။ ဘယ်အထပ်၊ ဘယ်အခန်းလဲ။ သူ ဆတ်ခနဲထရပ်၍ အပြင်ကို ပြန်ထွက်လာခဲ့သည်။ အပေါ်ကို မော့ကြည့်လိုက်တော့ ပွင့်နေသည့်ပြတင်းပေါက်မှာ

www.burmeseclassic.com

www.burmeseclassic.com



တလှူလှူလွင့် ပျံနေသည့်လိုက်ကာ အပြာနုရောင်လေး။ ဒါ . . . သူနှင့်အသက် သိပ်နှစ်ခြိုက်သည့်အရောင်။

သူ တစ်ဖက်သို့ကူးလိုက်၏။ လှေကားမှ တက်ရန်ရည်ရွယ်စဉ် ခပ်လှမ်းလှမ်းမှာ ရပ်ထားသည့် ကားတစ်စီးကို မြင်လိုက်ရသည်။ ကားနံပါတ်ကိုကြည့်လိုက်စဉ် သူ့နှလုံးသွေးတွေ ခဏအတွင်း ဆူပွက်လာလေသည်။ ဒါ . . . ဒါ . . . ဦးမြတ်လှရဲ့ကားပါလား။ လေ၏လျင်မြန်နှုန်းဖြင့် အပေါ်ဆုံးထပ်ကို မရပ်မနားပြေးတက်လာခဲ့၏။ အသက်ရေ . . .မောင် အချိန်မီပါရစေလား။

× × ×



တစ်ချက်ချင်းခြား၍ တံခါးခေါက်သံကြောင့် သူမ ဇဝေဇဝါဖြစ်သွား၏။ နေ့လယ်ဘက်ကြီး အလတ်ပြန်လာရသလား။ အကြောင်းထူးရှိလို့ထင်ပါရဲ့။ ရေချိုးပြီးကာစမို့ ဆံပင်တွေ ဖြီးနေလျက်မှ တံခါးကို အသာဖွင့်လိုက်ပါ၏။

"ဟင် . . . ရှင် . . . ရှင် . . ."

"ထား . . . ကိုယ့်နောက်ကို လိုက်ခဲ့ပါတော့"

"အို . . . ဘာကိစ္စလိုက်ရမှာလဲ။ မလိုက်ဘူး . . . ရှင်နော်။ သွား . . . အခုချက်ချင်းထွက် . . . ကျွန်မ အော်လိုက်မှာနော်"

"ရတယ်လေ။ နေ့လယ်ဆို ဒီအနီးတစ်ဝိုက်အခန်းတွေမှာ ဘယ်သူမှရှိကြတာမှ မဟုတ်ဘဲ။ မင်း ကိုယ့်လက်က မလွတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဖျတ်ခနဲဆွဲလိုက်သည့် ဦးမြတ်လှလက်ထဲမှ အတင်းရုန်းကန်လျက် သူမ ညှော်ခန်းရှိ နှစ်ယောက်ထိုင်ဆိုဖာပေါ် ပစ်လဲကျသွား၏။

"ရှင်နော်...မယုတ်မာနဲ့။ လူကြီးလူကောင်းဖြစ်ပြီး ဒီလို မမိုက်ရိုင်းနဲ့"

"အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးတဲ့ ထားရဲ့၊ မင်း ကိုယ့်ရင်ခွင်ထဲမှာပဲ တစ်သက်လုံး နားခိုဖို့ပြင်ဆင်စမ်းပါ"

"ဟင့်အင်းနော်...ရှင်...လွှတ်နော်...လွှတ်"

"ဝုန်း"

တံခါးက ဝုန်းခနဲပွင့်သွားပြီး အခန်းဝမှာ ပေါ်လာသည့် သူ့ကို သူမ အားကိုးတကြီး မော့ကြည့်လိုက်မိ၏။ ဘုရားရေ... မောင်...မောင်ပါလား...

"အသက်...ဟာ...ခင်ဗျား...ခင်ဗျား...ယုတ်မာ လှချည်လား"

"ရဲရင့်...ဒါ...ငါနဲ့ထားနှစ်ဦးသဘောတူ"

"အို...ဘာတူလို့လဲ၊ ရှင်ကြီး ယုတ်မာဖို့ကြံစည်နေပြီး တော့"



"လူယုတ်မာ"

"ခွပ်"

သူ ဦးမြတ်လှမျက်နှာကို သုံးလေးချက်ဆင့်ထိုးလိုက် စဉ် နှာခေါင်းမှသွေးတွေ ထွက်လာကာ ဦးမြတ်လှ မူးလဲသွားလေ၏။ Handphone ခလုတ်တွေကို သူ အမြန်နှိပ်လိုက်ပါသည်၊

"ဟဲလို...199 ကပါလားခင်ဗျာ၊ ဟုတ်ကဲ့...ကျွန်တော် မာန်ကုမ္ပဏီက ဦးရဲရင့်ပါ။ ဟုတ်ကဲ့...(၃၂)လမ်း တိုက် (...) အခန်း (...)မှာ နေ့ခင်းကြီး လူတစ်ယောက်မူးပြီး လာရမ်းနေလို့။ အဲဒါ...ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်ခင်ဗျာ"

သူ ဖုန်းကိုပိတ်လိုက်စဉ် သူမမျက်ဝန်းမှ မျက်ရည်တို့ တွေတွေစီးကျလာလေ၏။ တာဝန်ရှိသူတွေ ရောက်လာပြီး ဦးမြတ်လှကို ခေါ်သွားတော့ သူမ ဝရန်တာကို အမြန်ပြေးထွက် လိုက်လေသည်။

"အသက်"

"ရှင်...မြန်တော့"

"အသက်...မောင်...အသက်ကို ရှင်းပြစရာတွေ ရှိ တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မကြားချင်ဘူး . . . ဘာမှမကြားချင်ဘူး။ ရှင် ခုချက်ချင်း ထွက်သွားပါတော့"

"အသက် . . . မောင်"

"ကျွန်မ တောင်းပန်ပါတယ်၊ အနူးအညွတ်တောင်းပန်ပါတယ်၊ ကျွန်မ ဘယ်သူနဲ့မှ မပတ်သက်ချင်တော့ဘူး၊ အထူးသဖြင့် ရှင့်ကို ပိုပြီးမပတ်သက်ချင်တာ"

"အသက်ရယ် . . .မောင့်အမှားတွေကို အသက်ကို တောင်းပန်ပါရစေ၊ အသက်အပေါ်မှာ အချစ်ကြီးချစ်ခဲ့လို့ မောင် အငြိုးအတေးကြီးခဲ့မိတာကို ဝန်ခံပါတယ်၊ ဒါပေမဲ့ အသက်ကို မောင် ဒီလိုတွေလုပ်နေပေမယ့် တစ်ရက်မှ စိတ်မချမ်းသာခဲ့ပါဘူး၊ နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲခဲ့ရတာပါ။ မောင် ဘယ်လိုတောင်းပန်မှ အသက် ကျေနပ်ပေးမှာလဲ၊ အသက်ကြိုက်သလိုသာ ပြောပါတော့"

"ကျွန်မ ရှင့်ကိုကြောက်ပါတယ် ကိုရဲရင့်ရယ်၊ ရှင်ပြောခဲ့တဲ့စကားတွေကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး။ ရှင့်အသားကို နာကျင်အောင်လုပ်ခဲ့မိတဲ့အတွက် ရှင် ကောင်းကောင်းကြီး လက်စားချေခဲ့တာ ထိရောက်မှုရှိခဲ့ပါတယ်။ ကျွန်မနှလုံးသားကို ရှင်



ရိုက်ခဲ့တာ အနာကျင်ဆုံးပါပဲ။ ကျွန်မမှာ ဝဋ်ကြွေးတွေရှိနေခဲ့ရင် ဒီဘဝမှာ ဒီမျှနဲ့ပဲ ကျေနပ်ပါစေတော့ရှင်"

"အသက် . . . မောင် . . . အသက်ကို"

"ရှင် . . . ရှင် . . . ရှေ့တိုးမလာနဲ့နော်"

"အသက်"

"ရှင် ရှေ့ဆက်တိုးလာရင် ကျွန်မ ဒီပေါ်က ခုန်ချလိုက်မှာ"

သူမ ဝရန်တာလက်ရန်းကို လက်နှစ်ဖက်ဖြင့် နောက်ပြန် ဆုပ်ကိုင်ထားလိုက်ပါ၏။ ဝတ်ထားသည့်အဖြူရောင်ဘလောက်စ်နှင့်အတူ ဆံနွယ်တွေက လေအဝှေ့မှာ လွင့်ဝဲသွားလေသည်၊ သူ . . . အံ့ဩမင်သက်စွာ ကြည့်နေမိ၏။ ဘုရားရေ အသက်တော့ ဘာတွေဘယ်လိုဆုံးဖြတ်လိုက်ပြီလဲ၊

"ရှင့်မျက်နှာကို ကျွန်မ မမြင်ချင်တော့ဘူး။ ရှင့်အသံကိုလည်း မကြားချင်တော့ဘူး။ ရှင်ဟာ အငြိုးအတေးကြီးတဲ့လူ၊ ရှင့်မှာ စာနာတတ်တဲ့နှလုံးသားရှိတာမှ မဟုတ်ဘဲ။ ရှင့်တစ်ကိုယ်လုံး အတ္တတွေနဲ့ဖုံးနေတာ။ ဒီလိုလူမျိုးကို ပတ်သက်ရမှာ ကျွန်မ အကြောက်ဆုံးပဲ . . . ရှင် သွားပါတော့ . . . သွားပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဟင်"

သူ့နောက်မှာ ရပ်လိုက်သည့် ကလေးနှစ်ဦးကို မြင်လိုက်ရစဉ် သူမခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားလေသည်။ ဟင့်အင်း... ထား... သူနဲ့အဝေးဆုံးမှာပဲနေပါရစေ။ ထား နှလုံးသားက ခံနိုင်ရည်မရှိတော့လို့ပါ။

"မေမေ... မလုပ်ပါနဲ့ မေမေရယ်။ ဒါဒါတို့ကို ချစ်တယ်ဆို။ မေမေ ဘာလုပ်လုပ် ဒါဒါတို့နဲ့တိုင်ပင်ပြီးမှ လုပ်မယ်ဆို၊ ဒါဒါတို့ကို မသနားတော့ဘူးလား။ မလုပ်ပါနဲ့ မေမေရယ်။ ဒါဒါ တောင်းပန်ပါတယ်"

"အသက်"

သူမ ကြည့်နေရာမှ သူတို့သားအဖပုံရိပ်တွေက များလာထပ်လာလေသည်၊ ဘုရား... ဘုရား... ဒီပွဲမှာ ထားနိုင်ပါရစေ။ ထား နိုင်ပါရစေလား။ လူက ယိုင်ခနဲလဲစဉ် သူမကိုယ်လုံးလေးကို ဧွေ့ခနဲ ပြေးပွေ့လိုက်သည့် သူ့ရင်ခွင်ကျယ်ကြီးထဲ ရောက်သွားသည်ကိုသာ နောက်ဆုံးသိလိုက်လေ၏။

"အသက်... အသက်ရေ"

BURMESE CLASSIC .com



"မေမေ... မေမေ"

"ခေါ်လာခဲ့ ရဲရင့်၊ ငါ ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်မယ်"

အိပ်ရာပေါ် အသာချရင်း သူတို့ချက်ချင်း အလုပ်ရှုပ်သွားတော့သည်၊ အောက်ထပ်ဆေးခန်းမှ ဆရာဝန်မတစ်ဦး ရောက်လာပြီး သူမကို အကြောဆေးသွင်းပေးလေ၏။

"စိတ်လှုပ်ရှားလွန်းအားကြီးပြီး Shock ဖြစ်သွားတာပါ။ နှလုံးခုန်တာ သိပ်မကြိုက်ဘူး။ Medical Check-up လုပ်ဖြစ်အောင် လုပ်ပါနော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ဆရာဝန်ပြန်သွားပြီးနောက် သူမ ဆေးရှိန်ဖြင့် အိပ်မောကျနေလေသည်။ အေးစက်စက် လက်ဖျားလေးကို ကိုင်ထားလျက် ခုတင်ထက်မှာပင် သူ ထိုင်နေမိ၏။ အသက်ရယ် မောင့်ကို မုန်းတော့ မမုန်းလိုက်ပါနဲ့။ အသက်မုန်းသွားတာနဲ့ မောင့်နှလုံးသားတွေ တစ်စစီကြေမွပြီး သေပွဲဝင်ရပါလိမ့်မယ်ကွယ်။

မျက်တောင်ကော့လေးများ လှုပ်ကာ ဖျတ်ခနဲပွင့်လာ၏။ ဝင်းပသွားသည့် သူ့မျက်နှာကို မြင်လိုက်ရသဖြင့် ဆုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် လက်ကို သူမ ရှန်းလိုက်မိသည်။

"အသက်"

သူက လွှတ်မပေးဘဲ ထပ်တိုး၍ဆုပ်ကိုင်လိုက်သဖြင့် နံဘေးမှာထိုင်နေသည့် အလတ်နှင့်ကလေးနှစ်ယောက်က တီးတိုးရယ်မောလိုက်လေ၏။ သူမမျက်နှာ ဖျန်းခနဲရဲတက်သွားပြီး သူ့ကို မျက်စောင်းခဲလိုက်မိသည်။ သူက လှစ်ခနဲပြုံးလျက် သူမ၏ နောက်လက်တစ်ဖက်ကိုပါ ယူ၍ ပူးကာဆုပ်ကိုင်လိုက်လေ၏။

"အို . . . ဘယ်လိုဖြစ်နေတာလဲ"

"အသက်က ရှန်းနေတာကိုး"

"လွှတ်နော် . . . ကလေးတွေရှေ့မှာ ရှင် မရှက်ဘူးလား"

"မရှက်ပါဘူး။ အသက် မကြားဖူးဘူးလား။ ကြိုက်မရှက်၊ ငိုက်မရှက်တဲ့"

"ရှင်နော် . . . အသက်တွေကြီးနေပြီ။ ဆင်ခြင်မှပေါ့။ ထားက သီလရှင်အပြီးဝတ်ဖို့ ဆုံးဖြတ်ပြီးသားရှင့်"

"ဟင် . . . မဝတ်ရပါဘူးနော်။ မေမေကလည်း ဖေဖေရော၊ သားသမီးသုံးယောက်လုံး ရှိနေတာကို ပစ်ပြီး သီလရှင်ဝတ်စရာလားလို့"



"ဟာ . . . အဲဒါ အန်တီ့ကိစ္စလေ။ သမီးတို့နဲ့မဆိုင်ဘူး"

"ဆိုင်တာပေါ့။ အသက်က မောင်နဲ့အသက်ဆိုင်ဆုံး သူလေ"

"ကြည့်စမ်း . . . အရှက်မရှိ ပြောပြန်ပြီ"

"ကဲ . . အန်တီလတ်တို့ ရှောင်ပေးဖို့အချိန်တန်ပြီ၊ သားနဲ့သမီးရေ . . . မင်းသားနဲ့မင်းသမီး ဇာတ်ပေါင်းခန်းမှာ လူကြမ်းတွေတော့ အဖြစ်မခံနိုင်ဘူး . . . လာ"

"ဟုတ်ကဲ့"

"အာ . . . အလတ်နော် . . . ဟဲ့"

သူမလှဲနေရာမှ ဆတ်ခနဲ ထထိုင်လိုက်စဉ် သူက သူမ ခန္ဓာကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်ထားလိုက်လေ၏။ အို . . . အရမ်းကြီးပဲ။ ဘယ်လိုလူမှန်းမသိ။

"လွှတ်နော်"

"အသက် . . . မောင့်ကို ချစ်နေသေးတယ်မဟုတ်လား"

"ဘာတွေလျှောက်ပြောနေတာလဲ။ ကိုယ့်အသက်လည်း ကိုယ် ပြန်ကြည့်ဦး"

"ဘာဖြစ်လဲ။ အချစ်က အသက်အရွယ်နဲ့မဆိုင်ဘူး။ လူ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုတာ အသက်(၄၀)မှစတာတဲ့။ မောင်တို့ဘဝတွေကို အခုချိန်ကစပြီး စလိုက်ကြရအောင်လေနော်"

"ဟင့်အင်းနော် . . . ထားမကြိုက်ဘူး . . . လွှတ်ပါ"

"မောင်လိုချင်တာပြောရင် လွှတ်ပေးမယ်"

"ရှင် တော်တော်ဆိုးတာပဲ။ ဘယ်လိုမှန်းကို မသိ။ ဖယ်ပေးတော့လေ။ တော်ကြာ ကလေးတွေတစ်မျိုးထင်နေဦးမယ်"

"မောင်ပြောထားတယ်လေ"

"ကဲ . . . မောင့်သဘောရှင် . . . မောင့်သဘော"

သူ အားပါးတရရယ်မောလျက် သူမနဖူးလေးကို ဖျတ်ခနဲ ငုံ့မွှေးလိုက်စဉ် အခန်းဝမှ အာမေဍိတ်သံတွေ ပြိုင်တူ ထွက်လာလေတော့၏။

BURMESE CLASSIC .com



လေးစားလျက်

မမသဒ္ဒါမောင်

24th Dec. 2007
PM 10:25

www.burmeseclassic.com